
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၄၁/၉၉ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၄၄/၉၉ (၈)

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၁၀၀၀)

ထုတ်ဝေခြင်း
၂၀၀၁–ပြည့်နှစ်၊ မေလ

တန်ဖိုး
[illegible]

ဦးတင်အုန်း (၀၉၄၃)၊ မိုးမင်းစာပေ
အမှတ်–၉၃၊ ရိပ်သာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဦးကျော်မိုးစိန်(အောင်သာအော့ဖ်စက်) (၀၃၁၃၇)
အမှတ်–၁၇၂၊ ၃၁–လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

## မာတိကာ

၁။ ဉာဏ်ကောင်းတဲ့ ဝက်အူချောင်း ၂၃
၂။ ညံ့တဲ့စီးကရက် ၂၄
၃။ ချိတက်တဲ့ယင်ကောင် ၂၅
၄။ ချူကော့ကား... ရေငုပ်သဘော် ၂၅
၅။ တီထွင်မှု ၂၇
၆။ သူ့အဓိပ္ပာယ်နှင့်သူ ၂၇
၇။ ပင်ပန်းတယ် ၂၈
၈။ လှေလာသူမဟုတ်ပါ ၂၈
၉။ နွားယူစပီ အင်းဂလစ်ရှ် ၂၉
၁၀။ ညစ်ပတ်တဲ့ကိုး ၃၀
၁၁။ ဘယ်သူလဲ ၃၀
၁၂။ ညှော်သည်လာပြီ ၃၀
၁၃။ ချိန်းတွေ့တဲ့ ကိုချျချာ ၃၁
၁၄။ ဉာဏ်ကောင်းသူ ၃၂
၁၅။ အချိုမကြိုက်ဘူး ၃၂
၁၆။ မေ့တတ်တဲ့ ကိုချျချာ ၃၂
၁၇။ ဆိုဖာပေါ်က ကိုချျချာ ၃၃



www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၁၈။ | လည်ပင်းရှည်လှချည်လား | ၃၄ |
| ၁၉။ | ကိုချူချာ လူယုတ်မာ | ၃၄ |
| ၂၀။ | ဆေးတံသောက်တဲ့ ကိုချူချာ | ၃၅ |
| ၂၁။ | လျှာထုတ်ပြတဲ့ ကိုချူချာ | ၃၆ |
| ၂၂။ | မဖြစ်နိုင်တဲ့ ပုံပြင် | ၃၆ |
| ၂၃။ | ကံကောင်းလို့ | ၃၇ |
| ၂၄။ | နားမလည်နိုင်ဘူး | ၃၈ |
| ၂၅။ | တစ်ခုံတည်းရယ် | ၃၉ |
| ၂၆။ | မေ့မှာစိုးလို့ | ၃၉ |
| ၂၇။ | လဲမယ့်သူ မရှိလို့ပါ | ၄၀ |
| ၂၈။ | လန်ဒန်ရောက် ကိုချူချာ | ၄၁ |
| ၂၉။ | ဆေးလိပ်သောက်တဲ့ ဖာရောက်ဘုရင် | ၄၂ |
| ၃၀။ | မဆန်းပါဘူး | ၄၂ |
| ၃၁။ | ဘယ်သူလဲ | ၄၃ |
| ၃၂။ | ဆင်ဆိုတာ | ၄၃ |
| ၃၃။ | မှားဆက်ခြင်း | ၄၄ |
| ၃၄။ | ပစ္စည်းကောင်း | ၄၄ |
| ၃၅။ | လူသားမစားဘူး | ၄၄ |
| ၃၆။ | ဒုက္ခပေးတဲ့ ကိုချူချာ | ၄၅ |
| ၃၇။ | အမှောင်နဲ့အလင်း | ၄၆ |
| ၃၈။ | ဈေးကြီးတဲ့သေတ္တာ | ၄၆ |




မာတိကာ


| | | |
|---|---|---|
| ၃၉။ | နမြောလို့ပါ | ၄၇ |
| ၄၀။ | ဖြစ်စေချင်သည့်ဆန္ဒ | ၄၇ |
| ၄၁။ | ချက်မှာပဲ | ၄၇ |
| ၄၂။ | စော်ရတာ ကြာပြီ | ၄၈ |
| ၄၃။ | အန္တရာယ်ကို မလွယ်တားချင်ဘူး | ၅၀ |
| ၄၄။ | မီးလောင်တာ မဟုတ်သော်လည်း | ၅၀ |
| ၄၅။ | ပထမတော့ သုံးယောက်ထဲပါ | ၅၁ |
| ၄၆။ | ခြိမ်းခြောက်စာ | ၅၂ |
| ၄၇။ | ပြန်မခေါ်ပါနဲ့ | ၅၂ |
| ၄၈။ | ရဲဘော်စိတ် | ၅၃ |
| ၄၉။ | အလီဘိုင် | ၅၃ |
| ၅၀။ | ကားမှောက်ရပုံ | ၅၄ |
| ၅၁။ | လူမှားသွားတယ် | ၅၄ |
| ၅၂။ | ပစ်တယ်၊ မထိဘူး | ၅၅ |
| ၅၃။ | ရုပ်ဆိုးမ | ၅၅ |
| ၅၄။ | ဆေးသေတ္တာ | ၅၆ |
| ၅၅။ | နှစ်ခါမကြည့်ချင်ဘူး | ၅၆ |
| ၅၆။ | မိန်းမကြောက် | ၅၇ |
| ၅၇။ | အလေးမလိုက်နဲ့ | ၅၇ |
| ၅၈။ | ဖတ်ပါစေ | ၅၈ |
| ၅၉။ | ခြိမ်းခြောက်မှု | ၅၈ |

www.burmeseclassic.com

မာတိကာ


၆၀။ ကားသူခိုး ၅၈
၆၁။ ဘယ်သူ့ကို လိုချင်တာလဲ ၅၉
၆၂။ ဘုရားမလို့ ၆၀
၆၃။ ရှောင်ပုံ့မယ် ၆၀
၆၄။ မမှူးရင် ဘယ်လုပ်မလဲ ၆၁
၆၅။ မွေးရာပါ ၆၁
၆၆။ ကြိုးစားပါသေးတယ် ၆၂
၆၇။ သူ့ကိုပဲ ပြောပြပါ ၆၂
၆၈။ တစ်ယောက်တည်း စားတာကိုး ၆၃
၆၉။ ရှေ့နေကောင်း ၆၃
၇၀။ သံသယ ၆၄
၇၁။ တွက်ကိန်း ၆၄
၇၂။ ကြောက်စရာကောင်းတဲ့ ဒေါ်လေး ၆၅
၇၃။ များများရချင်တယ် ၆၆
၇၄။ ပထမဦးဆုံးနဲ့ နောက်ဆုံး ၆၇
၇၅။ ဆံပင်ညှပ် ၆၇
၇၆။ နွားရှက် ၆၈
၇၇။ ဆင်နိုင်မင်းသား ၆၉
၇၈။ ဈေးနှုန်း ၇၀
၇၉။ ဖေဖေ့မိဘ ၇၀
၈၀။ ကစားတာ မဟုတ်ပါ ၇၁




မာတိကာ


၈၁။ မအားလို့ပါ ၇၁
၈၂။ အတွင်းစကား ၇၂
၈၃။ ဘီးမရှိပါ ၇၂
၈၄။ ဆံပင် ၇၃
၈၅။ အမှားမရှိပါ ၇၃
၈၆။ မယူပါနဲ့ ပေးပါ ၇၄
၈၇။ တွေ့ရမှာကြောက်လို့ ၇၄
၈၈။ သိက္ခာဆယ်တဲ့သား ၇၅
၈၉။ လက်တည့်သူ ၇၅
၉၀။ မေးစမ်းပါ ၇၆
၉၁။ မျက်လုံး ၇၆
၉၂။ ကယ်တင်ရှင် ၇၇
၉၃။ အကြောက်တရား ၇၇
၉၄။ အားကြီးချစ်တယ် ၇၈
၉၅။ ယုန်မွေးဦးထုပ် ၇၈
၉၆။ ကွာရှင်းခြင်း ၇၉
၉၇။ လျှပ်စစ်မီတာ ၈၀
၉၈။ စဉ်းစားမိခြင်း ၈၀
၉၉။ ဘယ်ကိုလဲ ၈၁
၁၀၀။ ကြေးနန်းစာ ၈၁
၁၀၁။ သူငယ်ချင်းကောင်း ၈၂




www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


၁၀၂။ လမ်ဘာဒါ ၈၂

၁၀၃။ ခြွင်းချက် ၈၃

၁၀၄။ မေးခွန်းဆန်း ၈၄

၁၀၅။ ပုံပြောတဲ့ဖေဖေ ၈၄

၁၀၆။ အရှက်ကွဲရခြင်း ၈၄

၁၀၇။ ကဟိပေးပါတယ် ၈၆

၁၀၈။ ယူတော့ယူမယ် ၈၆

၁၀၉။ ဖြစ်တတ်ပါတယ် ၈၇

၁၁၀။ အမြောက်ကြိုက်သူ ၈၇

၁၁၁။ မင်းကိုပဲ ချစ်တယ် ၈၈

၁၁၂။ လက်နက်ကိုယ်စီ ရှိကြသည် ၈၈

၁၁၃။ ကလဲ့စား ၈၉

၁၁၄။ အန်တော့မယ် ၈၉

၁၁၅။ မူးရင် မရမ်းနဲ့ ၉၀

၁၁၆။ ဤလည်းတစ်ဒုက္ခ ၉၁

၁၁၇။ ကျိစားတာပါ ၉၃

၁၁၈။ စဉ်းစားလေလေ ယုတ္တိမရှိလေလေ ၉၅

၁၁၉။ အိမ်ထောင်ဦးစီး ၉၆

၁၂၀။ ကောင်းသောအလုပ် ၉၆

၁၂၁။ ဆရာနဲ့တပည့် ၉၇

၁၂၂။ ကြိုက်တာပေး ၉၇


မာတိကာ


၁၂၃။ ဈေးထဲမှာ ၉၈

၁၂၄။ ရှင်းရှင်းလေး ၉၈

၁၂၅။ အကုန်စားသူ ၉၈

၁၂၆။ စားဖို့မှုး ၉၉

၁၂၇။ မမေးနဲ့လေ ၉၉

၁၂၈။ ဘယ်သူ့အတွက်လဲ ၁၀၀

၁၂၉။ ကြိုယူထားမှ ၁၀၀

၁၃၀။ ဆိုရှယ်လစ်လုပ်သားကောင်း ၁၀၀

၁၃၁။ အာဏာရှင် စတာလင် ၁၀၂

၁၃၂။ ဘာသဘောလဲ ၁၀၂

၁၃၃။ အာလူးစိုက်ချိန် ၁၀၃

၁၃၄။ ကောင်းကွက် ၁၀၄

၁၃၅။ ကညာပျိုနဲ့ ဇရာအို ၁၀၄

၁၃၆။ ဘာထူးလို့တုန်း ၁၀၅

၁၃၇။ တော်လှန်ရေး ၁၀၅

၁၃၈။ ပစ္စည်းမဲ့ လူတန်းစား ၁၀၆

၁၃၉။ ရေးတုန်းက စကား ၁၀၇

၁၄၀။ သိက္ခာပုဒ် ၁၀၇

၁၄၁။ အရက်သမား ၁၀၈

၁၄၂။ ၂၁–ရာစု ၁၀၈

၁၄၃။ စုံထောက်ကြီး ဦးစံရှား ၁၀၉






www.burmeseclassic.com

www.burmeseclassic.com




၁၄၄။ အံ့သြကုန်နိုင်ဖွယ် ၁၁၀
၁၄၅။ မဖုံးပါနဲ့ ၁၁၀
၁၄၆။ လိပ်ပြာသန့်ပြီ ၁၁၁
၁၄၇။ ဝင်ခွင့်ရပြီ ၁၁၂
၁၄၈။ ဖြစ်တတ်ပါတယ် ၁၁၄
၁၄၉။ ဓာတ်ပုံ ၁၁၄
၁၅၀။ ခင်သွားကြပြီ ၁၁၅
၁၅၁။ သတိမထားမိပါ ၁၁၅
၁၅၂။ မြတ်တယ် ၁၁၆
၁၅၃။ တောင်းသောက်မလို့ ၁၁၆
၁၅၄။ စိတ်ပျက်ခြင်း ၁၁၇
၁၅၅။ ကျွန်မပါပဲ ၁၁၇
၁၅၆။ မှတ်ကရော ၁၁၈
၁၅၇။ ဝမ်းမနည်းပါဘူး ၁၁၈
၁၅၈။ သွားဆရာဝန် ၁၁၉
၁၅၉။ ဘယ်သူ့ဖုံးလဲ ၁၁၉
၁၆၀။ ဖြတ်ဦးမှာစိုးတယ် ၁၂၀
၁၆၁။ ယဉ်ကျေးစွာ သတိပေးခြင်း ၁၂၀
၁၆၂။ ဘာကို ကူညီတာလဲ ၁၂၁
၁၆၃။ ကံကောင်းတယ် ၁၂၁
၁၆၄။ မကျေနပ်ချင်ဘူး ၁၂၂




မာတိကာ


၁၆၅။ အတိုဆုံးသတင်း ၁၂၃
၁၆၆။ လူမိုက်စကား ၁၂၃
၁၆၇။ အဖေ့စေတနာ ၁၂၄
၁၆၈။ ဆိုင်ဖွင့်ချိန် ၁၂၄
၁၆၉။ နည်းနည်းလေး ပြင်လိုက်ပါ ၁၂၆
၁၇၀။ ပန်းချီပြပွဲ ၁၂၆
၁၇၁။ အဖေ့ခြေရာ ၁၂၇
၁၇၂။ သွားတော့သွားမယ် ၁၂၈
၁၇၃။ နလပိန်းတုံး ၁၂၈
၁၇၄။ သွားပုပ်လေလွင့် ၁၂၉
၁၇၅။ အာဂအဖိုး ၁၃၀
၁၇၆။ စာတမ်းဖတ်သည့် ကိုချူချာ ၁၃၀
၁၇၇။ အဖြေပေါ်ပြီ ၁၃၁
၁၇၈။ သတိမထားမိဘူး ၁၃၂
၁၇၉။ အခွင့်ကောင်း ၁၃၃
၁၈၀။ စိတ်ဝင်စားလို့ပါ ၁၃၃
၁၈၁။ လုပ်နေကျ ၁၃၄
၁၈၂။ မနက်ဖြန် ၁၃၄
၁၈၃။ အနုပညာချင်း မတူပါ ၁၃၄
၁၈၄။ မမှန်ဘူး ၁၃၅
၁၈၅။ ခြားနားချက် ၁၃၆




www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၁၈၆။ | ပထမဦးဆုံးသော ယောက်ျား | ၁၃၆ |
| ၁၈၇။ | စကားပြောမိကြခြင်း | ၁၃၇ |
| ၁၈၈။ | အရှုံးကား | ၁၃၈ |
| ၁၈၉။ | ကွန်ပျူတာခေတ် | ၁၃၈ |
| ၁၉၀။ | မိုက်မဲသူ | ၁၃၉ |
| ၁၉၁။ | အပြောမတော် တစ်ခွန်း | ၁၄၀ |
| ၁၉၂။ | ဖွင့်ဆိုချက် | ၁၄၁ |
| ၁၉၃။ | အကြံပေးပါရစေ | ၁၄၂ |
| ၁၉၄။ | ကြိုးစဉ်းစား | ၁၄၃ |
| ၁၉၅။ | ရှာမရဘူး | ၁၄၃ |
| ၁၉၆။ | လက်မဆေးရသေးဘူး | ၁၄၄ |
| ၁၉၇။ | သူ့အမြင်နဲ့သူ | ၁၄၄ |
| ၁၉၈။ | အတိတ်နှင့်ပစ္စုပ္ပန် | ၁၄၅ |
| ၁၉၉။ | လူ့မလိုင် | ၁၄၅ |
| ၂၀၀။ | ဘယ်နေရာလဲ | ၁၄၅ |
| ၂၀၁။ | သဲကန္တာရက ကြော်ငြာ | ၁၄၅ |
| ၂၀၂။ | ကံမဆုံလို့ | ၁၄၅ |
| ၂၀၃။ | အလွယ်လေး | ၁၄၅ |
| ၂၀၄။ | စစ်ပြီးတဲ့နေ့ | ၁၄၆ |
| ၂၀၅။ | စောင့်ဆို စောင့်ပါမယ် | ၁၄၆ |
| ၂၀၆။ | ကြွပါတော့ | ၁၄၆ |




မာတိကာ


| | | |
|---|---|---|
| ၂၀၇။ | ယော်မှုပြန် | ၁၄၇ |
| ၂၀၈။ | အိပ်မက်ဆိုး | ၁၄၈ |
| ၂၀၉။ | အဖြေမှားလို့ | ၁၄၈ |
| ၂၁၀။ | စားသောက်ဆိုင်ဟာသ | ၁၄၉ |
| ၂၁၁။ | မျှော်မှန်းချက် | ၁၅၂ |
| ၂၁၂။ | ကျေးဇူးရှင် | ၁၅၃ |
| ၂၁၃။ | နိုင်ငံရေးသက်ပြင်း | ၁၅၄ |
| ၂၁၄။ | စဉ်းစားရမယ့်ကိစ္စ | ၁၅၄ |
| ၂၁၅။ | အကြောင်းနှစ်ခု | ၁၅၅ |
| ၂၁၆။ | ဘာကြောင့်လဲ | ၁၅၆ |
| ၂၁၇။ | လျှို့ဝှက်မဲပေးပွဲ | ၁၅၇ |
| ၂၁၈။ | လမ်းချဉ်းမတူပါ | ၁၅၈ |
| ၂၁၉။ | အကြောင်းရင်း | ၁၅၈ |
| ၂၂၀။ | မဖြစ်နိုင်တာဘဲ | ၁၅၉ |
| ၂၂၁။ | ဘာပြောင်းရမလဲ | ၁၆၀ |
| ၂၂၂။ | ဖြစ်မှုဖြစ်ရလေ | ၁၆၀ |
| ၂၂၃။ | နိုင်ငံတော် လျှို့ဝှက်ချက် | ၁၆၁ |
| ၂၂၄။ | မကြိုးစဖူး | ၁၆၂ |
| ၂၂၅။ | ကြေးနန်းစာ | ၁၆၂ |
| ၂၂၆။ | ငြင်းပါရစေ | ၁၆၃ |
| ၂၂၇။ | တပ်နီရဲဘော် ရာဘင်နိုဗစ်ချ် | ၁၆၄ |




www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၂၂၈။ မောင်နှမ မဟုတ်ပါ ၁၆၄
၂၂၉။ အလုပ်သမား ၁၆၆
၂၃၀။ တစ်ချောင်းတည်းရယ် ၁၆၆
၂၃၁။ မျှော်လင့်ချက် မရှိဘူး ၁၆၆
၂၃၂။ မရှိလို့ပေါ့ ၁၆၇
၂၃၃။ ဘဝတူ ၁၆၈
၂၃၄။ ဘာကို မကျေနပ်တာလဲ ၁၆၈
၂၃၅။ ပြမှ မြင်ပါမယ် ၁၆၈
၂၃၆။ အမတ်လောင်း ၁၆၉
၂၃၇။ အတွေ့အကြုံရှိပါရဲ့ ၁၇၀
၂၃၈။ မအိပ်ဘူး ၁၇၁
၂၃၉။ မဆိုးပါဘူး ၁၇၁
၂၄၀။ ဆုံလို့မဖြစ်ပါ ၁၇၂
၂၄၁။ ယုန်ကလေး ၁၇၃
၂၄၂။ အကောင်းဆုံးအကြံ ၁၇၃
၂၄၃။ လေထီးတပ်သား ၁၇၄
၂၄၄။ တစ်ခါဆိုတစ်ယောက် ၁၇၄
၂၄၅။ လိုက်ပါရစေ ၁၇၅
၂၄၆။ အိပ်ခွင့်ပြုပါတော့ ၁၇၆
၂၄၇။ အသေဖြောင့်ပြီ ၁၇၆
၂၄၈။ ကလေးကြီး ၁၇၇




## မာတိကာ


၂၄၉။ ပျော်၊ ပျော်၊ တို့ပျော်တယ် ၁၇၈
၂၅၀။ ကိုယ်ချင်းစာကြည့်ပါ ၁၇၉
၂၅၁။ မျက်နှာကြက်ကို တံတွေးထွေးခြင်း ၁၈၀
၂၅၂။ မယူနဲ့ ၁၈၀
၂၅၃။ ကြိုမပြောနဲ့ ၁၈၀
၂၅၄။ မိန်းမ ၁၈၁
၂၅၅။ ခြားနားချက် ၁၈၁
၂၅၆။ သာမန်ယောက်ျား ၁၈၁
၂၅၇။ အားနည်းချိန် ၁၈၂
၂၅၈။ မိုက်မဲမှု ၁၈၂
၂၅၉။ အိမ်ထောင် ၁၈၂
၂၆၀။ ဘဝပြောင်းခြင်း ၁၈၃
၂၆၁။ ရည်းစားစာ ၁၈၃
၂၆၂။ ကွာခြားချက် ၁၈၄
၂၆၃။ အလှတိုးစေဖို့ ၁၈၄
၂၆၄။ ရိုးသားမှု ၁၈၄
၂၆၅။ မေ့ထားပါ ၁၈၄
၂၆၆။ လူနဲ့ခွေး ၁၈၅
၂၆၇။ မခြားနားပါ ၁၈၅
၂၆၈။ အထင်ကြီးအောင် ၁၈၅
၂၆၉။ အကြောင်းရင်း ၁၈၆




www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


| | | |
|---|---|---|
| ၁၇၀။ | လှပျိုကြီး | ၁၈၆ |
| ၁၇၁။ | ပုံပြင်နဲ့ ဖြစ်ရပ်မှန် | ၁၈၆ |
| ၁၇၂။ | မလွယ်ဘူး | ၁၈၇ |
| ၁၇၃။ | လေးကြိမ် | ၁၈၇ |
| ၁၇၄။ | ကွာခြားချက် | ၁၈၈ |
| ၁၇၅။ | ဒုတိယပိုလ်မှူးကြီး | ၁၈၈ |
| ၁၇၆။ | လူမထပ်စေနဲ့ | ၁၈၈ |
| ၁၇၇။ | ယောက်ျား | ၁၈၉ |
| ၁၇၈။ | သတိမေ့ခြင်း | ၁၈၉ |
| ၁၇၉။ | အကောင်းမြင်သမား | ၁၉၀ |
| ၁၈၀။ | မေတ္တာစစ် | ၁၉၀ |
| ၁၈၁။ | အချစ် | ၁၉၀ |
| ၁၈၂။ | ပိုကောင်းတယ် | ၁၉၀ |
| ၁၈၃။ | အမွေ | ၁၉၁ |
| ၁၈၄။ | မိချောင်းမယား | ၁၉၁ |
| ၁၈၅။ | အရှုံး | ၁၉၁ |
| ၁၈၆။ | နောင်တ | ၁၉၂ |
| ၁၈၇။ | အကောင်းပဲပြော | ၁၉၂ |
| ၁၈၈။ | ကာမိကာဇေ | ၁၉၂ |
| ၁၈၉။ | ကံကောင်းသူ | ၁၉၃ |
| ၁၉၀။ | ရောဂါကြီးသူ | ၁၉၃ |





| | | |
|---|---|---|
| ၁၉၁။ | လုပ်ရမယ့်အလုပ် | ၁၉၄ |
| ၁၉၂။ | ပဓာန | ၁၉၄ |
| ၁၉၃။ | အံ့သြအောင် | ၁၉၄ |
| ၁၉၄။ | စမ်းကြည့်ပါ | ၁၉၄ |
| ၁၉၅။ | အန္တရာယ်ပိုရှိသူ | ၁၉၅ |
| ၁၉၆။ | မိန်းမနဲ့စောင် | ၁၉၅ |
| ၁၉၇။ | မရှိတာယူ | ၁၉၅ |
| ၁၉၈။ | သစ္စာ | ၁၉၆ |
| ၁၉၉။ | မယားငယ် | ၁၉၆ |
| ၂၀၀။ | အခွင့်အလမ်း အမြဲတမ်းရှိတယ် | ၁၉၆ |
| ၂၀၁။ | ဒါကြောင့်ပါ | ၁၉၈ |
| ၂၀၂။ | တူလိုက်တာ | ၁၉၉ |
| ၂၀၃။ | ငထုံကြီး | ၂၀၀ |
| ၂၀၄။ | မပေါ်ခဲ့သောအတွေး | ၂၀၀ |
| ၂၀၅။ | ချူချာတို့အကြောင်း | ၂၀၁ |
| ၂၀၆။ | အိပ်ချင်တယ် | ၂၀၁ |
| ၂၀၇။ | မကြောက်ပါနဲ့ | ၂၀၂ |
| ၂၀၈။ | စာခြောက်ရုပ် | ၂၀၂ |
| ၂၀၉။ | လီမွှာတဲ့ကလေးတွေ | ၂၀၃ |
| ၂၁၀။ | မေးမှသိမှာပေါ့ | ၂၀၄ |
| ၂၁၁။ | အိပ်မက်ထဲက လှပျိုဖြူ | ၂၀၅ |




www.burmeseclassic.com

www.burmeseclassic.com


၃၁၂။ ကားဆရာ ၂၀၆
၃၁၃။ မီးတစ်တို့လောက် ၂၀၆
၃၁၄။ အလွန်အကျွံသည်းခံခြင်း ၂၀၈
၃၁၅။ ဉာဏ်ကြီးရှင် ၂၀၈
၃၁၆။ တတိယယောကျ်ား ၂၁၁
၃၁၇။ ကြောင်ကုန်သည် ၂၁၁
၃၁၈။ သီသွားမှာစိုးတယ် ၂၁၃
၃၁၉။ အကြံပေးပါရစေ ၂၁၄
၃၂၀။ လိုင်စင်ပြန်ပေး ၂၁၅
၃၂၁။ လန်းဆန်းတဲ့မျက်နှာ ၂၁၆
၃၂၂။ မစိုးရိမ်ပါနဲ့ ၂၁၆
၃၂၃။ ရော်ဘင်ဟု ၂၁၇
၃၂၄။ အမိကအကျဆုံး ၂၁၇
၃၂၅။ ဖြစ်ချင်တဲ့အရာ ၂၁၉
၃၂၆။ ဖိတ်စာ ၂၂၀
၃၂၇။ ဆရာဝန်ဆီမှာ ၂၂၀
၃၂၈။ သနားမိတယ် ၂၂၁
၃၂၉။ ဆိုရှယ်လစ်စနစ် ၂၂၁
၃၃၀။ ကတိမတည်ပါလား ၂၂၂
၃၃၁။ ဆိုင်းဘုတ် ၂၂၂
၃၃၂။ စိုးရိမ်တယ် ၂၂၃





၃၃၃။ သိပ္ပံပညာ ၂၂၃
၃၃၄။ ခြားနားချက် ၂၂၃
၃၃၅။ သေမှသိမယ် ၂၂၄
၃၃၆။ ရှင်းနေတာပဲ ၂၂၄
၃၃၇။ မြင်သာမြင်ရ ၂၂၅
၃၃၈။ ခွင့်မပြုဘူး ၂၂၅
၃၃၉။ သွားသင့်တဲ့နေရာ ၂၂၆
၃၄၀။ စည်းကမ်းချက် ၂၂၇
၃၄၁။ ဖွင့်ဆိုချက် ၂၂၇
၃၄၂။ ငါနဲ့တူတာ ဇမ္ဗူမှာမရှိ ၂၂၇
၃၄၃။ စောင့်ကြိုနေမယ် ၂၂၈
၃၄၄။ နောက်ကျနေပါလား ၂၂၈
၃၄၅။ အလယ်အလတ် ၂၂၉
၃၄၆။ ပဒေသာပင်နေ့ ၂၂၉
၃၄၇။ ဖွံ့ဖြိုးတိုးတက်သော ဆိုရှယ်လစ်စနစ် ၂၃၀
၃၄၈။ ကမ္ဘာပေါ်မှာ ပထမဆုံး ၂၃၀
၃၄၉။ ခြိမ်းခြောက်မှု ၂၃၁
၃၅၀။ ဆိုရှယ်လစ်ဝါဒ သရုပ်မှန် ၂၃၂
၃၅၁။ ဆိုဗီယက်စာရေးဆရာ ၂၃၂
၃၅၂။ အရည်အချင်းသုံးရပ် ၂၃၃
၃၅၃။ လက်ဦးသူ ၂၃၄




www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၃၅၄။ | သီတာကိုး | ၂၃၄ |
| ၃၅၅။ | မနေ့မြောပါနဲ့ | ၂၃၅ |
| ၃၅၆။ | လမ်းမှားခြင်း | ၂၃၆ |
| ၃၅၇။ | ယာယီနဲ့အမြဲတမ်း | ၂၃၇ |
| ၃၅၈။ | မြင်တာနဲ့သိတယ် | ၂၃၈ |
| ၃၅၉။ | လာပါဦး | ၂၃၈ |
| ၃၆၀။ | ဟန်မဆောင်ပါ | ၂၃၉ |
| ၃၆၁။ | စဉ်းစားမိသည်မှာ | ၂၃၉ |






# ပြုစုသူ၏အမှာ

ပြောစရာ နှစ်ခုရှိပါသည်။

တစ်ခုမှာ ကလောင်အမည်နှင့် ပတ်သက်၍ ဖြစ်ပါသည်။

“ကျွန်တော်သာ နီးပဒေါရွာမှာ မမွေးခဲ့ရင် လူ့ပြည်တောင် မရောက်ချင်ဘူးဗျာ”ဆိုသော စကားဖြင့် ကိုယ့်မွေးရပ်မြေကို ဂုဏ်တင်နေကြသည့် ရန်ကုန်သားနှင့် မန္တလေးသားတို့ကို အနိုင်ယူခဲ့သူ ‘ဟာသပဒေသာ’အမှတ်(၇)ပါ မွန်ပြည်နယ်က နီးပဒေါသားကိုလူကြွားကို သတိရမိကြလိမ့်မည် ထင်ပါသည်။ မောင်ကောင်းထိုက်သည် နီးပဒေါသားဖြစ်ပါသည်။ ထို့ကြောင့် မွေးရာဇာတိကို လူတကာ သိစေချင်သည့်ဆန္ဒဖြင့် ကလောင်အမည်ဖြင့်နောက်တွင် ‘နီးပဒေါ’ကို ဖြည့်စွက်လိုက်ပါသည်။

နောက်တစ်ခုမှာ ‘ဟာသပဒေသာ’ထဲက ရယ်ရွှင်ဖွယ် အချို့ကို ရုပ်ပြစာစောင်အချို့က ဆင်တူယိုးမှားပုံစံဖြင့် ဖော်ပြနေကြသည့် ကိစ္စ ဖြစ်ပါသည်။ ဟာသများမှာ လူထုကြားက ပေါ်ထွက်လာသည်ဖြစ်၍ ပုဂ္ဂလိကပိုင်မဟုတ်၊ ‘ပြည်သူပိုင်’ဖြစ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



မောင်ကောင်းထိုက် ခံယူထားပါသည်။ သို့သော်လည်း ဤသတင်းကို မိတ်ဆွေတစ်ဦးထံမှ ကြားရသည့်အခါ မည်သို့မှ တုံ့ပြန်လို စိတ် မရှိသည့်ကြားမှပင် ကြော်ငြာတစ်ခုကို မျက်စိထဲ ပြေးမြင်မိပါသည်။

ပိုလန်၊ ဂျာမနီ၊ ဖင်လန်၊ ဟော်လန်၊ အမေရိကန် စသည့် နိုင်ငံအများအပြားက 'ဗော့ဒ်ကာ'အရက်မျိုးစုံကို ထုတ်လုပ် ဖြန့်ဖြူးနေကြရာ မူလပင်ရင်းဖြစ်သော ရုရှား ဗော့ဒ်ကာချက်စက်ရုံက အောက်ပါအတိုင်း ကြော်ငြာပါသည်။

"တုပခြင်း ခံရသည့်အတွက် ဂုဏ်ယူပါ၏"ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့် 'ဟာသပဒေသာ'ကို အခြေပြု၍ ဆင်တူယိုးမှား ဖန်တီးခြင်းသာ မှန်လျှင် မောင်ကောင်းထိုက်လည်း ဂုဏ်ယူချင်သလိုလို ဖြစ်မိပါကြောင်း ...

လေးစားစွာဖြင့်–

မောင်ကောင်းထိုက် (နှီးပဒေါ)





## ၁။ ဉာဏ်ကောင်းတဲ့ ဝက်အူချောင်း



ကိုချူချာ မော်စကိုသို့ ရောက်လာပြီး စုပေါင်းလယ်ယာဈေးသို့ သွားသည်။ ဈေးထဲတွင် လူတစ်ယောက် "ဉာဏ်ကောင်းတဲ့ ဝက်အူချောင်းကို ဝယ်ကြပါ" ဟု အော်ရောင်းနေသည်။ ကိုချူချာက မေးသည်။

"ဝက်အူချောင်း တစ်ကီလို ဘယ်လောက်ဈေးလဲ၊ ဘာဖြစ်လို့ ဉာဏ်ကောင်းတယ်လို့ ပြောတာလဲ"

"ဝက်အူချောင်း တစ်ကီလို ဆယ်ရူဘယ်၊ စားလိုက်တာနဲ့ ဉာဏ်ကောင်းလာမှာမို့ ဉာဏ်ကောင်းတဲ့ ဝက်အူချောင်းလို့ ပြောရတာပါ"

ကိုချူချာ တစ်ကီလို ဝယ်လိုက်သည်။ ဈေးထဲ ဆက်လျှောက်သည်။

တစ်နေရာတွင် စောစောက ဝက်အူချောင်းမျိုးကိုပင် လူတစ်ယောက်က တစ်ကီလို ငါးရူဘယ်ဈေးနှင့် ရောင်းနေသည်ကို ကိုချူချာ တွေ့ရသည်။ သို့နှင့် စောစောက လူထံ ပြန်လာပြီး မကျေနပ် စကားပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဝက်အူချောင်းက ဆယ်ရှူဘယ်၊ ဟိုတစ်ယောက်မှာတော့ ငါးရှူဘယ်ပဲ ပေးရပါလားဗျ"

"ကျွန်တော် ခင်ဗျားကို ပြောပြီးပြီပဲ၊ ကျုပ် ဝက်အူချောင်းက ဉာဏ်ကောင်းတယ်လေ၊ အခုကြည့်၊ ခင်ဗျား စားလိုက်တာနဲ့ ဉာဏ်ကောင်းလာပြီ မဟုတ်လား"

## ၂။ ညံ့တဲ့ စီးကရက်

မော်စကိုမှ ကိုချူချာ ပြန်လာသည်။ အိမ်နီးချင်းများက ဝိုင်းမေးကြသည်။

"ဘယ့်နှယ်လဲ မော်စကိုမှာ မြေအောက်ရထား (မက်ထရို) စီးခဲ့ရဲ့လား"

"စီးခဲ့တယ်၊ သိပ်ကြိုက်တာပဲ"

"ကိုကာကိုလာကော သောက်ခဲ့ရဲ့လား"

"သောက်ခဲ့တယ်၊ သိပ်အရသာရှိတာပဲ"

"ဖင်စီခံနဲ့ စီးကရက်ကော သောက်ခဲ့ရဲ့လား"

"သောက်ခဲ့တယ်၊ မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"ဖင်စီခံကို သောက်ရတာ သိပ်မဆိုးပါဘူး၊ ဒါပေမယ့် ကျန်တာတွေ မစွံဘူး၊ အလကားပဲ"





## ၃။ ချီတက်တဲ့ယင်ကောင်



"တပ်သား ချူချာ၊ ငါက "သတိ"လို့ အမိန့်ပေးနေတဲ့ အချိန်မှာ ဘာဖြစ်လို့ နှာခေါင်းကို လက်နဲ့ ပွတ်နေရတာလဲ"

"နှာခေါင်းပေါ် ယင်ကောင် လာနားလို့ပါ"

"ဒါပေမယ့် ငါ 'သတိ'လို့ အမိန့်ပေးထားတာပဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ယင်ကောင်က ဆက်ပြီး ချီတက် နေလို့ပါ"

## ၄။ ချူကော့ကာက ရေငုပ်သဘော်

ရုရှားရေပြင် ပိုင်နက်ထဲသို့ အမည်မသိ ရေငုပ်သဘော် တစ်စီး ကျူးကျော်ဝင်ရောက်နေကြောင်း ရေဒါတွင် လာပေါ်သဖြင့် ရုရှားစစ်သဘော် ကပ္ပတိန်က တပ်သား အီဗန်နော့ကို ရေငုပ် ခိုင်းသည်။ တပ်သား အီဗန်နော့ မကြာမီ ပေါ်လာပြီး၊ အော်ပြော သည်။

"ကပ္ပတိန်၊ တရုတ် ရေငုပ်သဘော်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မင်း ပြောနိုင်တာလဲ"

"သင်္ဘောမှာ တရုတ်စာတွေ ရေးထားတာ တွေ့လို့ပါ"

"မင်း အတော် ညံ့ပါလား။ အခု သင်္ဘောတိုင်းမှာ တရုတ်စာတွေ ရေးထားတယ်ကွ၊ ဆက်ငုပ်"

အီဗန်နေ့ ထပ်ငုပ်သည်၊ မကြာမီ ပြန်ပေါ်လာသည်။

"အင်္ဂလိပ်သင်္ဘော ခင်ဗျ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ချောင်းနားထောင်တော့ အင်္ဂလိပ်စကား ပြောသံ ကြားရလို့ပါ"

"မင်း တော်တော် တုံးပါလား၊ အင်္ဂလိပ်စကားဟာ အခုအခါမှာ နိုင်ငံတကာ ဘာသာစကား ဖြစ်နေပြီကွ၊ ဆက်ငုပ်"

အီဗန်နေ့ ဆက်ငုပ်သည်။ မကြာမီ ပြန်ပေါ်လာပြီး ကပ္ပတိန် ကို အစီရင်ခံသည်။

"ချူကော့ကာက ရေငုပ်သင်္ဘောခင်ဗျ"

"သေချာရဲ့လား"

"သေချာပါတယ်၊ ကျွန်တော် တံခါးခေါက်တော့ သူတို့ ဖွင့်ပေးတယ်"





## ၅။ တီထွင်မှု



နောက်ဆုံးပေါ် အော်တိုမစ်တစ် လေထီး တစ်မျိုးကို ကိုချာချာ တီထွင်လိုက်သည်။

လေထီးသည် မြေကြီးကို ထိသည်နှင့် အလို အလျောက် ပွင့်လာသည်။

## ၆။ သူ့အဓိပ္ပာယ်နှင့်သူ

သုတေသန ဆွေးနွေးပွဲသို့ ကိုချာချာ တက်ရောက်လာသည်။ ကိုယ်စားလှယ်များ ဖြည့်သွင်းရမည့် ပုံစံကို ၎င်းအား ပေးရာ ကိုချာချာက ကြက်ခြေခတ် ငါးခု ခြစ်လိုက်သည်။ ၎င်းကို အံ့ဩတကြီး ဝိုင်းမေးကြသည်။

"ဘာဖြစ်လို့ ကြက်ခြေခတ်ချည်းပဲ ငါးခုတိတိ ခြစ်ရတာလဲခင်ဗျာ"

"ပထမ ကြက်ခြေခတ်က ကျွန်တော့်နာမည်၊ ဒုတိယ ကြက်ခြေခတ်က ကျွန်တော့်အလုပ်ဌာန၊ တတိယ ကြက်ခြေခတ်က ကျွန်တော့်မိန်းမ နာမည်၊ စတုတ္ထ ကြက်ခြေခတ်

www.burmeseclassic.com



က ကျွန်တော့်မွေးရပ်၊ ပဌမ ကြက်ခြေခတ်ကတော့ ကျွန်တော်ရတဲ့ တက္ကသိုလ်ဘွဲ့ကို ညွှန်းတယ်လေ"

## ၇။ ပင်ပန်းတယ်

ပင်လယ်ကမ်းစပ်တွင် ထိုင်ပြီး ကိုချူချာ အသံထွက် ငြီးနေသည်။

"ချူချာ ဒီနေ့ ပင်ပန်းတယ်၊ အင်း– ပင်ပန်းတယ်"

ဖြတ်သွားသူက မေးသည်။

"ဘာဖြစ်လို့ ပင်ပန်းတာလဲ"

"ဒီနေ့ စဉ်းစားလိုက်ရလို့ပေါ့၊ အင်း အင်မတန် ပင်ပန်းတယ်"

"ဘာဖြစ်လို့ အင်မတန်တောင် ပင်ပန်းရတာလဲ"

"သုံးခါတိတိ စဉ်းစားလိုက်ရတယ်လေ"

## ၈။ လေ့လာသူမဟုတ်ပါ

ကိုချူချာက ဂုဏ်ယူ ဝံ့ကြွားသံဖြင့် မိတ်ဆွေကို ပြောသည်။

"ကျွန်တော့်ညီ မော်စကိုနိုင်ငံတော် တက္ကသိုလ်ကို ရောက်နေတယ်ဗျ"





"ဟုတ်လား။ သူ ဟိုမှာ ဘာကို လေ့လာနေတာလဲ"

"သူ မလေ့လာဘူး။ သူ့ကို လေ့လာနေကြတာ"



## ၉။ ဒူးယူစပိ အင်းဂလစ်ရှ်

ချူကော့ကာ အထက်တန်းကျောင်းတစ်ခုတွင် အင်္ဂလိပ်စာ ဆရာမက ကျောင်းသား များကို မေးသည်။

"ကိုလျာ၊ ဒူးယူစပိ အင်းဂလစ်ရှ်"

"ဘာပြောတယ်..."

"အင်ဒရေး၊ ဒူးယူစပိ အင်းဂလစ်ရှ်"

"ဘာပြောတယ်..."

"ယူနာဂီး၊ ဒူးဒူးယူစပိ အင်းဂလစ်ရှ်"

"အိုင်ဒုန်း စပိ အင်းဂလစ်ရှ်"

"ဘာပြောတယ်..."



www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ ညစ်ပတ်တာကိုး

ရုရှားမကို ကိုချူချာက လက်ထပ်လိုက်သည်။ အိမ်နီးချင်းများက ဝိုင်းမေးကြသည်။

"မင်းရဲ့ ရုရှားမ ဘယ်နှယ့်လဲ"

"အင်မတန် တော်တဲ့ မိန်းမ၊ အဲ တစ်ခုပဲ ပြောစရာရှိတယ်၊ တော်တော် ညစ်ပတ်တယ်၊ နေ့တိုင်း သူ ရေချိုးရတယ်"

## ၁၁။ ဘယ်သူလဲ

ကိုချူချာ အရက်မူးပြီး အိမ်သို့ ပြန်လာသည်။ မှန်ရှေ့ရပ်ပြီး စူးစိုက်ကြည့်သည်။ မိန်းမက မေးသည်။

"ရှင် မှန်ရှေ့ရပ်ပြီး ဘာကြည့်နေတာလဲ"

"ဩော်- တို့ဆီကို ဘယ်သူ လာသလဲဆိုတာ ကြည့်နေတာပါ"

## ၁၂။ ဧည့်သည်လာပြီ

ကိုချူချာ သူ့မိန်းမကို ဆူနေသည်။

"မင်း အတော် အသုံးမကျတဲ့ မိန်းမပါလားကွ ဟော၊ တုံးလိုက်တာမှ တကယ့် သစ်တုံး လိုပဲ"



ဤသို့ ပြောပြီး စားပွဲကို 'ဒေါက် ဒေါက် ဒေါက်' မြည်အောင် ခေါက်သည်။ မိန်းမ ချက်ချင်း နေရာမှ ထပြီး ပြောသည်။

"တံခါးခေါက်သံ ကြားတယ်၊ ကျွန်မ သွားဖွင့်လိုက်မယ်"

"ထိုင်နေစမ်း ကောင်မ၊ ငါ သွားဖွင့်မယ်"

## ၁၃။ ချိန်းတွေ့တဲ့ ကိုချူချာ

ရွာစွန်ရှိ ရည်းစားနှင့် ချိန်းတွေ့မည့် နေရာသို့ ကိုချူချာ အပူချိန်တိုင်း ကိရိယာကို လက်တွင်ကိုင်လျက် ရောက်လာသည်။ အချိန်အတန်ကြာ စောင့်သည်။ ချစ်သူ ရောက်မလာချေ။ ကိုချူချာ မိမိဟာ မိမိ ပြောသည်။

"အနုတ်ဒီဂရီ ၄၀-ရောက်တဲ့အထိ စောင့်မယ်၊ မလာရင်တော့ ပြန်မယ်"





www.burmeseclassic.com

www.burmeseclassic.com



## ၁၄။ ဉာဏ်ကောင်းသူ

ရှုရှားနှင့် ကိုချူချာတို့ တွေ့ကြသည်။ ကိုချူချာက မေးသည်။

"ဉာဏ်ကောင်းတဲ့လူနဲ့ ဉာဏ်တုံးတဲ့လူ တွေ့ကြပြီး လမ်းခွဲတဲ့အခါမှာ ဘယ်သူအရင် စပြီး နှုတ်ဆက်သလဲ"

"ဉာဏ်ကောင်းတဲ့လူပေါ့"

"အဲဒါဆို သွားမယ်နော်၊ တာ့တာ"

## ၁၅။ အချိုမကြိုက်ဘူး

ရှုရှားမိတ်ဆွေထံ ကိုချူချာ အလည်ရောက်လာသည်။ ရှုရှားက သူ့ကို လက်ဖက်ရည် ဖျော်တိုက်ရန် ပြင်သည်။ မတိုက်ခင် မေးသည်။

"ကိုချူချာ၊ သကြား ဘယ်နှစ်ဇွန်း ထည့်ရမလဲ"

"အဇွန်း–၂၀၊ ဒါပေမယ့် မမွှေလိုက်နဲ့နော်၊ ကျွန်တော် အချိုမကြိုက်ဘူး"

## ၁၆။ မေ့တတ်တဲ့ ကိုချူချာ

ဟိုကြည့် သည်ကြည့်နှင့် ကိုချူချာ လမ်းလျှောက်လာသည်။ မျက်နှာချင်းဆိုင်မှ လျှောက်လာသော ရှုရှားက မေးသည်။







"ဟေ့ ချူချာ၊ ဘာရှာနေတာလဲကွ"

"ထီးပျောက်လို့ ရှာနေတာ"

"ဟာ၊ ထီးက မင်းရဲ့ ချိုင်းကြားမှာ ညှပ်ထားတာ မဟုတ်လား"

"ကျေးဇူးပဲ၊ ခင်ဗျားနဲ့သာ မတွေ့ဖြစ်ရင် ကျွန်တော် ထီးမပါဘဲ အိမ်ကို ပြန်ရမှာဗျ"

## ၁၇။ ဆိုဖာပေါ်က ကိုချူချာ

ရှုရှားမိတ်ဆွေ အီဗန် နှစ်ယောက်ထိုင် ဆိုဖာအသစ် ဝယ်သည်ဆိုသဖြင့် အီဗန့်အိမ်သို့ ကိုချူချာ ရောက်လာသည်။ ဆိုဖာကို အီဗန်ပြပြီး မီးဖိုချောင်ဘက် ထွက်သွားသည်။ ဆိုဖာပေါ် ကိုချူချာ တက်ပြီး ကိုယ်ကို စန့်လိုက်သည်။ ခဏချင်း အိပ်ပျော်သွားသည်။ မီးဖိုချောင်မှ ပြန်လာသော ရှုရှားက အသေကောင်လို အိပ်ပျော်နေသော ချူချာကို စိတ်ဆိုးဆိုးနှင့် ဆိုဖာပေါ်မှ တွန်းချသည်။ ထို့နောက် မိမိကိုယ်တိုင် ဆိုဖာပေါ် တက်အိပ်သည်။

www.burmeseclassic.com

မနက် ၂–နာရီလောက်တွင် ကြမ်းပေါ်အိပ်နေသော ကိုချူချာထံမှ ပေါ်ထွက်လာသော ကြောက်စရာ အသံဆိုးကြောင့် ရှရှား နိုးလာသည်။

"အိုး အိုး ကယ်တော်မူကြပါ၊ ဆိုဖာပေါ်က ဆင်းလို့ မရဘူး"

## ၁၈။ လည်ပင်းရှည်လှချည်လား

ရှရှားရွာတစ်ရွာသို့ ကိုချူချာ ရောက်လာသည်။ ဤရွာ ရောက်မှ ရေတွင်းကို ပထမဆုံး မြင်ဖူးသည့် ကိုချူချာက ရွာသား ရှရှားကို မေးသည်။

"ခင်ဗျား ရေတွင်းကရေ သန့်ရဲ့လားဗျ"

"သိပ်သန့်တာပေါ့၊ ပြီးတော့ ဒီရေတွင်းက ရေကို ကျုပ် အဖိုးကိုယ်တိုင် သောက်ခဲ့တာဗျ"

"ဘာလဲ၊ ခင်ဗျား အဖိုး ဒီလောက်တောင် လည်ပင်း ရှည်သလားဗျာဟင်"

## ၁၉။ ကိုချူချာ လူယုတ်မာ

မြစ်ကြီး၏ ကမ်းတစ်ဘက်တစ်ချက်တွင် ရှရှားနှင့် ချူချာ တို့ ထိုင်နေကြသည်။ ချူချာက လှမ်းအော်ပြောသည်။







"ဟေ့ ရှစကီ၊ ဒီဘက်ကမ်းကို ကူးလာခဲ့ပါလား၊ ငါ အရေးကြီးတဲ့ စကားပြောစရာ ရှိလို့"

မြစ်ကို ဖြတ်ပြီး ရှရှား ကူးလာသည်။ ကိုချူချာဘက် ရောက်သောအခါ အသက်ကို အနိုင်နိုင် ရှူရင်း မေးသည်။

"ကိုင်း ပြော၊ ဘာအရေးကြီးတဲ့ စကားလဲ"

"ဩော်၊ ဒီအပင်က စပျစ်သီးကို မစားနဲ့ သိလား"

## ၂၀။ ဆေးတံသောက်တဲ့ ကိုချူချာ

ကိုချူချာထံ ရှရှားမိတ်ဆွေ အလည်ရောက်လာသည်။ ကိုချူချာ ဆေးတံခဲပြီး နက်နက်နဲနဲ စဉ်းစားသည့်ပုံဖြင့် ကုလား ထိုင်ပေါ် ထိုင်နေသည်ကို တွေ့ရာ ရှရှားက မေးသည်။

"မင်း မီးမကော၊ မမြင်ပါလား"

"နောက်ဖေးခြံထဲမှာ ထင်း သယ်နေတယ်"

"တယ် ဟုတ်ပါလား၊ မင်းကတော့ ဆေးတံနဲ့ပို့၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလုပ်တဲ့လူက ပင်ပင်ပန်းပန်း ထင်းတွေ သယ်နေရတယ်"

"ဘယ်တတ်နိုင်မလဲ၊ သူမှ ဆေးတံ မသောက်တတ်တဲ့ ဥစ္စာ"

## ၂၁။ လျှာထုတ်ပြတဲ့ ကိုချူချာ

ရှရှားနှင့် ကိုချူချာတို့ လမ်းလျှောက်လာကြသည်။ တစ်နေရာတွင် မျက်နှာချင်းဆိုင်မှလာသော လူတစ်ယောက်ကို ကိုချူချာက လျှာထုတ်ပြလိုက်သည်။ ရှရှားက အံ့ဩတကြီး မေးသည်။

"ဟေ့ ချူချာ၊ ဟိုလူကြီးကို ဘာဖြစ်လို့ လျှာထုတ်ပြရတာလဲ"

"သူက တို့မြို့နယ် ဆရာဝန်လေ၊ လျှာထုတ်ပြတာကို သူ သိပ်သဘောကျတာကလား။ သူ့ဆီ သွားတိုင်း 'လျှာထုတ်ပြစမ်း' လို့ အမြဲတမ်း ပြောတယ်"

## ၂၂။ မဖြစ်နိုင်တဲ့ပုံပြင်

ကမ္ဘာပေါ်တွင် အံ့ဩစရာ အကောင်းဆုံးနှင့် မဖြစ်နိုင်ဆုံး အကြောင်းအရာကို မည်သူက ပြောပြနိုင်သနည်းနှင့် ပတ်သက်၍ ရှရှားနှင့် ကိုချူချာတို့ အလောင်းအစား လုပ်ကြသည်။ ကိုချူချာ





အနည်းငယ် စဉ်းစားပြီး စပြောသည်။



"ဟိုး ရှေး ရှေးတုန်းက အင်မတန် ဉာဏ်ကောင်းပြီး အင်မတန်လည်း ရုပ်ချောတဲ့ ချူချာ တစ်ယောက် ရှိခဲ့တယ်"

ရှရှားက ချက်ချင်း လက်တားပြီး ၎င်း၏ စကားကို ဖြတ်လိုက်သည်။

"ဆက်မပြောနဲ့တော့ မင်း နိုင်သွားပြီ"

## ၂၃။ ကံကောင်းလို့

ကိုချူချာက ရှရှားကို မေးသည်။

"မင်းမွေးနေ့ ဘယ်နေ့လဲ"

"ဖေဖော်ဝါရီ ၂၉–ရက်နေ့"

"ကြည့်စမ်း၊ မင်း အင်မတန် ကံကောင်းတဲ့လူပါလား။ အင်း၊ ကံသာ မကောင်းရင် မင်း မွေးလာဖို့ မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



## ၂၄။ နားမလည်နိုင်ဘူး

ချူကော့ကာမြို့တော် အာနာဒီးရှိမှ ထွက်ခွါလာသော ခရီးသည်တင် လေယာဉ်သည် ပင်လယ်ပေါ် ဖြတ်ပျံလာသည်။ ရုတ်တရက် လေယာဉ်စက် ချို့ယွင်းသွားသည်။ ပင်လယ်ထဲ ထိုးကျတော့မည်ဟု လေယာဉ်မှူး သိလိုက်သည်။ သို့နှင့် လေယာဉ်မယ်ကို ခေါ်ပြီး ခရီးသည်များကို အတတ်နိုင်ဆုံး နှစ်သိမ့်ဖျောင်းဖျရန် ပိုင်းလော့က ပြောသည်။

မိုက်ခရိုဖုန်းမှတစ်ဆင့် လေယာဉ်မယ်က ကြေညာသည်။

"ခရီးသည်များရှင်၊ စိုးရိမ်ပူပန်ခြင်း မဖြစ်ကြဖို့ လေယာဉ်မှူးက မေတ္တာရပ်ခံနိုင်းပါတယ်။ ကျွန်မတို့ရဲ့ ကနေ့ခရီးစဉ်ဟာ စမ်းသပ်မှု ခရီးစဉ်ဖြစ်ပါတယ်။ ဒါကြောင့် မကြာခင်အတွင်းမှာ ကျွန်မတို့ဟာ ရေအောက်ကို အချိန်အနည်းငယ်မျှ ကြာအောင် ထိုးဆင်းသွားပါမယ်။ အဲဒီနောက်မှာ ပုံမှန် ဆက်လက် ပျံသန်းမှာ ဖြစ်ပါတယ်ရှင်"

မိနစ်ပိုင်းအတွင်း ပင်လယ်ထဲ လေယာဉ်ပျက်ကျသည်။ လေယာဉ်တစ်စင်းလုံး အစိတ်စိတ် အမွှာမွှာ ဖြစ်သွားသည်။ ခဏကြာသော် ခရီးသည် ချူချာနှစ်ယောက် အသက်ရှင်လျက် ရေထဲမှ ပေါ်လာသည်။ တစ်ယောက်က နောက်တစ်ယောက်ကို မေးသည်။

"ငါ နားမလည်နိုင်ဘူး၊ ဘာလဲ၊ ငါတို့ နှစ်ယောက်







ကို ထားခဲ့ပြီး ကျန်တဲ့လူတွေ ဆက်ပျံသွားကြသလားကွဟေ"

## ၂၅။ တစ်ခုတည်းရယ်

ကိုချူချာ မော်စကိုသွားရန် ကိစ္စပေါ်လာသည်။ မိတ်ဆွေများက ပိုင်းပြောကြသည်။

"ဟော့ကောင်၊ သေတ္တာတစ်လုံးဝယ်"

"ဘာလုပ်ဖို့လဲ"

"ဟ၊ ဘောင်းဘီ၊ အင်္ကျီ၊ စွပ်ကျယ် စ,တာတွေ ထည့်ဖို့ပေါ့"

"အဲဒါဆို ကျုပ်ဘာနဲ့ သွားရမှာလဲ"

## ၂၆။ မေ့မှာစိုးလို့

တွဲစောင့်က ကိုချူချာကို ပြောသည်။

"ခင်ဗျားရဲ့သေတ္တာကို ဘာဖြစ်လို့ လူသွားလမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ချထားရတာလဲ၊ အားလုံး ခလုတ်တိုက်ကုန်ကြပြီ”

“ဟဲ ဟဲ၊ ခလုတ် မတိုက်ရင် ကျုပ်မှာ သေတ္တာ ပါလာတယ်ဆိုတာ ကျုပ် မေ့သွားနိုင်တယ်ဗျ”

## ၂၇။ လဲမယ့်သူ မရှိလို့ပါ

ကိုချူချာ စီးလာသောရထား မော်စကိုဘူတာသို့ ဆိုက်ရောက်လာသည်။ လာကြိုသော ရုရှားမိတ်ဆွေက ကိုချူချာ၏ မျက်နှာပေါ်က ညိုမည်းနေသော ဒဏ်ရာဒဏ်ချက်များကို ကြည့်ပြီး ပြောသည်။

“ဟေ့လူ၊ ခင်ဗျား မျက်နှာတစ်ခုလုံး မြင်မကောင်း ရှုမကောင်းပါလား”

“အပေါ်အိပ်စင်ကနေ အိပ်လိုက်လာတာ တစ်ညလုံး ခဏခဏ ပြုတ်ကျတာနဲ့ပဲ အခုလို ဖြစ်တာပါပဲဗျာ”

“အောက်အိပ်စင်က လူတစ်ယောက်ယောက်နဲ့ နေရာချင်း လဲလိုက်ရောပေါ့ဗျာ”

“လဲမလို့ဘဲ၊ ဒါပေမယ့် အောက်အိပ်စင်မှာ ဘယ်သူမှ မရှိဘူး”





## ၂၈။ လန်ဒန်ရောက် ကိုချူချာ



ကမ္ဘာလှည့် ခရီးသည် ကိုချူချာ လန်ဒန်သို့ ရောက်လာသည်။ မိမိတည်းသည့် ဟော်တယ်၏ ဝန်ထမ်းကို ပြောသည်။

“တူးတီးတူ တူးတူး”

ဟော်တယ်ဝန်ထမ်းက နားမလည်ကြောင်း ခေါင်းခါပြသည်။ ကိုချူချာ ထပ်ပြောသည်။

“တူးတီးတူ တူးတူး”

ဘာကို ဆိုလိုပါလိမ့်ဟု ဟော်တယ်ဝန်ထမ်း အမျိုးမျိုး တွေးသည်။ မည်သည့်အဖြေမှ ထွက်မလာချေ။ ဧည့်သည်က စောစောကစကားကိုပင် ထပ်ခါတလဲလဲ ပြောနေသည်နှင့် နောက်ဆုံးတွင် ဝါရင့် ဘာသာပြန်တစ်ယောက်ကို ခေါ်ပြီး အဓိပ္ပာယ် ဖွင့်နိုင်းသည်။ ကိုချူချာ၏ စကားကို နားထောင်ပြီးနောက် ဘာသာပြန်ဆရာက ဝမ်းသာအားရ ပြောသည်။

“သဘောပေါက်ပြီ၊ သူ ပြောတာက အခန်းနံပါတ် ၂၂–ကို လက်ဖက်ရည် နှစ်ခွက် လာပို့ပါတဲ့ဗျား”



www.burmeseclassic.com

www.burmeseclassic.com



## ၂၉။ ဆေးလိပ်သောက်တဲ့ ဖာရောက်ဘုရင်

ပြတိုက်ဝန်ထမ်းက ဧည့်သည်များကို ရှင်းပြနေသည်။

"အခု တွေ့ကြရတဲ့ အိုးထဲက ပြာဟာ ဖာရောက် ဘုရင်ရဲ့ ပြာတွေ ဖြစ်ပါတယ်"

ပရိသတ်ထဲမှ ကိုချူချာက ဝင်ပြောသည်။

"အင်း၊ ဖာရောက် ဘုရင် ဒီလောက် ဆေးလိပ် ကြိုက်မှန်း အစက မသိခဲ့ဘူး"

## ၃၀။ မဆန်းပါဘူး

ချူချာနှစ်ယောက် ဆုံကြသည်။ တစ်ယောက်က မေးသည်။

"မင့်သား အသက် ဘယ်လောက်ရှိပြီလဲ"

"၁-နှစ်"

"အင်း၊ ထူးဆန်းတယ်နော်၊ ငါ မွေးထားတဲ့ ခွေး ကလေးလည်း ၁-နှစ်သားပဲ ရှိသေးတယ်၊ ဒါပေမယ့် မင့် သားထက် လမ်းလျှောက်တာ နှစ်ဆပိုသာပါလား"

"ဒါများ အဆန်းလုပ်လို့၊ မင့်ခွေးက ခြေထောက် နှစ်ချောင်း ပိုများတာလဲ ထည့်တွက်ဦးမှပေါ့"





## ၃၁။ ဘယ်သူလဲ



စန္ဒရားဆရာသည် ပရိသတ်ကို ကျောပေးပြီး စန္ဒရားကို တီးနေသည်။ ပရိသတ်ထဲမှ ချူချာ တစ်ယောက်က ဘေးက နောက် ချူချာတစ်ယောက်ကို ပြောသည်။

"ချိုင်ကော့စကီး ထင်တယ်"

"မပြောတတ်ဘူး။ သူ တို့ဘက်လှည့်တဲ့အခါ ကြည့် ကြတာပေါ့"

## ၃၂။ ဆင်ဆိုတာ

ချူချာနှစ်ယောက် စွန်ပလွန်ပင်အောက်တွင် ထိုင်နေကြသည်။ ဆင်တစ်ကောင် ရောက်လာပြီး စွန်ပလွန်ပင်ကို နှာမောင်းနှင့် မွှေ့ရမ်းသည်။ ချူချာတစ်ယောက်က နောက်တစ်ယောက်ကို ပြောသည်။

"ဆင်ရဲ့အသိုက် ဒီသစ်ပင်ပေါ်မှာ ရှိလို့ထင်တယ်"

"မင်း အတော်တုံးပါလား။ ဆင်ဆိုတာ တွင်းအောင်း



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါကွ၊ မှတ်ထား"

## ၃၃။ မှားဆက်ခြင်း

ကိုချူချာ၏ အိမ်ခန်းတွင် တယ်လီဖုံးသံ မည်လာသည်။ တယ်လီဖုံးကို ကိုချူချာ ကောက်ကိုင်လိုက်သည်။

"ဟဲလို၊ ဒါ အီဗန်နေ့ရဲ့ အိမ်ကပါလား"

"မဟုတ်ဘူး။ အီဗန်နေ့မှာ တယ်လီဖုံး မရှိဘူး"

## ၃၄။ ပစ္စည်းကောင်း

မိမိဝယ်လာသော ရေဒီယိုကို အိမ်နီးချင်းအား ခေါ်ပြပြီး ကိုချူချာ ကြွားသည်။

"အင်မတန် ကောင်းတဲ့ ရေဒီယိုဗျ။ ဥရောပတစ်ခုလုံးကို ဖမ်းလို့ရတယ်"

ကိုချူချာ၏ ဇနီးက ဖြည့်ပြောသည်။

"ပြီးတော့ တစ်ပြိုင်နက်တည်းရှင့်"

## ၃၅။ လူသား မစားဘူး

အိမ်နီးချင်းဆီ ကိုချူချာ ရောက်လာပြီး သူ့ကို တစ်ခုခု







ကျွေးရန် မေတ္တာရပ်သည်။ အိမ်နီးချင်း အမျိုးသမီးက ပြောသည်။

"ကျွန်မ ယောက်ျား လာတော့မယ်၊ ခဏစောင့်ပါ"

"ဟာ၊ ခင်ဗျား ယောက်ျားတော့ မလုပ်ပါနဲ့၊ ကျွန်တော် လူသား မစားဘူးခင်ဗျ"

## ၃၆။ ဒုက္ခပေးတဲ့ ကိုချူချာ

မနက်သုံးနာရီတိတိ။

အနည်းငယ် ထွေလာသော ကိုချူချာ လမ်းပေါ်မှ နေ၍ တစ်ရပ်ကွက်လုံး ကြားအောင် အော်ပြောသည်။

"အရပ်ကတို့ရေ၊ အရပ်ကတို့ရေ"

တိုက်ခန်းများတွင် မီးများ လင်းလာသည်၊ ပြတင်းတံခါးများ ပွင့်လာသည်။ စိုးရိမ်ပူပန်သော မျက်နှာများ ပေါ်လာသည်။

ကိုချူချာ ထပ်အော်သည်။

"မျက်နှာလွှဲထားကြပါ၊ ကျွန်တော် ရှူးရှူးပေါက်မလို့"



www.burmeseclassic.com

www.burmeseclassic.com



### ၃၇။ အမှောင်နဲ့အလင်း

ကိုချူချာ အိမ်သာထဲတွင် အကြာကြီး ထိုင်နေသည်။ မိန်းမဖြစ်သူ သတိမေ့ပြီး အိမ်သာမီးခလုတ်ကို အပြင်မှနေ၍ ပိတ်လိုက်သည်။ ချက်ချင်းဆိုသလို အိမ်သာထဲမှနေ၍ 'အောင်မလေးဗျ' ဟု ကိုချူချာ အော်သည်။ သည်တော့မှ ယောကျ်ားအထဲမှာ ရှိသေးသကိုးဟု သတိရကာ မိန်းမက မီးခလုတ်ကို ပြန်ဖွင့်ပေးလိုက်သည်။ အထဲမှနေ၍ သက်သာရာရသံဖြင့် ကိုချူချာ ပြောသည်။

"ဟင်း၊ မီးကြောင့်ကိုး၊ ငါက မျက်စိနှစ်ဘက်စလုံး ကန်းသွားပြီ မှတ်နေတာ"

### ၃၈။ ဈေးကြီးတဲ့သေတ္တာ

သေတ္တာကြီးတစ်လုံးကို အနိုင်နိုင်သယ်ပြီး ကိုချူချာ ဘတ်စ်ကားပေါ် တက်သည်။ လက်မှတ်ရောင်းက ပြောသည်။

"လူတစ်ယောက် တစ်ရူဘယ်၊ သေတ္တာတစ်လုံးကို ၂-ရူဘယ် ကျပါတယ်"

သေတ္တာကို ချပြီး ကိုချူချာ ပြောသည်။

"အီဗန်၊ ထွက်ခဲ့၊ ခရီးသည်အဖြစ်နဲ့ စီးတာက ငို သက်သာတယ်"





### ၃၉။ နမြောလို့ပါ



လူနာက မည်းတူး နေသော မိမိ၏လျှာကို ဆရာဝန်အား ပြသည်။ ဆရာဝန်က မေးသည်။

"ဘယ်လို ဖြစ်တာလဲ"

"လောလော လတ်လတ် ခင်းထားတဲ့ ကတ္တရာလမ်းပေါ် ဖော့ဒ်ကာပုလင်း မတော်တဆ ကျကွဲသွားလို့"

### ၄၀။ ဖြစ်စေချင်သည့်ဆန္ဒ

"ဘီယာနဲ့ ယောက်္ခမ ဘယ်ဟာက ပိုကောင်းသလဲ"

"စားပွဲပေါ်မှာ အေးအေးစက်စက်ကြီး ဖြစ်နေတယ်ဆိုရင် နှစ်ခုစလုံး ကောင်းတယ်"

### ၄၁။ ချက်မှာပဲ

အရက်နိုးချက်သော အဖိုးကြီးကို ကျေးရွာရဲစခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဆင့်ခေါ်ပြီး သတိပေးသည်။

"အဘ၊ အဘ အရက် ခိုးချက်နေတယ်ဆိုတာ ကျွန်တော်တို့ သိတယ်၊ ရပ်လိုက်ပါ"

"မရပ်နိုင်ဘူး ကိုယ့်လူရေ၊ အရင်ကလည်း ချက်ခဲ့တယ်၊ အခုလည်း ချက်နေတယ်၊ နောင်လည်း ချက်မှာပဲကွယ့်"

"အဲဒါဆို ကျွန်တော်တို့ အဘကို ဖမ်းပြီး ထောင်ချရပါလိမ့်မယ်"

"ဖမ်းချင်ဖမ်းပေါ့၊ ငါမရှိရင် ငါ့သား ဆက်ချက်မှာပဲ"

"သူ့ကိုလည်း ထောင်ချပစ်မယ်"

"အဲဒါဆို ငါ့မြေး ချက်လိမ့်မယ်"

"သူ့ကိုလည်း ဖမ်းမယ်"

"ဖမ်းလေ၊ အဲဒီအချိန်မှာ ငါ ထောင်က လွတ်ပြီ"

## ၄၂။ ခေါင့်ရတာ ကြာပြီ

ခရီးသည်တင် လေယာဉ် ပျက်ကျသည်။ လေယာဉ်မယ်တစ်ဦးသာ လေထီးနှင့် ခုန်ဆင်းသဖြင့် အသက်ရှင်သည်။ သူမ၏ လေထီးသည် လူသူမပေါက်သော ကျွန်းတစ်ကျွန်းပေါ် ကျသည်။ မြေပေါ်ရောက်ရောက်ချင်း စိတ်ရောကိုယ်ပါ ပင်ပန်းလွန်းသဖြင့် အမျိုးသမီးသည် အိပ်မောကျသွားသည်။ ပြန်နိုးလာသောအခါ







မိမိ၏အနားတွင် ယောကျ်ား တစ်ယောက် အသားကင် စားနေသည်ကို တွေ့ရသည်။

"ရှင် ဘယ်သူလဲ၊ ဘယ်က လာတာလဲ"

"ငါ ရာဇဝတ်သားလေ၊ လွန်ခဲ့တဲ့ ၁၅–နှစ်က သေမှာပဲဆိုပြီး ငါ့ကို ဒီကျွန်းပေါ်မှာ တစ်ယောက်တည်း ပစ်ထားခဲ့ကြတယ်၊ အခု မင်း မြင်တဲ့အတိုင်းပဲ အသားကင် စားနေတယ်လေ"

"ကျွန်မလည်း စားချင်လိုက်တာ"

"ကျွေးမယ်လေ၊ ဘာပေးမလဲပြော"

"ရှင် လိုချင်တာ ပေးမယ်လေ"

ရာဇဝတ်သား နေရာမှထပြီး လေယာဉ်မယ်ကို ပြေးဖက်သည်။ နှုတ်မှလည်း ဝမ်းသာအားရ ပြောသည်။

"မျှော်လင့်တုန်း ကြော့ဆုံးလာတယ်ဆိုတာ တကယ်ပါပဲကလား၊ မင်းဟာ အင်မတန် ချစ်စရာ ကောင်းတဲ့ မိန်းကလေးပါလား။ အဟင်းဟင်း၊ ဗော့ဒ်ကာ ဘယ်နှစ်ပုလင်း ယူလာသလဲ ပြော။



www.burmeseclassic.com

www.burmeseclassic.com



## ၄၃။ အန္တရာယ်ကို မႈပွယ်ထားချင်ဘူး

တစ်နာရီကို မိုင်တစ်ရာနှုန်းဖြင့် ကားကို မောင်းလာသော အမျိုးသမီးသည် နောက်မှ ရဲကားတစ်စီး လိုက်လာသည်ကို တွေ့လိုက်ရသည်။ သို့နှင့် အရှိန်ကို မြှင့်လိုက်သည်။ မကြာမီ နောက်ထပ်ရဲကားနှစ်စီး ပေါ်လာသည်။ အမျိုးသမီးသည် ကားကို ရပ်ပေးရန် လုံးဝ စိတ်မကူးဘဲ လီဗာကုန် နင်းကာ အတင်းမောင်းသည်။ ရဲကားများကလည်း နောက်မှ ထပ်ကြပ်မကွာ လိုက်သည်။ အမျိုးသမီးသည် လမ်းပေါ်က ခေတ်ဆီဆိုင်တစ်ခုအတွင်းသို့ မောင်းဝင်သွားပြီး ကားကို ရပ်လိုက်သည်။ ထို့နောက် အမျိုးသမီးအိမ်သာသို့ အပြေးအလွှား ဝင်သွားသည်။ ငါးမိနစ်ခန့် ကြာသွားသည်။ သူမ ပြန်ထွက်လာသောအခါ ၎င်း၏ ကားကို ရဲသားငါးဦး ဝိုင်းထားသည်ကို တွေ့လိုက်ရသည်။ အမျိုးသမီးသည် ရဲသားတို့ကို ဟန်ပါပါ ပြုံးပြလိုက်ပြီး ပြောသည်။

"ကျွန်မ ဘာကြောင့် မော်တော်ကားကို အရှိန်ကုန် မောင်းရတယ်ဆိုတာ အခုဆို ရှင်တို့ သဘောပေါက်လောက်ပြီ ထင်ပါတယ်နော်"

## ၄၄။ မီးလောင်တာ မဟုတ်သော်လည်း

မြို့နယ် မီးသတ်ဌာနသို့ အမျိုးသမီးတစ်ဦး အရေးတကြီး





ဖုန်းဆက်သည်။

"ကျွန်မရဲ့အိမ်ပြတင်းပေါက်ကို ယောက်ျားတစ်ယောက် တွယ်တက်ဖို့ ကြိုးစားနေပါတယ်၊ ကူပါဦးရှင်"



"ဒါ ကျွန်တော်တို့နဲ့ မဆိုင်ဘူး။ ရဲစခန်းကို ဆက်ပါ"

"ရဲစခန်းကို ဘာလို့ ဆက်ရမှာလဲ၊ သူ့အတွက် မီးသတ်လှေခါး လိုနေတဲ့ဥစ္စာပဲ"

## ၄၅။ ပထမတော့ သုံးယောက်ထဲပါ

"ရဲသား သုံးယောက် လှေလှော်ပြီး မြစ်ကို ဖြတ်တယ်၊ မြစ်လယ်မှာ ရုတ်တရက် လှေမှောက်တယ်။ ရဲသား ဘယ်နှစ်ယောက် ရေနစ် သေသွားတယ် ထင်လဲ"

"ခြောက်ယောက်၊ ပထမသုံးယောက်က လှေမှောက်တုန်းက၊ နောက်သုံးယောက်က ဖြစ်ပွားပုံကို ပြန်ပြီး လက်တွေ့ စမ်းသပ်ကြည့်ကြတဲ့ အခါမှာ"



www.burmeseclassic.com

www.burmeseclassic.com



## ၄၆။ ခြိမ်းခြောက်စာ

"ဟဲလို၊ ရဲစခန်းကပါလား။ ကျွန်တော့်ကို သတ်ပစ်မယ်ဆိုတဲ့ ခြိမ်းခြောက်စာတစ်စောင်ကို အခုပဲ ကျွန်တော် ရတယ်၊ သူ့မိန်းမကို ကျွန်တော် ကြာကူရိရိုက်ဖို့ ကြိုးစားနေတာကို ရပ်ပါ၊ မရပ်ရင် ခေါင်းဖြတ်သတ်မယ်လို့ လူတစ်ယောက်က သတိပေးတဲ့စာ ရေးတယ်ခင်ဗျ"

"လွယ်လွယ်လေးပဲ၊ သူ့မိန်းမကို ရှောင်လိုက်ပေါ့"

"ပြောတော့ အလွယ်လေး။ ခြိမ်းခြောက်တဲ့လူက စာကို လက်မှတ် မထိုးထားဘူးဗျ"

## ၄၇။ ပြန်မခေါ်ပါနဲ့

စားသောက်ဆိုင်မှ အရက်မူးပြီး ထွက်လာသောသူသည် မဖြတ်ကူးရမည့် နေရာတွင် လမ်းကို ဖြတ်ကူးရန် ကြိုးစားသည်။ ရဲသားက ၎င်းကို လှမ်းအော် ပြောသည်။

"ဟေ့ လူ၊ အခုချက်ချင်း ပြန်လှည့်လာခဲ့"

ထိုလူက လျှာလေးအာလေးဖြင့် ပြန်ပြောသည်။

"မလာနိုင်တော့ဘူး၊ ပိုက်ဆံကုန်ပြီဗျ"





## ၄၈။ ရဲဘော်စိတ်



အိမ်တစ်အိမ်၌ နိုးအောင်းနေသော လက်နက်ကိုင် လူဆိုးကို ရဲသား နှစ်ယောက် အသေရရ အရှင်ရရ ဖမ်းကြရမည်ဖြစ်သည်။ အိမ်ရှေ့တံခါးဝတွင် တစ်ယောက်က အခြား တစ်ယောက်ကို နေရာဖယ်ပေးပြီး ပြောသည်။

"မင်း အရင်ဝင်ကွာ၊ ဘာမှ မစိုးရိမ်နဲ့၊ မင်းအတွက် ငါ ကလဲ့စား ချေမယ်လို့ ကတိပေးပါတယ်"

## ၄၉။ အာလီဘိုင်

"ဧပြီလ ၃-ရက်ကနေ ၄-ရက်ကိုအကူး ညပိုင်းမှာ ခင်ဗျား ဘယ်မှာ ရှိနေခဲ့တယ်ဆိုတာ ပြောပြနိုင်သလား"

"သိပ် ပြောပြနိုင်တာပေါ့၊ အဲဒီနေ့က အခု ဒီရဲစခန်းမှာ ထိုင်ပြီး မတ်လ ၂၃-ရက်က မတ်လ ၂၄-ရက်ကို အကူး ညမှာ ကျွန်တော် ဘယ်မှာ ရှိခဲ့တယ်ဆိုတာကို ရှင်းပြနေခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



## ၅၀။ ကားမှောက်ရှုံ

ရဲက ကားမောင်းသမားကို မေးသည်။

"ခင်ဗျားကား ဘယ်လိုလုပ်ပြီး မှောက်တာလဲဗျ"

"ဒီလိုပါ၊ ကားမောင်းနေရင်း ဘယ်ကိုကွေ့ဖို့ မိန်းမက ပြောတယ်။ နောက်ခုံမှာ ထိုင်နေတဲ့ ယောက္ခမက ညာကွေ့ပါတဲ့၊ ကျွန်တော်က သူတို့နှစ်ယောက်စလုံးရဲ့ ဆန္ဒကို ဖြည့်ဆည်းဖို့ ကြိုးစားလိုက်တယ်။ အိမ်ထောင်စုမှာ အငြင်းပွားတာကို ကျွန်တော်က ဘယ်လိုမှ သည်းမခံတတ်တဲ့ လူမျိုးဗျ"

## ၅၁။ လူမှားသွားဟယ်

ရဲစခန်းတွင် ဖြစ်သည်။ စခန်းမှူးက လူတစ်ယောက်ကို စစ်မေးနေသည်။

"ခင်ဗျားနာမည် ကိုဘမောင် ဟုတ်တယ်နော်"

"ဟုတ်ပါတယ်"

"မော်လမြိုင်မှာ မွေးတယ်"

"ဒါလည်း ဟုတ်ပါတယ်"

"မန္တလေးမှာ သေတယ်၊ ဟုတ်လား"

"မဟုတ်ပါဘူး"





"အဲဒါဆို ကျွန်တော်တို့ရှာနေတာ ခင်ဗျား မဟုတ်ဘူး"



## ၅၂။ ပစ်တယ်၊ မထိဘူး

မှုခင်းသတင်း။

လူဆိုးနောက်ကို လိုက်ရင်း ဒု-ရဲအုပ် စိုးမောင်သည် သေနတ်ကို အပေါ်သို့ ထောင်ပြီး ပစ်လိုက်သည်။ သို့သော် လူဆိုးကို မထိချေ။

## ၅၃။ ရှုပ်ဆိုးမ

အမျိုးသမီးတစ်ဦး ရဲစခန်းအတွင်းသို့ ပြေးဝင်လာပြီး ပြောသည်။

"ကျွန်မနောက်ကို ယောကျ်ားတစ်ယောက် လိုက်နေတယ်ရှင့်၊ အရက်မူးသမား ဟုတ်ချင် ဟုတ်၊ မဟုတ်ရင် ရူးနေတဲ့ လူပဲ ဖြစ်ရမယ်"

တာဝန်ကျ ရဲသားက အမျိုးသမီးကို အသေအချာ ကြည့်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်စိကန်းနေတဲ့ လူလည်း ဖြစ်နိုင်ပါတယ်"

## ၅၄။ ဆေးသေတ္တာ

ကားဆရာကို ယာဉ်ထိန်းရဲက မေးသည်။

"ကားပေါ်မှာ ဆေးသေတ္တာပါသလား"

"မပါဘူး၊ ဒါပေမယ့် ကျွန်တော်နဲ့အတူ သူနာပြု ဆရာမ ပါလာပါတယ်ဗျ"

## ၅၅။ နှစ်ခါမကြည့်ချင်ဘူး

၂၄-နာရီ နောက်ယောင်ခံလိုက်ရန် တာဝန်ပေးထားသည့်ကြားမှ လူဆိုးကို မျက်ခြေပြတ်သွားသည့် ရဲသားနှစ်ယောက်ကို ရဲမှူးက ဆင့်ခေါ်ပြီး မေးသည်။

"ဘယ်လိုဖြစ်ပြီး မင်းတို့ သူ့ကို မျက်ခြေ ပြတ်သွားရတာလဲ"

"သူ ရုပ်ရှင်ရုံထဲ ဝင်သွားပါတယ်"

"မင်းတို့ ဝင်မလိုက်သွားဘူးလား"

"ကျွန်တော်တို့ ဒီကားကို ကြည့်ပြီးသား ဖြစ်လို့ပါ"





## ၅၆။ မိန်းမကြောက်



မှောင်ရီပျိုးစအချိန် လမ်းထောင့်တစ်နေရာတွင် လမ်းလျှောက်လာသူ တစ်ယောက်ကို လူဆိုးက သေနတ် တော့ပြီး ပါသမျှ ပိုက်ဆံအကုန် ထုတ်ရန် အမိန့်ပေးသည်။ အလုခံရသူက ကြောက်ကြောက်လန့်လန့် ပြောသည်။

"ကျွန်တော် လမ်းမှာ အလုခံရတယ်လို့ ပြောရင် ကျွန်တော့်မိန်းမ ယုံမယ် ထင်သလားဗျ၊ ဟင်"

လူဆိုးကလည်း ပြန်ပြောသည်။

"ကျုပ် ဒီနေ့ တစ်နေ့လုံး ဘယ်သူ့ကိုမှ မလုလိုက်ရဘူးလို့ ပြောရင် ကျုပ်မိန်းမလည်း ယုံမှာ မဟုတ်ဘူးဗျ"

## ၅၇။ အလေမလိုက်နဲ့

မိန်းမက ယောကျ်ားကို ပြောသည်။

"ရှင် မနေ့က တစ်နေ့လုံး ဘယ် အလေလိုက်နေသလဲ၊ ဒီနေ့ သတင်းစာတွေထဲမှာ ဖောက်ထွင်းမှု သတင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ မပါဘူး"

## ၅၈။ ဖတ်ပါစေ

မိန်းမက ယောကျာ်းဖြစ်သူ ပါမောက္ခကို ပြောသည်။

"ရှင့် စာကြည့်ခန်းထဲမှာ သူခိုးရောက်နေတယ်"

"ဘာလဲ၊ သူ စာဖတ်နေသလား"

## ၅၉။ ခြိမ်းခြောက်မှု

ကိုဘမောင်၏ ဇနီးကို လူဆိုးများ ပြန်ပေးဆွဲသွားကြသည်။ နှစ်ရက် ကြာသောအခါ ကိုဘမောင်၏ အိမ်ခန်းတွင် တယ်လီဖုန်းသံ မြည်လာသည်။ တစ်ဘက်မှ လူဆိုးက ပြောသည်။

"နောက်နှစ်နာရီအတွင်း ကျုပ်တို့ တောင်းထားတဲ့ ပိုက်ဆံလာပေးရင် ပေး။ မပေးရင် ခင်ဗျားမိန်းမကို ကျုပ်တို့ ချက်ချင်း ခင်ဗျားဆီ ပြန်ပို့လိုက်မယ်"

## ၆၀။ ကားသူခိုး

တရားသူကြီးက တရားခံကို မေးသည်။



"ဒီကားကို မောင်မင်း ဘာဖြစ်လို့ ခိုးရတာလဲ"

"ပိုင်ရှင် မရှိဘူး ထင်လို့ပါ"

"ဘာဖြစ်လို့ ထင်ရတာလဲ"

"သင်္ချိုင်းရှေ့မှာ ရပ်ထားလို့ပါ"



## ၆၁။ ဘယ်သူ့ကို လိုချင်တာလဲ

အလုပ် လာလျှောက်သောလူကို ဝန်ထမ်းရေးရာဌာန အကြီးအကဲက ပြောသည်။

"ခင်ဗျားရဲ့ အသက်အရွယ်နဲ့ဆိုရင် ဒီထက်ပိုပြီး တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှား ရှိသင့်တယ်လို့ ကျွန်တော် ထင်တယ်"

"လူကြီးမင်းတို့ ရုံးက ဘာကို လိုချင်တာလဲ၊ ငွေကိုင်စာရေးကြီးလား။ မျောက်လား"

www.burmeseclassic.com

www.burmeseclassic.com



## ၆၂။ ဘုရားမလို့

တရားသူကြီးက တရားခံကို မေးသည်။

"ဖောက်ထွင်းမှုကို ခင်ဗျား ကျူးလွန်ခဲ့တယ်ဆိုတာ ဝန်ခံသလား"

"ဝန်မခံပါဘူး"

"ခင်ဗျားမှာ အလီဘိုင်ရှိသလား"

"အလီဘိုင်ဆိုတာ ဘာကို ပြောတာလဲ"

"ဩော်၊ ခင်ဗျား ဖောက်ထွင်းတာကို တစ်ယောက်ယောက်က မြင်သလား"

"ဘုရားမ,လို့ တစ်ယောက်မှ မမြင်ပါဘူး"

## ၆၃။ ရှောင်ပါ့မယ်

တရားသူကြီးက တရားခံကို ပြောသည်။

"ကောင်းပြီ၊ ခင်ဗျားကို ချုပ်ရက်တွေ ထည့်တွက်ပြီး ဒီနေ့ပဲ လွှတ်လိုက်ပါတယ်၊ နောင်ဆို မကောင်းတဲ့ လူတွေကို ရှောင်ပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ၊ နောင်ကို တရားသူကြီးမင်း ကျွန်တော့်ကို ဘယ်တော့မှ မတွေ့စေရပါဘူး"





## ၆၄။ မမူးရင် ဘာလုပ်မလဲ



"အရက်မူးနေတဲ့ အချိန်မှာ သူ့ခေါင်းကို ခင်ဗျား ဘီယာခွက်နဲ့ ထုလိုက်တယ်နော်"

"ဟုတ်ပါတယ်"

"ခင်ဗျား မူးနေတယ်ဆိုတာ ဘယ်လိုလုပ် သက်သေထူမလဲ"

"ခွက်ထဲမှာ ဘီယာအပြည့် ရှိနေတယ်လေ"

## ၆၅။ မေ့းရာပါ

တရားသူကြီးက တရားခံကို မေးသည်။

"ဦးဘမောင်ကို ခင်ဗျား အုတ်ခဲနဲ့ ခေါင်းကို ထုလိုက်တယ်ဆိုတာ ခင်ဗျား ဝန်ခံတယ်နော်"

"ဝန်ခံပါတယ်၊ ဒါပေမယ့် သူ့ခြေထောက် ခွင်နေတာက အရင်ကတည်းကပါ"



www.burmeseclassic.com

www.burmeseclassic.com

## ၆၆။ ကြိုးစားပါသေးတယ်

"မိန်းမကို ခင်ဗျား ဘာဖြစ်လို့ လည်ပင်းညှစ်သတ်ရတာလဲ၊ ပဋိပက္ခကို တခြားနည်းနဲ့ မဖြေရှင်းနိုင်ဘူးလား"

"အရင်တစ်ခါတုန်းက အဆိပ်ခတ်သတ်ဖို့ ကျွန်တော် ကြိုးစားပါသေးတယ်၊ မအောင်မြင်ဘူး"

## ၆၇။ သူ့ကိုပဲ ပြောပြပါ

အိမ်နီးချင်း အမျိုးသမီးအား ရုန့်ရင်းကြမ်းတမ်းသော စကားများဖြင့် ရိုင်းပြစွာ စော်ကားသော မိန်းမတစ်ယောက်၏အမှုကို တရားရုံးတွင် စစ်ဆေးသည်။ ရှေ့နေပေါက်စက ဆဲရေးတိုင်းထွာသည့်စကား တစ်လုံးမကျန် ရုံးတော်ကို ပြန်ပြောပြရန် အစော်ကားခံရသော အမျိုးသမီးကို မေတ္တာရပ်သည်။ အမျိုးသမီးက ငြင်းသည်။

"ကျွန်မ မပြောပြပါရစေနဲ့ရှင်၊ သူပြောခဲ့တဲ့ စကားကို ဘယ်လူကြီးလူကောင်းမှ နားမထောင်သင့်ပါဘူး ရှင်"

"အဲဒါဆို တရားသူကြီးမင်းဘက် သွားပါ၊ သူ့နားနားကပ်ပြီး တိုးတိုးလေး ပြောပြပါ"





## ၆၈။ တစ်ယောက်တည်း စားတာကိုး



တရားသူကြီးက တရားခံကို မေးသည်။

"တရားလိုရဲ့ ခေါင်းကို ခင်ဗျား ကုလားထိုင်နဲ့ ဘာဖြစ်လို့ ပစ်ပေါက်ရတာလဲ"

"ကျွန်တော် သူ့ကို ပြောတယ်၊ ကျွန်တော့်ရှေ့မှာ ပုရစ်ကောင်ကြော်ကို မစားပါနဲ့လို့၊ မရဘူး၊ ဆက်စားတယ်"

"လှည့်ထွက်သွားလိုက်ပါလား"

"ကျွန်တော်လည်း စားချင်တာကိုးဗျ"

## ၆၉။ ရှေ့နေကောင်း

"အဲဒီရှေ့နေကို ငှားဖို့ ခင်ဗျားကို တိုက်တွန်းချင်တယ်"

"ဘာလဲ၊ ကျွန်တော် အပြစ်မရှိဘူးဆိုတာ သူ သက်သေထူနိုင်မယ် ထင်သလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကော့ လုံးဝ သံသယ မဖြစ်နဲ့၊ တလောက ကျုပ်ကို ခွေးတစ်ကောင်ကိုက်လိုက်တယ်၊ ဒါနဲ့ ခွေးပိုင်ရှင်ကို ကျုပ် တရားစွဲတယ်၊ ခွေးပိုင်ရှင်ဘက်က စောစောက ကျုပ်ပြောတဲ့ ရှေ့နေလိုက်ပေးတယ်၊ အမှု ဘယ်လိုအဆုံးသတ်သွားတယ် ထင်လဲ၊ ခွေးကို ကိုက်တာ ကျုပ်ပါလို့ တရားရုံးမှာ သူ သက်သေထူလိုက်နိုင်တယ်လေ"

## ၇၀။ သံသယ

"ဟောဒီ တရားခံဟာ ခင်ဗျားရဲ့ကားကို ခိုးသွားတဲ့ လူပါလို့ အခိုင်အမာ ပြောရဲသလား"

"တရားသူကြီးမင်း ခင်ဗျာ၊ တရားခံရှေ့နေရဲ့ လျှောက်လဲချက်ကို နားထောင်ပြီးတဲ့အခါမှာ ကျွန်တော့်ဆီမှာ မော်တော်ကား ရှိမှရှိခဲ့ရဲ့လားလို့တောင် စိတ်ထဲမှာ သံသယ ဝင်လာပါတယ် ခင်ဗျာ"

## ၇၁။ တွက်ကိန်း

သူဌေးကြီး ဦးဘဖြိုးသည် ညစာစားပွဲတစ်ခု၌ အောက်ပါအတိုင်း ပြောသည်။







"ကျုပ်သမီးတွေ မင်္ဂလာဆောင်တဲ့အခါ သူတို့ တစ်ယောက်ချင်းကို လက်ဖွဲ့အဖြစ်နဲ့ ပစ္စည်းရော၊ ပိုက်ဆံပါ ပေးမယ်လို့ စိတ်ကူးထားတယ်၊ ဥပမာ– အငယ်ဆုံးသမီး လှလှ လက်ထပ်ရင် ရွှေဆွဲကြိုးတစ်ကုံးနဲ့ ပိုက်ဆံတစ်သိန်း။ အသက် ၂၅– နှစ် ရှိပြီဖြစ်တဲ့ သမီးအလတ် မြမြ လက်ထပ်ရင် စိန်လက်စွပ်တစ်ကွင်းနဲ့ ပိုက်ဆံသုံးသိန်း။ အသက် ၃၀–ရှိပြီဖြစ်တဲ့ သမီးကြီး ခင်ခင် အိမ်ထောင်ပြုရင် စိန်နားကပ်တစ်ရံနဲ့ ငွေငါးသိန်း ပေးမယ်လို့ ဆုံးဖြတ်ထားတယ်"

ညှိသည်များ အထဲမှ လူငယ်တစ်ယောက်က မေးသည်။

"အန်ကယ့်ဆီမှာ အသက် ၄၀၊ ၅၀–အရွယ်ရှိတဲ့ သမီးကော မရှိဘူးလား၊ ဟင်"

## ၇၂။ ကြောက်စရာ ကောင်းတဲ့ ဒေါ်လေး

အိမ်နီးချင်း အမျိုးသမီး ထပြန်မည်လုပ်သောအခါ ဒေါ်မြမြ



www.burmeseclassic.com

www.burmeseclassic.com



က ငါးနှစ်အရွယ် သားငယ်ကို ပြောသည်။

"သား။ အန်တီ့ကို နှုတ်ဆက်အနမ်းလေးတစ်လုံး ပေးလိုက်ပါဦးကွယ့်"

"ဟင့်အင်း။ မပေးချင်ဘူး။ တစ်နေ့က ဖေဖေ သူ့ကို နမ်းတော့ ဒီအန်တီက ဖေဖေ့ကို ပါးချတယ်ခင်ဗျ"

## ၇၃။ များများ ရချင်တယ်

ဈေးထဲသို့ အမေနှင့်အတူ ပီတာ လိုက်လာသည်။ ဈေးတွင် လူတစ်ယောက် ချယ်ရီသီးများကို တောင်းတစ်လုံးတွင် ထည့်ကာ ချရောင်းနေသည်ကို ပီတာမြင်ရာ ထိုလူကြီးအနားမှ မခွါဘဲ တောင်းကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိသည်။ လူကြီးက ပြုံးပြီး ပီတာကို ပြောသည်။

"ဟေ့ ချာတိတ်၊ ကြိုက်သလောက် ယူကွာ၊ ဦး ခွင့်ပြုပါတယ်"

မောင်ပီတာ ချီတုံချတုံ ဖြစ်နေသည်။ သို့နှင့် တောင်းပိုင်ရှင်က ချယ်ရီသီးများကို လက်နှစ်ဘက်နှင့် ကျုံးယူကာ ပီတာအား ပေးလိုက်သည်။

အိမ်ပြန်ရောက်သောအခါ အမေဖြစ်သူက သား၏ အားနာတတ်သောစိတ်နှင့် ယဉ်ကျေးသော အပြုအမူအတွက် ချီးမွမ်း







စကား ပြောရာ ပီတာက ပြန်ပြောသည်။

"ကျွန်တော် ကိုယ့်ဟာကိုယ် ယူမလို့ဘဲ မေမေရဲ့၊ ဒါပေမယ့် ဟိုဦးရဲ့လက်က ပိုကြီးတယ် မဟုတ်လား"

## ၇၄။ ပထမဦးဆုံးနဲ့ နောက်ဆုံး

"အဖိုး . အဖိုးရဲ့ဘဝမှာ ပထမဦးဆုံး နမ်းခဲ့တဲ့ အမျိုးသမီးကို မှတ်မိလားဟင်"

"နောက်ဆုံး အမျိုးသမီးကိုလည်း မမှတ်မိတော့ပါဘူး ငါ့မြေးရယ်"

## ၇၅။ ဆံပင်ညှပ်ဆိုင်

လူကြီးတစ်ယောက်သည် ချာတိတ်လေးကို လက်ကဆွဲပြီး ဆံပင်ညှပ်ဆိုင်သို့ ရောက်လာသည်။ လူကြီးသည် ထိုင်ခုံပေါ် တက်ထိုင်လိုက်ပြီး ဆံပင်ညှပ်ဆရာကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆံပင်လည်း ညှပ်၊ မုတ်ဆိတ်လည်း ရိပ်ပေးစမ်းပါ"

ပြီးသောအခါ ထိုင်ခုံပေါ် ချာတိတ်ကို တင်လိုက်ပြီး ခလေးကို ဆက်ညှပ်ရန် ပြောသည်။

"ချာတိတ်ကို ညှပ်နေတုန်း ကျုပ် သတင်းစာ ပြေးဝယ်လိုက်ဦးမယ်"

တစ်နာရီ၊ နှစ်နာရီခန့် ကြာသွားသည်။ သည်းမခံနိုင်တော့သည်နှင့် ဆံပင်ညှပ်ဆရာက ချာတိတ်ကို အော်သည်။

"ဟေ့ ချာတိတ်၊ မင်းအဖေ သွားတာ ကြာလှချည်လားကွ"

"အဲဒါ ကျွန်တော့အဖေ မဟုတ်ဘူး၊ လမ်းမှာ တွေ့တဲ့ အဲဒီလူကြီးက ဆံပင် အခမဲ့ ညှပ်ချင်ရင် လိုက်ခဲ့ဆိုပြီး ခေါ်လာလို့ ကျွန်တော် ရောက်လာတာပါ"

## ၇၆။ နားရွက်

မောင်ပီတာ ကျောင်းမှ ငိုယိုပြီး ပြန်လာသည်။

"မေမေ၊ ကျောင်းမှာ အတန်းကြီးသမားတစ်ယောက်က သားကို ထိုးတယ်"

"ဟုတ်လား၊ သားကို ထိုးတဲ့ ကျောင်းသားကို သားမှတ်မိတယ် မဟုတ်လား"





"သားတင် မဟုတ်ဘူး။ တွေ့တဲ့ လူတိုင်း သူ့ကို မှတ်မိမှာပဲ၊ သူ့နားရွက် တစ်ဘက်က သားရဲ့ အိပ်ထောင်ထဲမှာလေ"



## ၇၇။ ဆင်နိုင်မင်းသား

ဆင်ကို ခေါင်းညိတ်အောင် လုပ်နိုင်သူရှိလျှင် ဒေါ်လာ ၂၀- ဆုချမည်ဟု ဆပ်ကပ်ရုံ မန်နေဂျာက ကြေညာသည်။ ပရိသတ်ထဲမှ တစ်ယောက်ပြီး တစ်ယောက်ထွက်ကာ အမျိုးမျိုး ကြိုးစားကြသည်။ အချည်းနှီးပင်၊ နောက်ဆုံး ပီတာလေးတွင် ထွက်လာပြီး ဆင်၏ အမြီးကို နောက်မှနေ၍ တအား ဆောင့်ဆွဲသည်။ နာလွန်းသောကြောင့် ဆင်သည် အသံထွက်အော်ပြီး ခေါင်းကို အကြိမ်ကြိမ် ညိတ်သည်။ ပီတာ ဒေါ်လာ ၂၀- ရသွားသည်။

နောက်တစ်နေ့တွင် မန်နေဂျာက "ဆင်၏ ခေါင်းကို ဘယ်ပြန် ညာပြန် ခါအောင် လုပ်နိုင်လျှင် ဒေါ်လာ ၅၀-ပေးမည်" ဟု ကြေညာသည်။ သို့သော် ဆင်ကို နာကျင်အောင် မလုပ်ရ၊



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းချက် ထားသည်။

မနေ့ကကဲ့သို့ပင် မည်သူမှ မအောင်မြင်ချေ။ ပီတာလေး ထွက်လာပြီး ဆင်အနားသို့ ကပ်သွားသည်။ ထို့နောက် ဆင်ကို မေးသည်။

"ဟေ့ကောင်၊ မင်း ငါ့ကို မှတ်မိလား"

ဆင် ခေါင်းညိတ်သည်။

"မနေ့ကလို ဆောင့်ဆွဲလိုက်ရမလား"

ဆင် ဘယ်ပြန်ညာပြန် ခေါင်းကို ခါသည်။

## ၇၈။ ဈေးနှုန်း

ဈေးရောင်းသူအဖေနှင့်အတူ ချာတိတ်လေး ဘောလုံးပွဲ သွားကြည့်သည်၊ ဘောလုံးပွဲ စသောအခါ ချာတိတ်က အဖေကို မေးသည်။

"ဖေဖေ၊ ဈေးနှုန်းကို သူတို့ ဘာဖြစ်လို့ ကျောကုန်းမှာ ရေးထားရတာလဲ၊ ဟင်"

## ၇၉။ မေမေ့မိဘ

ပီတာလေးက အမေကို ပြောသည်။





"မေမေ၊ ဖေဖေက ပြောတယ်၊ လူဆိုတာ မျောက်က ဆင်းသက်တယ်တဲ့၊ ဟုတ်သလားဟင်"



"မသိဘူး သား၊ မင်းဖေဖေက မေမေ့ကို သူ့မိဘ တွေနဲ့ မိတ်မဆက်ပေးသေးဘူး"

## ၈၀။ ကစားတာ မဟုတ်ပါ

အဖေက ပီတာလေးကို ပြောသည်။

"သား၊ မီးခြစ်နဲ့ မကစားပါနဲ့လို့ မင်းကို ဖေဖေ ဘယ်နှစ်ခါ ပြောရမလဲဟင်"

"ကျွန်တော် ကစားတာ မဟုတ်ပါဘူး ဖေဖေ၊ စီးကရက် မီးညှိမလို့ပါ"

## ၈၁။ မအားလို့ပါ

ဆရာမက ပီတာလေးကို မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ပီတာ၊ အိမ်စာတွေကို ဘာဖြစ်လို့ မင်းအဖေချည်း လုပ်ပေးရတာလဲ"

"ဘယ်တတ်နိုင်မလဲ၊ မေမေမှ မအားတဲ့ဥစ္စာ"

## ၈၂။ အတွင်းစကား

"ကျွန်တော့်အဖေ ဘာလုပ်သလဲဆိုတာ ကျွန်တော် မသိဘူး"

"ကျွန်တော့ အဖေကတော့ တက္ကစီဒရိုင်ဘာ"

"ပီတာ၊ မင်းအဖေကကော ဘယ်သူလဲ"

"ကျွန်တော့အဖေ ဆန်ကုန်မြေလေး"

"မင်းကို ဘယ်သူ ပြောလဲ"

"မေမေ"

## ၈၃။ ဘီးမရှိပါ

"ပီတာ၊ ဘာဖြစ်လို့ ကျောင်းကို ခေါင်းမဖြီးဘဲနဲ့ လာရသလဲ"

"ကျွန်တော့်မှာ ဘီးမရှိလို့ပါ"

"အဖေ့ဘီးကို ယူသုံးရောပေါ့"





"ဖေဖေက ထိပ်ပြောင်ခင်ဗျ"



## ၈၄။ ဆံပင်

"မေမေ၊ ဘာဖြစ်လို့ ဖေဖေ့ ခေါင်းမှာ ဆံပင် နည်းနည်းပဲ ရှိတာလဲဟင်"

"သားဖေဖေက အင်မတန် ဉာဏ်ကြီးတဲ့လူ၊ သူ အများကြီး စဉ်းစားတဲ့ လူမို့ပေါ့"

"မေမေ့မှာကျတော့ ဘာဖြစ်လို့ ဆံပင်တွေ အများကြီး ရှိရတာလဲ"

"ဟဲ့ကောင်လေး၊ လျှာရှည်မနေနဲ့၊ စားမှာသာ စားစမ်း"

## ၈၅။ အမှားမရှိပါ

ဆရာမက ပီတာလေးကို ပြောသည်။

"ပီတာ၊ မင်းရဲ့ စာစီစာကုံးမှာ အမှားတစ်လုံးမှ



www.burmeseclassic.com

www.burmeseclassic.com



မပါဘူး။ မှန်မှန် ပြောစမ်း၊ မင်းအဖေကို ဘယ်သူ ကူလိုက်သလဲ"

## ၈၆။ မယူပါနဲ့၊ ပေးပါ

"ယူတာထက် ပေးတာက ပိုကောင်းသည်" ဟူသော ဆောင်ပုဒ်ကို မှတ်သားထားကြရန် ဆရာမက တပည့်များကို ပြောရာ ပီတာလေးက ထောက်ခံသည်။

"ကျွန်တော့်အဖေဟာ အဲဒီ ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်သုံးတယ် ခင်ဗျ"

"အဲဒါဆို မင်းအဖေဟာ အင်မတန် စိတ်ထား ပြင့်မြတ်တယ်လို့ ဆိုရမယ်၊ ဒါနဲ့ မင်းအဖေ ဘာလုပ်သလဲ ကွယ့်"

"လက်ဝှေ့သမား"

## ၈၇။ တွေ့ရမှာကြောက်လို့

ပီတာလေး၏ မိဘများနှင့် တွေ့ဆုံရန် အတန်းပိုင်ဆရာမ အိမ်သို့ ရောက်လာသည်။ ပီတာလေးကိုပဲ တွေ့သည်နှင့် ဆရာမက မေးသည်။





"ပီတာ၊ မင်းအမေ ရှိသလား"

"ပြန်မလာသေးဘူး"

"မင်းအဖေကော"

"သူလည်း ပုန်းနေတယ်"



## ၈၈။ သိင်္ချာဆယ်တဲ့သား

"ဖေဖေ၊ ဒီနေ့ အတန်းပိုင်ဆရာမက မေးတယ်၊ သင်္ချာပုစ္ဆာတွေကို တွက်ရာမှာ မင်းအဖေ ကူပေးသလားတဲ့"

"သားက ဝန်ခံလိုက်သလား"

"ဟင့်အင်း၊ တစ်ပုဒ်မှ မမှန်တာဘဲ၊ ဖေဖေ သိက္ခာကျသွားမှာပေါ့"

## ၈၉။ လက်တည့်သူ

"ခင်ဗျားသား ပီတာ ကျွန်တော့်ကားကို ခဲနဲ့ ပေါက်တယ်ခင်ဗျ"

"ဟုတ်လား၊ မှန်သွားသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားမလို့ လွဲသွားတယ်"

"အဲဒါဆို ဝီတာ မဟုတ်ဘူး"

## ၉၀။ မေးစမ်းပါ

အဖေရှိရာ အခန်းထဲသို့ ဝီတာလေး အရေးတကြီး ပြေးဝင်လာပြီး အော်ပြောသည်။

"ဖေဖေ၊ ဖေဖေ"

"ဝီတာ၊ မမေးဘဲနဲ့ ပါးစပ်ကို မဟရဘူးလို့ မင်းကို ငါ ဘယ်နှစ်ခါ ပြောရမလဲ"

"ဟုတ်ကဲ့ ဖေဖေ၊ ဖေ့ဖေ့စကားကို နားထောင်ပါ့မယ်၊ အခု စောစောက အသံဟာ မင်းအမေ လှေခါးက လိမ့်ကျတာလားလို့ မေးစမ်းပါ ဖေဖေ"

## ၉၁။ မျက်လုံး

"ဖေဖေ၊ မျက်စိနှစ်ဘက်စလုံးကို မှိတ်လိုက်ပါ"

"ဘာလုပ်ဖို့လဲ သမီးရယ်"

"မေမေက ပြောတယ်လေ၊ ညည်းတို့အဖေ မျက်စိနှစ်ဘက် မှိတ်သွားရင် ငါတို့ဘဝ သာယာလာဖို့ ရှိတယ်တဲ့"





## ၉၂။ ကယ်တင်ရှင်



မိန်းမက ယောက်ျားကို သတိပေးသည်။

"ကိုတာမောင်၊ ဒီနေ့ ကိုရွှေဂဲရဲ့ သား လာပြီး ရှင့်သမီးကို လက်ထပ်ပါရစေလို့ ခွင့်တောင်းရင် ရှင့် အနေနဲ့ 'အေး'လို့ တစ်လုံးပဲ ပြောပါ။ 'အောင်မယ်လေး၊ ကယ်တင်ရှင်ကြီးရယ်'ဆိုပြီး ကောင်လေးကို နေရာက ထပြီး လက်ဆွဲမနှုတ်ဆက်နဲ့နော်။"

## ၉၃။ အကြောက်တရား

"အခုခေတ် လူငယ်တွေဟာ မိန်းမယူရမှာကို ပိုပိုပြီး ကြောက်လာကြတယ်"

"အဲဒါ မှန်တာပေါ့၊ ကျုပ်တော်ဆိုရင် မိန်းမ မယူခင်တုန်းက အကြောက်တရားဆိုတာ ဘာမှန်း မသိခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



## ၉၄။ အားကြီးချစ်တယ်

သမီး ရည်းစား ချိန်းတွေ့ရာတွင် ပြောသောစကား။

"မောင်၊ မကို ချစ်ရဲ့လား"

"သိပ်ချစ်တာပေါ့"

"အာဒမ်က ဧဝကို ချစ်သလိုပဲလား"

"အဲဒီထက်တောင် ပိုပါတယ်"

"ဖြစ်နိုင်ပါ့မလား မောင်"

"သိပ်ဖြစ်တာပေါ့။ အာဒမ်မှာ ရွေးစရာ မရှိခဲ့ဘူးလေ"

## ၉၅။ ယုန်မွေးဦးထုပ်

သင်္ဘောပေါ်တွင် ရုရှားလင်မယားစုံတွဲ၊ ပြင်သစ်လင်မယားစုံတွဲ၊ အင်္ဂလိပ်လင်မယားစုံတွဲတို့ လိုက်ပါလာကြသည်။ ယောကျ်ားများ အခန်းတစ်ခန်းထဲ စုထိုင်ပြီး ဝီစကီ သောက်ကြသည်။ အင်္ဂလိပ်က အကြံပြုသည်။

"ကျုပ်တို့တစ်တွေကို သူတို့ သစ္စာဖောက်ခဲ့သလား။ မဖောက်ခဲ့ဖူးလားဆိုတာ မိန်းမတွေကို သွားမေးကြရအောင်"

အင်္ဂလိပ်က သူ့မိန်းမကို ဖွဲ့ဆော်ဦး စ,မေးသည်။

"ဒါလင်ရေ၊ မင်း ငါ့ကို သစ္စာဖောက်ခဲ့ဖူးသလား"

အင်္ဂလိပ်မက ပြန်ဖြေသည်။







"ဒါလင် မှတ်မိတယ် မဟုတ်လား။ ကျွန်မတို့ဆီမှာ ငွေပိုတွေ ပေါ်လာပြီး မော်တော်ကား ဝယ်လိုက်တာလေ"

ပြင်သစ်က သူ့မိန်းမကို မေးသည်။ ပြင်သစ်မက ပြန်ဖြေသည်။

"ကျွန်မဆီမှာ စိန်နားကပ်တစ်ရံ ပေါ်လာတုန်းက ရှင် မှတ်မိတယ် မဟုတ်လား"

ရုရှား၏ အလှည့် ရောက်လာသည်။

"မာရီယာရေ၊ မင်း ငါ့ကို သစ္စာဖောက်ခဲ့ဖူးသလား ကွာ"

"အီဗန်၊ ယုန်မွေးနဲ့ လုပ်ထားတဲ့ ရှင့်ဆောင်းဦးထုပ် ပျောက်သွားတာကို ပြန်သတိဖော်ကြည့်လေ"

## ၉၆။ ကွာရှင်းခြင်း

"ကိုဘမောင်တို့ လင်မယား ကွာရှင်းကြတော့မယ် ဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သော။ ဘယ်သူ အပြစ်ရှိသလဲ"

"ကိုဘမောင်ပေါ့၊ ပုံမှန်အချိန်ထက် ၂-နာရီစောပြီး သူ့အိမ်ကို ပြန်ရောက်လာတာကိုး"

## ၉၇။ လျှပ်စစ်မီတာ

အိမ်နီးချင်းနှစ်ယောက် စကား ပြောနေကြသည်။

"ဟေ့လူ၊ ခင်ဗျားအိမ်ခန်းမှာ မနေ့ည တစ်ညလုံး မီးတွေ လင်းနေပါလား။ ဧည့်သည်တွေ ရောက်နေလို့လား"

"ဟင့်အင်း၊ မနက်ဖြန် နယ်ထစခန်းကနေ မိန်းမ ပြန်ရောက်လာမယ်လေ၊ တစ်လလုံးလုံး လျှပ်စစ်မီတာ လုံးဝ ာားလို့ မေးမှာ စိုးလို့ဗျို့"

## [illegible] မှားမိခြင်း

ရာဘင်နိုဗစ်၍ မိမိဟာ မိမိ စဉ်းစားသည်။

"ငါတို့ဆီမှာ အင်မတန် ကောင်းပြီး သူတို့ဆီမှာ အင်မတန် ဆိုးတယ်ဆိုရင် ဘာဖြစ်လို့ သူတို့တစ်တွေ ကောင်းကောင်းနေကြရပြီး ငါတို့တစ်တွေ ဒီလောက်တောင် ဆင်းရဲရပါလိမ့်"





## ၉၉။ ဘယ်ကိုလဲ



ယောက်ျားဖြစ်သူ မနက်မှ အိမ်ပြန်ရောက်လာသည်။ တံခါးကို အသာလေး ဖွင့်သည်။ အိပ် ခန်းထဲ ခြေဖော့ပြီး ဝင်သည်၊ ကိုယ်ပေါ်မှ အဝတ်အစားများကို တစ်ခုချင်း ချွတ်သည်၊ မိန်းမဖြစ်သူ နိုးလာသည်။

"ရှင် ဘယ်က ပြန်လာတာလဲ"

ယောက်ျားဖြစ်သူ အဝတ်အစားကို ကပျာကယာ ပြန်ဝတ်သည်။

"ဘယ်ကလဲ မဟုတ်ဘူး။ ဘယ်ကိုလဲလို့ မေး၊ ငါ အလုပ်သွားမလို့ ပြင်နေတာ မြင်ရက်သားနဲ့"

## ၁၀၀။ ကြေးနန်းစာ

အနားယူစခန်း ရောက်နေသော ဇနီးသည်က ယောက်ျားထံ ကြေးနန်းစာ ပို့သည်။

"ရှင်ဟာ ကျွန်မရဲ့ ယောက်ျားဆိုတာ မမေ့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



နောက် ၂-ရက်အကြာတွင် ယောကျ်ားထံမှ တုန့်ပြန်ကြေးနန်းစာ ရသည်။

"ငါ့ကို ခွင့်လွှတ်ပါ၊ မင်းပို့တဲ့ ကြေးနန်းစာ နောက်ကျမှ ရောက်လာတယ်"

## ၁၀၁။ သူငယ်ချင်းကောင်း

ကိုဘမောင် ထွေထွေဖြင့် အိမ်သို့ နောက်ကျမှ ပြန်ရောက်လာသည်။ မိန်းမက ခါးထောက်ပြီး မေးသည်။

"ရှင် ဘယ်သွားနေတာလဲ"

"ကိုရွှေဂဲဆီ ခဏဆိုပြီး ဝင်လိုက်တာ အရက်အတင်းတိုက်ပြီး တစ်အိမ်လိုနေလို့ ပိုကာဝိုင်းဖြစ်အောင် ဝင်ထိုင်ပေးပါဦး ဆိုတာနဲ့ ထိုင်လိုက်ရတယ်ကွာ"

မိန်းမဖြစ်သူ ကိုရွှေဂဲဆီ ချက်ချက်း ဖုံးဆက်သည်။

"ကိုရွှေဂဲ၊ ကိုဘမောင် ရှင့်ဆီ လာသလား"

"လာတယ်၊ အခုထိ ထိုင်နေတုန်းပဲ"

## ၁၀၂။ လမ်ဘာဒါ(LAMBADA)

မျက်နှာတွင် ညှိုမည်းသော ဒဏ်ရာဖြင့် လူငယ်သည်







ရုံးသို့ ရောက်လာရာ မိတ်ဆွေများက ဝိုင်းမေးကြသည်။

"ဟေ့ကောင်၊ ဘာဖြစ်လာတာလဲ"

"မနေ့ညနေက ကပွဲတစ်ခုကို သွားတယ်၊ အမျိုးသမီးတစ်ယောက်နဲ့ 'လမ်ဘာဒါ'ကတယ်၊ ကနေတုန်း နားကန်းနေတဲ့ သူ့ယောကျ်ား ဝင်လာတယ်ဗျာ"

## ၁၀၃။ ခြွင်းချက်

"ကျွန်မယောကျ်ား ကိုဘမောင်ဟာ ကျွန်မကို ချစ်မှချစ်ရဲ့လားလို့ အမြဲတမ်းလိုလို ကိုယ့်ကိုယ်ကို မေးခွန်းထုတ်နေမိတယ်"

"အောင်မယ်လေး၊ ဒါများ မေးနေရသေးတယ်၊ ချစ်မှာပေါ့၊ ယူက ဘာဖြစ်လို့ ခြွင်းချက်ဖြစ်ရမှာတုံး"



www.burmeseclassic.com

www.burmeseclassic.com



## ၁၀၄။ မေးခွန်းဆန်း

စိတ်ရောဂါကု ဆရာဝန်က မေးသည်။

"ခင်ဗျား မိန်းမကို ခင်ဗျား ညာသလား"

"သူ့ကို မညာရင် ဘယ်သူ့ကို ညာရမှာလဲ၊ တခြား မိန်းမကိုလား။ မေးပဲ မေးရက်တယ်"

## ၁၀၅။ ပုံပြောတဲ့မေမေ

မနက် ၂–နာရီခန့်တွင် ပီတာလေး ရုတ်တရက် အိပ်ရာမှ နိုးလာပြီး အမေဖြစ်သူအား ပုံပြောပြရန် ပူဆာသည်။ အမေက ပြောသည်။

"စောင့်ပါဦး သားရယ်၊ ခဏနေ သားဖေဖေ ပြန်လာတော့မှာကွယ့်၊ အဲဒီအခါမှာ သူ ပြောပြမယ့်ပုံပြင်ကို မေမေနဲ့သား နားထောင်ကြတာပေါ့၊ ဟုတ်လား"

## ၁၀၆။ အရှက်ကွဲရခြင်း

သူငယ်ချင်း နှစ်ယောက် ဆုံကြသည်။ တစ်ယောက်က မေးသည်။

"သူငယ်ချင်း။ သုန်သုန်မှုန်မှုန်နဲ့ ဘာဖြစ်လာတာတုံးကွ"







"ငါ့အတွင်းမှူးမကို အလုပ်က ဖြုတ်ပစ်မယ်"

"ဘာကြောင့်လဲ"

"တစ်နေ့က သူ့ကို လက် ဆွဲ အိတ် တွေ ကို မနိုင်မနင်း ဆွဲလာတာ တွေ့တာနဲ့ ကူဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့အိမ်ကို ရောက်တယ်။ လက်ထဲက အိတ်တွေကို ယူပြီး သူ တခြား တစ်ခန်းကို ဝင်သွားတယ်။ နောက်မိနစ် အနည်းငယ် ကြာရင် ဝင်လိုက်ခဲ့ပါတဲ့။ နည်းနည်းလေး ကြာတော့ ငါ ဝင်လိုက်သွားတယ်၊ အစားအသောက်တွေ အပြည့်ခင်းကျင်းထားတဲ့ စားပွဲရဲ့ တစ်ဘက်တစ်ချက်မှာ ငါ့ရုံးသူရုံးသားတွေ ထိုင်နေကြတာကို မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်"

"ရယ်စရာလို့ သဘောထားပြီး အားလုံးကို ပြုံးပြလိုက်ပေါ့ကွာ"

"ပြုံးရမယ် ဟုတ်လား၊ ငါ့ကိုယ်ပေါ်မှာ အဝတ်အစား မကပ်တော့ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၀၇။ ကတိပေးပါတယ်

ကိုဘမောင် နောက်အိမ်ထောင်ပြုသည်။ လက်ထပ်ပွဲ အခန်းအနား ပြီးစီးသောအခါ ငယ်ရွယ်သော ဇနီးအသစ် ကျပ်ချွတ်ကို ပြောသည်။

"အခု တို့နှစ်ယောက် လင်မယား ဖြစ်လာတဲ့အခါမှာ ငါ့မှာရှိတဲ့ ချွတ်ယွင်းချက်ကြီးတစ်ခုအကြောင်း မင်းကို ပြောပြထားရမယ်၊ အဲဒါက ဘာလဲဆိုတော့ အကြောင်းမဲ့ ငါ မနာလို ဝန်တို ဖြစ်တတ်ခြင်းပဲကွ"

မယားလေးက ပြုံးပြီး ပြန်ပြောသည်။

"စိတ်ချပါရှင်၊ အကြောင်းမရှိဘဲ ရှင် ကျွန်မကို မနာလို မဖြစ်စေရပါဘူး"

## ၁၀၈။ ယူတော့ ယူမယ်

သေတော့မည့် အဖိုးကြီးက ငယ်သေးသည့် ဇနီးသည်ကို မှာနေသည်။

"ငါသေရင် အိမ်နီးချင်း ကိုလှကို နင်မယူနဲ့သိလား။ မင်းသိတဲ့အတိုင်း သူနဲ့ငါနဲ့က တရားရုံးမှာ နှစ်နဲ့ချီပြီး ပြိုင်ခဲ့ကြတာ၊ ငါ့ကို စိတ်ဆင်းရဲအောင် လုပ်ခဲ့တဲ့ အကောင်"

"စိတ်ချပါရှင်၊ ကျွန်မ တခြားတစ်ယောက်ကို ကတိ





ပေးထားပြီးပါပြီ"



## ၁၀၉။ ဖြစ်တတ်ပါတယ်

"ဒေါက်တာ၊ ကျွန်တော်နဲ့လက်ထပ်ပြီး သုံးလအကြာမှာ ကျွန် တော့ မိန်းမ ကလေး မွေးတယ်၊ ကျွန်တော် ဘဝင်မကျဘူး ခင်ဗျ"

"ကလေး နေကောင်းသလား"

"နေကောင်းပါတယ်"

"အဲဒါဆို ဘာမှ စိတ်မပူနဲ့၊ ဒါမျိုး ခဏခဏ ဖြစ်တတ်ပါတယ်"

## ၁၁၀။ အံ့ဩစရာကြုံရသူ

ယောက်ျားက ပြောသည်။

"ထူးဆန်းတယ်နော်၊ ထုံပေ့ ညှံ့ပေ့ဆိုတဲ့ ငနဲတွေရဲ့ မိန်းမတွေဟာ ဘာဖြစ်လို့ အချောဆုံး အလှဆုံး ဖြစ်နေရသလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမက ပြုံးပြီး ပြန်ပြောသည်။

"ရှင် တော်တော် မြှောက်ပြောတတ်တဲ့လူ"

### ၁၁၁။ မင်းကိုပဲ ချစ်တယ်

မိန်းမက ယောကျ်ားကို မေးသည်။

"ရှင် ဘယ်မိန်းမကို ပိုကြိုက်သလဲ၊ လိမ္မာတဲ့ မိန်းမလား၊ ရုပ်ချောတဲ့ မိန်းမလား"

"ဘယ်သူ့ကိုမှ မကြိုက်ဘူး။ မင်းကိုပဲ ငါချစ်တာကလား မိန်းမရယ်"

### ၁၁၂။ လက်နက်ကိုယ်စီ မြှိုကြသည်

တရားရုံးတွင် ဖြစ်သည်။

"ကောင်းပြီ၊ ရိုက်မယ် နှက်မယ် အဆင့်အထိ ဖြစ်လာတဲ့အခါမှာ တစ်ဖက်လူရဲ့ လက်ထဲမှာ တုတ်တစ်ချောင်းရှိတယ်လို့ ခင်ဗျား ပြောတယ်၊ ခင်ဗျားရဲ့ လက်ထဲမှာကော ဘာရှိသလဲ"

"သူ့မိန်းမ"





### ၁၁၃။ ကလဲ့စား



ယောကျ်ားက မိန်းမကို ပြောသည်။

"တကယ်လို့ ငါ မင်းထက်အရင် စောပြီး သေခဲ့လို့ရှိရင် အိမ်နီးချင်း ဂျွန်ကိုပဲ လက်ထပ်ပါ"

"ဘာဖြစ်လို့ ဂျွန်ကိုမှ လက်ထပ်ရမှာလဲ"

"ငါ့ဘဝတစ်လျှောက်လုံးမှာ ငါ့ကို အမျိုးမျိုး ဒုက္ခရောက်အောင် လုပ်ခဲ့တာ သူလေ"

### ၁၁၄။ ဘန်တော့မယ်

အစာအိမ်ထဲတွင် ဝက်ခေါင်းလက်သုပ် ထိုင်နေသည်။ ရုတ်တရက် အပေါ်မှ တစ်စုံတစ်ခု ကျလာသည်။

"မင်း ဘယ်သူလဲ"

"ဗော့ဒ်ကာ"

"ဘာအတွက် သောက်ကြတာလဲ"

"ဦးဘမောင်ရဲ့ ကျန်းမာရေးအတွက်"



www.burmeseclassic.com

www.burmeseclassic.com



လက်သုပ်ဆက်ထိုင်သည်။ မကြာမီ စောစောကအတိုင်း ကျလာပြန်သည်။

"ဒီတစ်ခါကော ဘာအတွက် သောက်ကြတာလဲ"

"ဦးဘမောင်ရဲ့ ကျန်းမာရေးအတွက်"

ဤပုံစံအတိုင်း အကြိမ်ပေါင်းများစွာ ထပ်ဖြစ်သည်။ ဝက်ခေါင်း လက်သုပ် အစာအိမ်ထဲတွင် ငြိမ်ငြိမ်ထိုင် မနေနိုင်တော့။

"ကိုဘမောင်ဆိုတဲ့လူ ဘယ်လိုလူလဲဆိုတာ သိရအောင် အပေါ်တက် ကြည့်လိုက်ဦးမယ်"

## ၁၁၅။ မူးရင် မရမ်းနဲ့

ယုန်တစ်ကောင် တောထဲ လမ်းလျှောက်လာသည်။ တစ်နေရာတွင် ဖော့ဒ်ကာ ပုလင်းတစ်ပုလင်းကို တွေ့သည်။ 'ဟန်ကျတာပဲ'ဟု မိမိဟာ မိမိပြောကာ နည်းနည်းသောက်လိုက်သည်။ ချက်ချင်း အိပ်ပျော်သွားသည်။

ဝံပုလွေမလေးတစ်ကောင် ရောက်လာသည်။ ပုလင်းနှင့် ယုန်ကို တွေ့သောအခါ 'ဟန်ကျတာပဲ၊ အရက်အပြင် အမြည်းပါ အဆင်သင့်ပါလား'ဟု ပြောပြီး အရက်ကို သောက်သည်။ ချက်ချင်း အိပ်ပျော်သွားသည်။

မြွေခွေး ရောက် လာသည်။ ပုလင်း, ယုန်နှင့် ဝံပုလွေမ







ကို့ကို တွေ့သောအခါ 'ဟန်ကျတာပဲ၊ အရက်ရယ်၊ အမြည်းရယ်၊ မြာရယ်ပါ အဆင်သင့်ပါလား'ဟု ပြောပြီး အရက်ကို သောက်သည်။ မြွေခွေး လဲကျသွားသည်။

ဝက်ဝံ ရောက်လာသည်။ 'အရက်၊ အမြည်း၊ မိန်းမနဲ့ လက်သီးစာ ကျွေးချင်စရာ ငနဲတစ်ကောင်ပါ အဆင်သင့်ပါလား'ဟု ပြောပြီး အရက်ကို သောက်သည်။ မိုင်းကနဲ လဲကျသည်။ အသေကောင်လို အိပ်ပျော်သွားသည်။

ယုန် အိပ်ရာမှ နိုးလာသည်။ ဝံပုလွေ၊ မြွေခွေးနှင့် ဝက်ဝံတို့ လဲနေသည်ကို ကြည့်ပြီး နောင်တ ရသလိုလို ပြောသည်။

"ဟင်း၊ အရက်မူးမူးနဲ့ ငါ ရမ်းပလိုက်တာ မဆိုင်သူတွေ တော်တော် ထိကုန်ပါလား"

## ၁၁၆။ ဤလည်းတစ်ခုကွ

အရက်ဆိုင်၏ အဝင်တံခါး ရှေ့တွင် လူတစ်ယောက် ရပ်နေသည်။ ဆိုင်ထဲကို အပြင်မှနေ၍ ကြည့်သည်။ ဆွေးမြေ့သော



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး၊ စိတ်ဓာတ်အလွန်ကျနေသော အမူအရာဖြင့် ကြည့်သည်။ အခြားလူတစ်ယောက်က ၎င်းကို သတိထားမိသည်။ သနားစိတ်ဝင်လာသည်။ သို့နှင့် ၎င်းအနား ကပ်လာပြီး ရင်းနှီးသံဖြင့် ပြောသည်။

"ဘယ်လိုလဲ သူငယ်ချင်း။ မျက်နှာမကောင်းပါလား။ ပိုက်ဆံမရှိလို့လား"

"ပိုက်ဆံရှိပါတယ်"

"ဒါဖြင့်ရင် ဗော့ဒ်ကာ မရှိလို့လား"

"ဗော့ဒ်ကာ ရှိပါတယ်၊ (ကုတ်အင်္ကျီအိတ်ထဲမှ အရက်ပုလင်း ထုတ်ပြသည်)၊ ဒီမှာ အမြည်း"

"နေဦး နေဦး၊ ဘာလဲ၊ အဖော်မရှိလို့လား"

"အဖော်လား၊ အဖော်ရှိပါတယ်၊ ဒီရပ်ကွက် တစ်ဝက်ဟာ ကျွန်တော့ အသိချည်းပဲ၊ လေချွန်လိုက်တာနဲ့ ပြေးလာကြမှာ"

"အဲဒါဆို ဘာဖြစ်တာလဲ၊ အရက်မူးရင် မိန်းမက အိမ်ထဲ ပေးမဝင်ဘူးလား"

"ပေးဝင်ပါတယ်၊ ကျွန်တော် ဘယ်လိုပဲ ပြန်လာပြန်လာ၊ ဝမ်းသာအယ်လဲ ကြိုစမြဲပါ"

"အဲဒါဆို ဘာဖြစ်နေရတာလဲ၊ ဘာဖြစ်လို့ ကြေကွဲဝမ်းနည်းတဲ့ပုံ ပေါက် နေရတာလဲဗျ"





"(သက်ပြင်းချပြီး ပြောသည်)- သောက်ချင်စိတ် မရှိဘူးဗျာ"



## ၁၁၇။ ကျီစားတာပါ

တက္ကစီကားကို လူတစ်ယောက်လက်တားပြီး ဒရိုင်ဘာ အနားရှိ ရှေ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ မိနစ်အနည်းငယ်မျှ သွားမိသောအခါ ခရီးသည်က အိတ်ထဲမှ အရက်ပုလင်းကို ထုတ်ပြီး တက္ကစီဒရိုင်ဘာကို ပြောသည်။

"ကားဆရာ၊ ဝမ်းပက်ဆီ ချလိုက်ကြရအောင်၊ ဘယ့်နှယ်လဲ"

"ဟာ မလုပ်နဲ့၊ ကျုပ် ကားမောင်းနေတယ်ဆိုတာ မမေ့နဲ့လေ"

"မသောက်ချင်ဘူးဆိုလည်း မတတ်နိုင်ဘူးပေါ့"

ခရီးသည်သည် ပုလင်းတစ်ပုလင်းလုံး ကုန်အောင် မော့ချလိုက်သည်။ တက်တက်ကြွကြွ ရှိလာသည်။ ဒရိုင်ဘာကို ပြောသည်။

"ကားဆရာ ကျုပ်ကို ပေးမောင်းဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟော့လူ၊ ခင်ဗျား ရူးနေသလား။ ခင်ဗျား မူးနေတဲ့ ဥစ္စာ၊ ဘယ်လိုလုပ် ကားမောင်းနိုင်မှာလဲ၊ မမူးရင်တော့လား၊ အဲဒါဆို တစ်မျိုးပေါ့"

"ကောင်းပြီလေ၊ ကျုပ်လက်ကိုင်နဲ့ ကျုပ်မောင်းမယ်၊ ဒါတော့ ခွင့်ပြုတယ် မဟုတ်လား"

ဤသို့ပြောပြီး ကားလက်ကိုင်တစ်ခုကို ထုတ်သည်။ ဒရိုင်ဘာက အရူးကို ကြည့်သလို ခရီးသည်ကို ကြည့်သည်။

"မောင်းဗျာ"

နှစ်ယောက်သား ဆက်မောင်းလာကြသည်၊ လက်ကိုင်ကိုယ်စီဖြင့်၊ ၎င်းတို့၏ ရှေ့တွင် အကောင်းစား နိုင်ငံခြားလုပ် ကားတစ်စီးကို မြင်ရသည်။ ခရီးသည်က ပြောသည်။

"သူ့ကို ကျော်တက်ရအောင်"

"အိုကေ"

ကားအရှိန်ကို မြှင့်လိုက်သည်၊ တစ်နေရာတွင် မီလာသည်၊ ခရီးသည်နှင့် နိုင်ငံခြားလုပ် ကားဒရိုင်ဘာတို့ ဘေးချင်း ယှဉ်လျက်ဖြစ်လာသည်။ တစ်ဖက် ကားဒရိုင်ဘာက ယှဉ်မောင်းလာသော ကားကို ကြည့်သည်။ ဘယ်လိုမှ နားမလည်နိုင်ချေ၊ ကားတော့ ကားပဲ၊ ဘာဖြစ်လို့ လက်ကိုင်နှစ်ခု ဖြစ်နေပါလိမ့်၊ ဤအချိန်တွင် ခရီးသည်က မိမိ၏လက်ကိုင်ကို ညာဘက်ကို တအား ကွေ့ချလိုက်သည်။ တစ်ဘက် ကားဒရိုင်ဘာလည်း ကြောက်လန့်ပြီး







ညာဘက်ကို တအား ကွေ့ချသည်။ ဘေးကသစ်ပင်နှင့် ဝင်ဆောင့်သည်၊ ကားတစ်စီးလုံး ရစရာ မရှိအောင် ဖြစ်သွားသည်။ တက္ကစီဒရိုင်ဘာက ခရီးသည်ကို အော်သည်။

"ဟော့လူ၊ ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ခင်ဗျားကြောင့် ကားတစ်စီး ဆုံးသွားရပြီ"

"ကိစ္စမရှိပါဘူး၊ မနေ့က ကျုပ်ကို ဒီလိုပဲ ကျီစားခဲ့ကြတယ်"

## ၁၁၈။ စဉ်းစားလေလေ ယုတ္တိမရှိလေလေ

အတန်းထဲတွင် ပီတာလေး မမျှော်လင့်ဘဲ အသံထွက်လေလည်မိသည်၊ ဆရာမက ၎င်းကို အတန်းထဲမှ မောင်းထုတ်သည်။ ကော်ရစ်ဒါ တစ်လျှောက် လျှောက်ရင်း ပီတာလေး အော်သည်။ 'ဘယ်မှာလဲ ယုတ္တိတရား၊ ဘယ်မှာလဲ ဆင့်ခြင် စဉ်းစားဉာဏ်'

ကျောင်းအုပ်ကြီးက ပီတာလေးကို ရပ်နိုင်းပြီး ပြောသည်။

"မောင်ပီတာ၊ ဘာဖြစ်လို့ ဆူညံဆူညံ လုပ်နေရတာလဲ"


www.burmeseclassic.com

www.burmeseclassic.com



“ကျွန်ုပ်ကော် အတန်းထဲမှာ လေလည်မိတယ်၊ ကျွန်တော့ကို အတန်းထဲက မောင်းထုတ်လိုက်တ[illegible]၊ သူတို့ကတော့ အတန်းထဲမှာ နေရစ်တယ်၊ ဟင်း၊ ဘယ်မှာလဲ ယုတ္တိတရား၊ ဘယ်မှာလဲ ဆင်ခြင် စဉ်းစားဉာဏ်”

## ၁၁၉။ အိမ်ထောင်ဦးစီး

လင်မယား စကားများကြရာ ယောကျ်ားက အော်ပြောသည်။ -

“ဟေ့၊ ဒီအိမ်မှာ အိမ်ထောင်ဦးစီး၊ ဘယ်သူလဲကွ၊ ငါ့စကား တည်ဖို့အတွက် ဘာလုပ်ရမလဲကွ ဟေ”

သုံးနှစ်သားကလေးက ဝင်ပြောသည်။

“ဖေဖေ အကျယ်ကြီး ငိုချလိုက်ပါ”

## ၁၂၀။ ကောင်းသောအလုပ်

“မေမေ၊ ဒီနေ့လေ သား ကောင်းတဲ့အလုပ်တစ်ခုကို လုပ်လိုက်တယ်”

“ဘာပါလိမ့် သားရယ်”

“သြော် လူကြီးနှစ်ယောက် ရထားကို မီအောင် ထင်ပါရဲ့၊ ဘူတာဘက် ပြေးသွားကြတယ်၊ အဲ အိမ်ကခွေးကို သား ကြိုးဖြေပေးလိုက်တယ်”





## ၁၂၁။ ဆရာနဲ့တပည့်



“ပါမောက္ခ၊ မလေးရီးယား (ငှက်ဖျား)ဟာ အသေး အမွှား ရောဂါပါလို့ ဘာဖြစ်လို့ ပြောနိုင်သလဲ”

“ကျောင်းသား၊ ခြင်တောင် သူ့ကို သယ်ဆောင် သွားနိုင်လို့ပေါ့”

## ၁၂၂။ ကြိုက်တာပေး

စားသောက်ဆိုင်တွင် ဖြစ်သည်။

ကိုဘမောင် သက်ပြင်းချပြီး စားပွဲထိုးကို ပြောသည်။

“အရက် မဟုတ်တာတစ်ခုခု သောက်ချင်တယ်ဗျာ”

“သံပုရာရည်၊ လိမ္မော်ရည်၊ ကရင်ဆိုဒါ၊ သောက်ရေသန့်၊ ဘာကို ယူမလဲခင်ဗျာ”

“ကြိုက်တာပေးဗျာ၊ ကျွန်တော်က ဒီကိစ္စမှာ မကျွမ်းဘူးဗျ”



www.burmeseclassic.com

www.burmeseclassic.com



## ၁၂၃။ ဈေးထဲမှာ

ဈေးထဲတွင် ဖြစ်သည်။

"ကျေးဇူးပြု၍ပျား ခင်ဗျား ကြက်ကို ဘာအစာ ကျွေးသလဲဆိုတာ သိပါရစေလား"

"ဘာဖြစ်လို့ မေးတာလဲ"

"ငြော်၊ သူ့လိုပဲ ပိန်ချင်လို့ပါ"

## ၁၂၄။ ရှင်းရှင်းလေး

တရားသူကြီး– "ခင်ဗျား ဘာဖြစ်လို့ ပိုက်ဆံအတု လုပ်ရတာလဲ"

တရားခံ– "ရှင်းရှင်းလေးပဲ၊ အစစ် မလုပ်တတ်သေးလို့ပေါ့"

## ၁၂၅။ အကုန်စားသူ

အိမ်ဖော်အလုပ် လာလျှောက်သော အမျိုးသမီးကို အိမ်ရှင်မက မေးသည်။

"ကြက်တူရွေးတွေ အပေါ်မှာ ညည်း ဘယ်လိုသဘောထားသလဲ"







"စိတ်မပူပါနဲ့ အန်ကဲ့ ကျွန်မ အကုန်လုံး စားပါတယ်၊ အသား မရှောင်ပါဘူး"

## ၁၂၆။ စားပိုမှူး

စားသောက်ဆိုင်တွင် ဖြစ်သည်။

"ဟေ့၊ စားပိုမှူး ဘာလုပ်နေလဲ"

"မနေ့ကကျန်တဲ့ အသားကတ်တလိပ်ကို ဘယ်လို နာမည်သစ်ပေးရမလဲဆိုတာ စဉ်းစားနေပါတယ်"

## ၁၂၇။ မမေးနဲ့လေ

"ခင်ဗျားတို့ဆီမှာ ဆေးလိပ်သောက်လို့ ရမလား"

"ဟင့်အင်း။ ဆေးလိပ်သောက်ခွင့် လုံးဝမရှိပါဘူး"

"အဲဒါဆို ဘာဖြစ်လို့ ကြမ်းပေါ်မှာ ဆေးလိပ်တိုတွေ အများကြီး ပြန့်ကျဲနေတာလဲ"

"မမေးတဲ့လူတွေဆီက ကျန်ခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



## ၁၂၈။ ဘယ်သူ့အတွက်လဲ

ရောင်းသူက ဝယ်သူကို မေးသည်။

"လူကြီးမင်းရဲ့ ဇနီးသည်အတွက် လက်ဆောင်ဝယ်တာလား။ ဒါမှမဟုတ် ဈေးပိုကြီးတာ ယူမလားဟင်"

## ၁၂၉။ ကြိုပြုထားမှု

စားသောက်ဆိုင်တွင် ဖြစ်သည်။

"မစားခင် ပိုက်ဆံကြိုပေးထားရမယ် ဟုတ်လား။ ငါ ဆိုင်ပေါင်းစုံမှာ စားဖူးတယ်၊ ဒီလို ကြိုတောင်းတာမျိုး တစ်ခါမှ မကြုံဖူးပါဘူး"

"ဒီလိုပါ၊ လူကြီးမင်းက မှိုဟင်း မှာထားလို့ပါ"

## ၁၃၀။ ဆိုရှယ်လစ်လုပ်သားကောင်း

၁၉၁၇-ခုနှစ်၊ အောက်တိုဘာ အာဏာသိမ်းပွဲ အောင်ပွဲဆင်နွှဲသည်နှင့် လီနင်သည် သံချပ်ကာကားပေါ်တက်ကာ လုပ်သားထုကို မိန့်ခွန်းပြောသည်။

"ရဲဘော်တို့ ဘိုရှိဗစ်(ကွန်မြူနစ်)တွေ အကြာကြီး မျှော်လင့်ခဲ့ကြတဲ့ တော်လှန်ရေးကြီး အထမြောက်ပါပြီ၊ အခုအချိန်ကစပြီး







ရဲဘော်တို့ဟာ တစ်နေ့ကို ရှစ်နာရီ အလုပ် လုပ်ပြီး တစ်ပတ်မှာ ၂-ရက် အနားယူခွင့် ရကြပါမယ်။

စိန့်ပီတာစဘတ်မြို့ ဇာဘုရင့်နန်းတော်ရှေ့ ရင်ပြင်ကြီး တစ်ခုလုံး 'ဟူးရား' ဆိုသော ထောက်ခံသံများ ဖုံးလွှမ်းသွားသည်။

အဲဒီနောက်မှာ ရဲဘော်တို့ဟာ တစ်နေ့ကို ၇-နာရီ အလုပ်လုပ်ပြီး တစ်ပတ်မှာ ၃-ရက် အနားယူခွင့် ရကြပါမယ်"

"ဟူးရား...ရား"

"တစ်နေ့ကို တစ်နာရီပဲ အလုပ်လုပ်ပြီး တစ်ပတ်မှာ ၆-ရက် အနားယူခွင့် ရကြမယ့်အချိန်လည်း မကြာခင် ရောက်လာပါလိမ့်မယ်"

"ဟူးရား...ဟူးရား...ဟူးရား"

ဂျယ်ဇင်းစကီး (ထိုစဉ်က လီနင်၏ လုပ်ဖော်ကိုင်ဖက်၊ နောင်တွင် ကေ-ဂျီ-ဘီ အကြီးအကဲ)၏ နားနားကပ်၍ လီနင်က တိုးတိုးလေး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မပြောဘူးလား။ ဒီလူတွေ အလုပ် မလုပ်ချင်ကြပါဘူးလို့"

## ၁၃၁။ အာဏာရှင် စတာလင်

နာမကျန်းဖြစ်နေသော လီနင်ထံ စတာလင် လူနာ လာကြည့်သည်။ လီနင်က ပြောသည်။

"ကျုပ်ရဲ့ ရောဂါအခြေအနေဟာ မျှော်လင့်ချက် မရှိတော့ဘူး။ မကြာခင် ကျုပ် သေမယ်လို့ ထင်တယ်"

"အဲဒါဆို ကျွန်တော့ကို အာဏာလွှဲပေးပါ"

"ခင်ဗျားနောက်ကို ပြည်သူတွေ လိုက်မယ် မထင်ဘူး ရဲဘော် စတာလင်"

"အဲဒါဆို ခေါင်းဆောင်ကြီးနောက်ကို သူတို့လိုက်အောင် ကျွန်တော် လုပ်ပါ့မယ်"

## ၁၃၂။ ဘာသဘောလဲ

ကြေးနန်း...

"မော်စကို၊ ကရင်မလင်၊ ရဲဘော်လီနင်၊ ဂျူးငမွဲကို ကယ်ပါ၊ ရာဘင်နိုဗစ်ချ်"







နောက်တစ်နေ့တွင် ရာဘင်နိုဗစ်ချ်ကို သက်ဆိုင်ရာ အာဏာပိုင်များ ဆင့်ခေါ်ပြီး မေးသည်။

"ခင်ဗျား ခေါင်းမှ ကောင်းသေးရဲ့လား။ ဘာလဲ လီနင် ကွယ်လွန်တာ ကြာပြီဆိုတာ မသိဘူးလား"

"သြော် ဒီလိုလား။ ခင်ဗျားတို့ လိုတဲ့အခါကျတော့ ရာသက်ပန် ရှင်သန်နေတဲ့ လီနင်တဲ့၊ အဲ... ဂျူးငမွဲ လိုတဲ့အခါမှာတော့ လီနင် သေတာကြာပြီတဲ့၊ ဟင်း"

## ၁၃၃။ အာလူးစိုက်ချိန်

၁၉၁၉–ခုနှစ်၊ တပ်နီတော်တွင် စစ်မှုထမ်းရန် ရာဘင်နိုဗစ်ချ် ဆင့်ခေါ်ခြင်း ခံရသည်။ တပ်နီတော် ရဲဘော် ရာဘင်နိုဗစ်ချ်ထံ ၎င်း၏ဇနီး ကြေးနန်းပို့သည်။

"အာလူး စိုက်ချိန်တန်ပြီ၊ ဒါပေမယ့် မြေကို တူးဆွပေးမယ့်လူ မရှိဘူး"

ရာဘင်နိုဗစ်ချ် ကြေးနန်း ပြန်ပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြေကို မတူးနဲ့၊ ခြံထဲမှာ စက်သေနတ်တစ်လက် မြှုပ်ထားတယ်"

ရက်ပိုင်းအတွင်း ဇနီးသည်ထံမှ ကြေးနန်းစာ ရောက်လာသည်။

"အရေးပေါ် ကော်မတီက လူတွေ ရောက်လာတယ်၊ ခြံထဲမှာ နေရာအနှံ့ တူးဆွသွားကြတယ်"

ရာဘင်နိုဗစ်ချ် ချက်ချင်း ကြေးနန်း ပြန်ပို့သည်။

"အာလူးစိုက်တော့"

## ၁၃၄။ ကောင်းကွက်

"သူ့ရဲဘောကြောင်ခြင်းမှာ ကောင်းတာရှိသလား"

"ရှိတာပေါ့၊ တစ်သက်လုံး အသေကောင် ဖြစ်ရမှာနဲ့စာရင် ငါးမိနစ်လောက် သူ့ရဲဘောကြောင် ရတာက ပိုကောင်းတယ်လေ"

## ၁၃၅။ ကညာပျိုနဲ့ဇရာအို

"ကညာပျိုတစ်ယောက်ဟာ ဇရာအိုကို ယူသင့်သလား"





"ပိုက်ဆံကို လက်ခံ ယူတဲ့အခါမှာ ငွေစက္ကူကို ဘယ်ခုနှစ်က ရိုက်ထုတ်ထားသလဲ ဆိုတာ ခင်ဗျား မစစ်ဘူး မဟုတ်လား"



## ၁၃၆။ ဘာထူးလို့တုန်း

မော်စကိုထုတ် သတင်းစာကြီးတစ်စောင်တွင် 'လွှတ်တော်အမတ် ထက်ဝက်သည် သူခိုးများ ဖြစ်ကြသည်'ဟု ရေးသားဖော်ပြထားရာ မခံမရပ်နိုင်သော အမတ်များက ငြင်းဆိုချက်ကို ဖော်ပြပေးရန် သတင်းစာ အယ်ဒီတာအား တောင်းဆိုကြသည်။ နောက်တစ်နေ့တွင် ငြင်းဆိုချက် ပါလာသည်။

"လွှတ်တော်အမတ် ထက်ဝက်သည် သူခိုးများ မဟုတ်ပါ"

## ၁၃၇။ တော်လှန်ရေး

အောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေး အထမြောက်



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ ဘိုရှိဗစ် (ကွန်မြူနစ်)တစ်ယောက်က မိခင်ဖြစ်သူကို အားတက်သရော ပြောသည်။

"ပဒေသာပင်ခေတ် ရောက်ပြီအမေရဲ့၊ ကျွန်တော်တို့ ဆီမှာ ဘာမဆို အလျှံပယ်ဖြစ်တော့မယ်၊ စားစရာ သောက်စရာတွေ၊ လူသုံးပစ္စည်းတွေ အစစ ပြည့်စုံတော့မယ်၊ နိုင်ငံခြားကို သွားခွင့်လည်း ရတော့မယ် ခင်ဗျ"

အမေဖြစ်သူကလည်း ဝမ်းသာအယ်လဲ ပြန်ပြောသည်။

"ဟင်း၊ ဗာဘုရင်လက်ထက်ကအတိုင်းပဲပေါ့နော်"

## ၁၃၈။ ပစ္စည်းမဲ့ လူတန်းစား

ရုရှားသတင်းထောက်က ဩစတြီးယား အလုပ်သမားကို မေးသည်။

"ခင်ဗျားဆီမှာ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကား ရှိတယ်၊ ရေကူးကန်လည်း ရှိတယ်၊ အားကျစရာပါပဲ၊ စကားမစပ် 'ကမ္ဘာ့ပစ္စည်းမဲ့ လူတန်းစားတစ်ရပ်လုံး သွေးစည်း ညီညွတ်ကြ' ဆိုတဲ့ နှိုးဆော်ချက်ကို ခင်ဗျား သဘောကျသလားဗျ"

"သဘောကျတယ်၊ ဒါနဲ့ 'ပစ္စည်းမဲ့လူတန်းစား' ဆိုတာ ဘာလဲဟင်"





## ၁၃၉။ ရှေးတုန်းကစကား



ရှေးခေတ် ရောမသားတို့၏ ဆိုရိုးစကား။

"ခြသေ့် အုပ်ချုပ်သော မြည်းတပ်သည် မြည်း အုပ်ချုပ်သော ခြသေ့်တပ်ထက် ပိုပြီး အားကောင်းသည်"

## ၁၄၀။ သိက္ခာပုဒ်

ခရစ်ယာန်ဘုန်းတော်ကြီးသည် သိက္ခာပုဒ် ၁၀-ပါး အကြောင်းကို စတင် ဟောသည်။ 'နိုးမှက်ခြင်း မပြုရ' ဟူသော သိက္ခာပုဒ်ဆီ ရောက်သောအခါ ရှေ့တန်းတွင် ထိုင်နေသော လူတစ်ဦး၏ မျက်နှာပေါ်တွင် စိုးရိမ်သော အမူအရာ ရုတ်ချည်းပေါ်လာသည်ကို ဘုန်းကြီး သတိထားလိုက်မိသည်။ သို့သော်လည်း 'ဇနီးမယားနှင့် လင်ယောကျ်ားကို သစ္စာမဖောက်ရ' ဆီ ရောက်သည်တွင် စောစောကလူ၏ မျက်နှာပေါ်တွင် အပြုံးရိပ်နှင့်အတူ စိတ်သက်သာရာရသော အမူအရာ ပေါ်လာလေသည်။

တရားပွဲ ပြီးသောအခါ ၎င်းအနား ဘုန်းကြီး ကပ်လာပြီး မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ မျက်နှာပေါ်မှာ ပထမပိုင်းမှာ စိုးရိမ် ပူပန်တဲ့ အမူအရာ၊ နောက်ပိုင်းမှာ စိတ်အေးသက်သာ ဖြစ်သွားတဲ့ အမူအရာ ပေါ်လာတာကို သတိထားလိုက်မိတယ်၊ ဘာဖြစ်လို့လဲ"

"ဒီလိုပါ ဖာသာ၊ 'မခိုးရ'ဆိုတာ ကြားရတော့ ကျွန်တော့ ထီး ပျောက်သွားတာကို သိလိုက်တယ်၊ အဲဒီနောက် ဖာသာက 'သစ္စာမဖောက်ရ'လို့ ဆိုတော့မှ ကျွန်တော် ဘယ်မှာ ထီးကို ထားခဲ့မိသလဲဆိုတာ ပြန်သတိရပါတယ်"

## ၁၄၁။ အရက်သမား

ဒီနေ့ သောက်နိုင်တဲ့ဟာကို မနက်ဖန်အတွက် ချန်မထားရင် အရက်သမား ဖြစ်ပြီလို့ မှတ်။

## ၁၄၂။ ၂၁-ရာစု

၂၁-ရာစု၊

မြစ်ကမ်းဘေးတွင် မြေးအဖိုးနှစ်ယောက် ရပ်နေကြသည်။

"အဖိုး၊ ဒီနေရာမှာ အရင်တုန်းက အနုမြူဓာတ်ပေါင်းဖို ရှိခဲ့တယ်ဆိုတာ အမှန်ပဲလားဟင်"

"မှန်တယ် ငါ့မြေး။

ဤသို့ ပြောပြီး အဖိုးက မြေး၏ခေါင်းကို ညင်သာစွာ



ပွတ်သည်။



"အဖိုး၊ အဲဒီ ဓာတ်ပေါင်း-ဖို ပေါက်ကွဲသွားတယ်ဆိုတာလဲ အမှန်ပဲလားဟင်"

"မှန်တယ် ငါ့မြေး။ မှန်တယ်"

ဤသို့ပြောပြီး အဖိုးလည်း မြေး၏ ဒုတိယခေါင်းကို ညင်သာစွာ ပွတ်သည်။

## ၁၄၃။ စုံထောက်ကြီး ဦးစံရှား

ဦးစံရှားနှင့် ဦးသိန်းမောင်တို့ တောထဲ လေ့လာရေး ခရီးထွက်ကြသည်။ တစ်နေရာတွင် ရွက်ဖျင်တဲထိုးပြီး ညအိပ်ရာဝင်ကြသည်။ ရုတ်တရက် ဦးစံရှား နိုးလာပြီး ပြောသည်။

"ကိုသိန်းမောင်၊ ကောင်းကင်က ကြယ်တွေကို ကြည့်ပြီး ခင်ဗျား ဘယ်လို အဓိပ္ပာယ် ကောက်သလဲ"

"ဩော်၊ မနက်ဖန် ရာသီဥတု ကောင်းမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဗျာ"

"ခင်ဗျား မှားတယ်၊ ကျုပ်တို့တဲကို သူခိုးတွေ ခိုး



www.burmeseclassic.com

www.burmeseclassic.com



သွားကြပြီဆိုတဲ့ အဓိပ္ပာယ်ဗျ”

## ၁၄၄။ အုံးပြုံကုန်နိုင်ငွယ်

ယောကျ်ားကြီးတစ်ယောက်ကို မြေမြှုပ်ရန်အတွက် နိဗ္ဗာန်ယာဉ်ပေါ် တင်လာသည်။ တစ်နေရာတွင် လမ်းပေါ် ၎င်းကျကျန်ရစ်သည်။ အရက်မူးနေသော ထရက်တာ မောင်းသမားက ၎င်းကို တက်ကြိတ်မိသည်။ ကြောက်လန့်ပြီး အလောင်းကို ချောင်းထဲသို့ ထရက်တာသမား ပစ်ချသည်။ ငါးခိုးဖမ်းနေသော တံငါများက မျောလာသောလူကို နယ်ခြား မှတ်တိုင်တွင် ကြိုးနှင့် ချည်ထားလိုက်ကြသည်။ နယ်ခြားစောင့်တပ်များက တရားမဝင် ကျူးကျော်သူကို စက်သေနတ်များဖြင့် ပစ်သည်။ နောက်မှ အမှားကိုမြင်ပြီး ဒဏ်ရာရသူကို ဆေးရုံသို့ ပို့သည်၊ ၂–နာရီခန့်ကြာပြီးနောက် ခွဲစိတ်ခန်းထဲမှ ဆရာဝန် ထွက်လာသည်၊ နဖူးမှ ချွေးကို လက်ဖြင့် သုတ်ရင်း ပင်ပန်း နွမ်းနယ်စွာ ပြောသည်။

“အသက်အန္တရာယ်ကို မစိုးရိမ်ရတော့ပါဘူး”

## ၁၄၅။ မဖုံးပါနဲ့

ခွဲစိတ်ခန်းထဲတွင် ဖြစ်သည်။ လူနာက ဆရာဝန်ကို ပြောသည်။





“ဆရာ၊ မျက်နှာဖုံးကို ချွတ်လိုက်ပါလား၊ ဘာထူးမှာလဲ၊ ဆရာ ဘယ်သူလဲဆိုတာ ကျွန်တော် သိနေတာပဲဟာ”



## ၁၄၆။ လိပ်ပြာသန့်ပြီ

မိမိ၏ မိုက်ပြစ်များကို ဝန်ချရန်အတွက် ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ သူခိုး ရောက်လာသည်။ သို့သော် လက်က အကျင့်ပါနေသဖြင့် ခရစ်ယာန် ဘုန်းကြီး၏ နာရီကို ၎င်း မသိအောင် အိတ်ထဲ ထည့်လိုက်သည်။ အာပတ်ဖြေသည့် အခန်းထဲမှ နေ၍ ဘုန်းကြီးက မေးသည်။

“ကိုင်း ပြော၊ ဘာအပြစ်တွေ ကျူးလွန်မိခဲ့သလဲ ငါ့သား”

“သူတော်ကောင်းတစ်ယောက်ရဲ့ နာရီကို ကျွန်တော် ခိုးမိပါတယ်၊ ဖာသာ လိုချင်မယ်ဆိုရင် အဲဒီနာရီကို ပြန်ပေးချင်ပါတယ်”

“ဖာသာ မယူဘူး ငါ့သား၊ ပိုင်ရှင်ရဲ့လက်ထဲသာ ပြန်အပ်လိုက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူက မယူချင်ဘူးလို့ ပြောနေပါတယ်"

"အဲဒါဆို ငါ့သားပဲ ယူထားပေါ့၊ ဒီအ...က် ဘာမှ လိပ်ပြာမသန့် မဖြစ်နဲ့"

## ၁၄၇။ ဝင်ခွင့်ရပြီ

မော်စကိုနိုင်ငံတော် တက္ကသိုလ်သို့ တက်ရောက်ခွင့်အတွက် လျှောက်လွှာတင်ထားသူများအား တစ်ဦးချင်း လူတွေ့စစ်မေးပွဲပြု လုပ်နေသည်။ ဘာမေးခွန်းကိုမှ ကောင်းကောင်း မဖြေနိုင်သည်ကို တွေ့သဖြင့် ပါမောက္ခသည် ကျောင်းသားကို ပြောသည်။

"ကိုင်း၊ နောက်ဆုံးအနေနဲ့ ဆရာ ရိုးရိုးလေး မေးမယ်၊ ဖြေတာမှန်ရင် ကျောင်းတက်ခွင့်ရပြီလို့ မှတ်လိုက်ပေတော့"

ကျောင်းသား ဝမ်းသာစွာ ခေါင်းညိတ်သည်။

"ဒီအခန်းထဲမှာ လျှပ်စစ်မီးသီး ဘယ်နှစ်လုံး ရှိသလဲကွယ့်"

မီးလုံးများကို အမြန်ဆုံး ရေတွက်ပြီး ကျောင်းသားက ချက်ချင်း အဖြေပေးသည်။

"ငါးလုံးပါ ခင်ဗျ"

မိမိ၏ ကုတ်အင်္ကျီအိတ်ထဲမှ နောက်မီးသီးတစ်လုံးကို







ပါမောက္ခ ထုတ်လိုက်သည်။ ထို့နောက် ခပ်ပြုံးပြုံး ပြောသည်။

"နောက်နှစ် ကျရင် လာခဲ့ဦးပေါ့၊ ဟုတ်လား"

နောက်နှစ်သို့ ရောက်လာသည်။ စောစော က ကျောင်းသားသည် မနှစ်က ပါမောက္ခနှင့်ပင် ပြန်ကြုံသည်။

"ဒီအခန်းထဲမှာ မီးသီး ဘယ်နှစ်လုံး ရှိသလဲကွယ့်"

"ခြောက်လုံးပါဆရာ" ကျောင်းသားက စိတ်ချ ယုံကြည်စွာဖြေသည်။

ပါမောက္ခသည် မိမိ၏အင်္ကျီ ဘောင်းဘီအိတ်များကို ခါသည်။ ဘာမှ မရှိချေ။ ပါမောက္ခ ဘာမှ မပြောနိုင်ခင် ကျောင်းသားက ကမန်းကတန်း ပြောသည်။

"ဆရာ၊ ကျွန်တော့်ကို ကျောင်းဝင်ခွင့် ပေးပါဆရာ၊ ကျွန်တော့်အဖြေ မှန်ပါတယ်"

ဤသို့ပြောပြီး မိမိ၏ ဘောင်းဘီအိတ်ထဲမှ မီးသီးတစ်လုံးကို ကျောင်းသား ထုတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄၈။ ဖြစ်တတ်ပါတယ်

မီးရထားဘူတာရုံကြီး။

ပလက်ဖောင်းပေါ်တွင် အရှိန်ရစပြုနေပြီ ဖြစ်သော ရထား၏ နောက်သို့ လူနှစ်ယောက် ပြေးလိုက်နေသည်။ တစ်ယောက်၏လက်ထဲတွင် သေတ္တာတစ်လုံး ပါသည်။ ပထမလူ ရထားကို မှီလာပြီး နောက်ဆုံးတွဲပေါ် တက်လိုက်သည်။ ဒုတိယလူမှု ပြေးရင်း ခလုတ်တိုက်ပြီး လဲကျသွားသည်။ ဖြတ်သွားသူတစ်ဦး လဲကျသူ အနားရောက်လာသည်။ လဲကျသူ ဟက်ဟက်ပက်ပက် ရယ်နေသည်ကို တွေ့ရာ ၎င်းက မေးသည်။

"ခင်ဗျား ဘာဖြစ်လို့ ရယ်တာလဲ"

"ရထားပေါ်တက်သွားတဲ့ သူငယ်ချင်းက ကျွန်တော့်ကို လိုက်ပို့တဲ့လူလေ"

## ၁၄၉။ ဓာတ်ပုံ

ရေချိုးခန်းကို အလုံပိတ်ပြီး ယောကျ်ားဖြစ်သူ ဓာတ်ပုံကူးနေသည်။ မိန်းမက အပြင်မှနေ၍ အသံကျယ်ကျယ်နှင့် ဝေဖန်ချက်ပေးသည်။

"ဟင်း၊ အမှောင်ထဲ ကူးရတယ် ဆိုကတည်းက





ဘာပုံတွေ ဖြစ်မလဲ ဆိုတာ ခန့်မှန်းလို့ ရပါတယ်တော်"



## ၁၅၀။ ခင်သွားကြပြီ

"ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်း နောက်ကို ငါ့မိန်းမ လိုက်ပြေးသွားတယ်"

"ငါ သိရသလောက် ကောင်းထိုက်ဟာ မင်းရဲ့သူငယ်ချင်း စာရင်းဝင် မဟုတ်ပါဘူး"

"အေး၊ အခု သူ ငါ့အချစ်ဆုံး သူငယ်ချင်း ဖြစ်သွားပြီ"

## ၁၅၁။ သတိမထားမိပါ

"ရှင့်ကို ကျွန်မ လက်ထပ်လိုက်တုန်းက ကျွန်မ အင်မတန် မိုက်မဲခဲ့တာပါကလား"

"ဟုတ်လား၊ အဲဒီတုန်းက မင်းအပေါ် ငါ အရူးအမူး ဖြစ်နေတော့ အဲဒါကို သတိမထားလိုက်မိဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၅၂။ မြတ်တယ်

ဖဲကစားရာမှ ညအချိန် အိမ်ပြန်ရောက်လာသော ယောကျ်ားက မိန်းမကို ပြောသည်။

"ဒီနေ့ ငါတော်တော်လေး ကံကောင်းတယ်လို့ ဆိုရမယ်၊ မင်းဝယ်ပေးတဲ့ ၂၀၀-တန် ဂျာကင်ကို ဖဲဝိုင်းမှာ ငါခြောက်ရာနဲ့ ရောင်းလိုက်တယ်"

"ဘယ်မှာလဲ အဲဒီပိုက်ဆံ"

"တစ်ပြားမကျန် ရှုံးသွားတယ်"

## ၁၅၃။ တောင်းသောက်မလို့

ရုံးအဆောက်အဦ၏ ဆေးလိပ်သောက်ရန်အတွက် သတ်မှတ်ထားသော နေရာတွင် ကိုဘမောင် ရပ်နေသည်။ ရုံးသားတစ်ဦး ရောက်လာပြီး ၎င်းကို နှုတ်ဆက်ကာ မေးသည်။

"ဘာဖြစ်လို့ ဆေးလိပ်မသောက်တာလဲ"

"အခုပဲ တစ်လိပ်သောက်ပြီးပြီ၊ မသောက်တော့ဘူး"

"အင်း၊ အဲဒါဆို ကိုယ့်ဆေးလိပ် ကိုယ် ထုတ်သောက်ရတော့မှာပေါ့"





## ၁၅၃။ စိတ်ပျက်ခြင်း



ပွဲကြည့်ပရိသတ်နှစ်ဦး စကား ပြောနေကြသည်။

"ဒီနေ့ ပြဇာတ် လာကြည့်ရတာ အင်မတန်စိတ်ပျက်စရာ ကောင်းတယ်၊ ကျွန်မရဲ့ ထိုင်ခုံကနေ ဘာမှ မမြင်ရဘူး၊ ဘာမှလည်း မကြားရဘူး"

"ရှင်က တော်သေးတာပေါ့၊ ကျွန်မက အကုန်လုံး မြင်ရ ကြားရတယ်ရှင့်"

## ၁၅၅။ ကျွန်မပါပဲ

ဓာတ်လှေခါးတွင် လိုက်ပါလာရင်း အမျိုးသမီးတစ်ဦးသည် ရုတ်တရက် မီးဖွားရန် ဖြစ်လာသည်။ တိုက်တိုက်ဆိုင်ဆိုင် ဓာတ်လှေခါးထဲ လိုက်ပါလာသော ဆရာဝန်က အမျိုးသမီးကို အကူအညီပေးသည်။ နှုတ်မှလည်း ကိုယ်ဝန်ဆောင် အမျိုးသမီးကို နှစ်သိမ့်သည်။

"ကျွန်တော် ကူပေးမယ်၊ ဘာမှ စိတ်မပူနဲ့၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဘာဟုတ်သေးလဲ၊ မနှစ်ကဆိုရင် အမျိုးသမီးတစ်ယောက် ဘတ်စ်ကား စောင့်နေရင်း ဘတ်စ်ကား မှတ်တိုင်မှာပဲ မီးဖွားတဲ့အကြောင်း ကျွန်တော် ကြားဖူးတယ်"

"ဒေါက်တာ၊ အဲဒါ ကျွန်မပါပဲ"

## ၁၅၆။ မှတ်ကရော

"အချစ်ရေ မင်းလားကွ ဟေ"ဟု ယောကျ်ားက တယ်လီဖုန်းထဲမှ မေးသည်။

"ဟင့်အင်း။ ကျွန်မ"ဟု မိန်းမက ဖြေသည်။

## ၁၅၇။ ဝမ်းမနည်းပါဘူး

လင်မယားချင်း စကားများကြသည်၊ မိန်းမက ပြောသည်။

"ကျွန်မ တခြား ယောကျ်ားဆီ ထွက်သွားရင် ရှင် ဝမ်းနည်းနေရလိမ့်မယ်နော"

"ရယ်စရာ မပြောနဲ့၊ တခြားယောကျ်ားအတွက် ငါက ဘာလို့ ဝမ်းနည်းရမှာလဲ"





## ၁၅၈။ သွားဆရာဝန်



မိမိလက်ညှိုးကို ဆေးပလာစတာ ကပ်ရင်း အခန်းထဲမှ ထွက်လာသော သွားကုဆရာဝန်က လူနာ ချာတိတ်၏ အမေကို ပြောသည်။

"အမကြီးရဲ့ သားကို အခုပဲ သွားဖာထေးပေးလိုက်တယ်။ အနည်းဆုံး နောက်တစ်နာရီခွဲအတွင်း ဘယ်သူ့ကိုမှ မကိုက်ပါစေနဲ့"

## ၁၅၉။ ဘယ်သူ့စိုးလဲ

ဆရာဝန်က မိမိ၏ လုပ်ဖော်ကိုင်ဖက်များကို ပြောပြနေသည်။

"ဒီနေ့ မနက်သုံးနာရီတိတိမှာ အိမ်မှာ တယ်လီဖုန်းသံ မြည်လာတယ်။ ကျွန်တော် ကောက်ကိုင်လိုက်တော့ တစ်ဖက် ယောကျ်ားသံက ပြောတယ်။ ကျွန်တော် မလာရင် သူ သေရပါလိမ့်မယ်တဲ့၊ အဲဒီတော့ ကျွန်တော်က သူ့ရဲ့လိပ်စာ ကို မေးတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့မိန်းမ နိုးလာပြီး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မပြောတယ်။ သူ့ကို ဆက်တာ ဖြစ်လိမ့်မယ် ထင်တယ်ဟဲ့ဗျာ"

## ၁၆၀။ ဖြတ်ဦးမှာ မိုးတယ်

အရေးပေါ်ကားဖြင့် ရောက်လာသောလူနာ၏ အင်္ကျီတွင် တွယ်အပ်နှင့် ချိတ်ထားသော စာတစ်ရွက်ကို တွေ့သည်နှင့် ဆရာဝန်က ဖတ်သည်။

"ဒေါက်တာ၊ ဒါဟာ ဝက်ရူးနာ(Epilepsy)ပါ၊ အူအတက်ပေါက်(Appendicitis) မဟုတ်ပါဘူး။ ကျွန်တော့ အူအတက်ကို ဖြတ်တာ သုံးခါရှိပါပြီ"

BURMESE CLASSIC .com

## ၁၆၁။ ယဉ်ကျေးစွာ သတိပေးခြင်း

အဝေးပြေး ကားလမ်းမကြီးပေါ်က ဆိုင်းဘုတ်။

"အကယ်၍ တစ်နာရီ မိုင်ခြောက်ဆယ်နှုန်းဖြင့် သင် မောင်းမည်ဆိုလျှင် ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်သည့် ကျွန်ုပ်တို့၏ အကျဉ်းထောင်နှင့် သင် မိတ်ဆွေဖြစ်ခွင့် ရပါလိမ့်မည်"

"အကယ်၍ တစ်နာရီ မိုင် ရှစ်ဆယ်နှုန်းဖြင့် မောင်းမည်ဆိုပါလျှင် ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်သည့် ကျွန်ုပ်တို့၏ ဆေးရုံနှင့် သင် မိတ်ဆွေဖြစ်ခွင့် ရပါလိမ့်မည်"







"အကယ်၍ တစ်နာရီ မိုင်တစ်ရာ နှုန်းဖြင့် မောင်းမည် ဆိုပါလျှင် ကမ္ဘာပေါ်တွင် အဖော်ရွေဆုံးဖြစ်သည့် ကျွန်ုပ်တို့၏ သင်္ချိုင်းနှင့် မိတ်ဆွေဖြစ်ခွင့် ရပါလိမ့်မည်"

## ၁၆၂။ ဘာကို ကူညီတာလဲ

"ရေဒီယိုမှ ကြားလိုက်ရသော သတင်းကြေငြာချက်"

"ယာဉ်တိုက်မှုကြောင့် ခရီးသည် နှစ်ဦး ပွဲချင်းပြီး သေဆုံးသွားပါသည်။ လေးဦးကို ဆရာဝန်များ ကူညီနေကြပါသည်"

## ၁၆၃။ ကံကောင်းတယ်

နဖူးပေါ်တွင် အနီရောင်အစင်းဖြင့် ယောကျ်ားဖြစ်သူ အိမ်သို့ ပြန်ရောက်လာရာ မိန်းမက မျက်နှာကို တင်းတင်းထားပြီး မေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘယ်ကောင်မက ရှင့်ကို ချစ်တံဆိပ် ခပ်နှိပ်လိုက်တာလဲ၊ မှန်မှန်ပြောစမ်း"

"ဟော့ ဟော့၊ မင်း အရင်စလို မစွပ်စွဲစမ်းနဲ့၊ ဒါ နှုတ်ခမ်းနီဆိုးသေး မဟုတ်ဘူး။ သွေးစက်တွေပါကွ၊ အိမ်အပြန်လမ်းမှာ ကားချင်းတိုက်မိတယ်၊ ကားလက်ကိုင်နဲ့ နဖူး ဆောင့်မိပြီး သွေးထွက်သွားတယ်"

"ဟင်။ ဒီအတိုင်းမှန်ရင် ရှင် ကံကောင်းတယ်မှတ်"

## ၁၆၄။ မကျေနပ်ချင်ဘူး

ခွဲစိတ်မှု ပြီးသွားသည်။ လူနာက မေးသည်။

"လေယာဉ်ပျက်ကျပြီးတဲ့နောက် ကျွန်တော့ခေါင်းကို ပြန်ချုပ်ပေးတာ ဒေါက်တာလားဟင်"

"ဟုတ်တယ်၊ ကျွန်တော်ပဲ၊ ဘာလဲ ချုပ်ထားတာကို မကြိုက်လို့လား"

"ချုပ်ရိုး အင်မတန် နိုင်ပါတယ်၊ ကောင်းပါတယ်၊ ဒါပေမယ့် ခေါင်းက ကျွန်တော့ခေါင်း မဟုတ်ဘူး ခင်ဗျ"



## ၁၆၅။ အတိုဆုံးသတင်း



ခေါင်းကို ယမ်းကာ အယ်ဒီတာချုပ်က သတင်းထောက်ကို အော်ပြောသည်။

"မဖြစ်ဘူး၊ မဖြစ်ဘူး။ ခင်ဗျား ရေးလာတဲ့ သတင်းက ရှည်လွန်းတယ်၊ မလိုအပ်တဲ့ အသေးစိတ်တွေကို ဖယ်ပြီး အသစ် ပြန်ရေးလာခဲ့"

နောက်နာရီဝက် အကြာတွင် အသစ် ပြန်ရေးသော သတင်းကို သတင်းထောက် လာပြသည်။

"မစ္စတာစမစ်သည် တစ်နာရီလျှင် မိုင်တစ်ရာနှုန်းဖြင့် မောင်းခဲ့သည်၊ မနက်ဖြန် ၁၅း၀၀ နာရီတွင် အသုဘချမည်"

## ၁၆၆။ လူမိုက်စကား

သားဖြစ်သူ၏ နေထိုင်ပြုမူပုံနှင့် ပတ်သက်၍ မိန်းမက ယောကျ်ားကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်သားဟာ တစ်နေ့တခြား ပိုဆိုးလာတယ်နော်၊ ကလေကချေတွေ့ လူမိုက်တွေရဲ့ စကားကို အဟုတ်မှတ်ပြီး နားထောင်နေတယ်၊ ကျွန်မ ရှင့်ကို တောင်းပန်ပါရစေ၊ သူနဲ့ စကား ပြောကြည့်ပါဦး"

## ၁၆၅။ အမေ့စေတနာ

"ငါ ဘာလုပ်ရမလဲတောင် မသိတော့ဘူး၊ မိန်းမယူဖို့ စိတ်ကူးတိုင်း ငါ ယူမယ့် အမျိုးသမီးကို အမေက မကြိုက်ဘူးတဲ့"

"လွယ်လွယ်လေးပဲ၊ မင်းအမေနဲ့ တူတဲ့ အမျိုးသမီးကို ရှာပေါ့"

"ရှာတာ တွေ့ပါတယ်၊ ဒါပေမယ့် အဖေက အကြီးအကျယ် ကန့်ကွက်တယ်"

## ၁၆၆။ ဆိုင်ဖွင့်ချိန်

မော်စကို၊ မြို့နယ် စုံစမ်းရေးရုံးတွင် တယ်လီဖုံးသံ မြည်လာသည်။ တစ်ဖက်မှ ယောကျ်ားသံက ပြောသည်။

"ဂေါ်ကီလမ်းက အရက်ဆိုင် ဘယ်အချိန် ဖွင့်မလဲ ခင်ဗျ"



"မနက် ရှစ်နာရီပါ"



မနက် သုံးနာရီတွင် တယ်လီဖုံးသံ မြည်လာပြန်သည်။ လျှာလေး အာလေး အနည်းငယ်ဖြစ်နေသံဖြင့် တစ်ဖက်က မေးသည်။

"ဂေါ်ကီလမ်းက အရက်ဆိုင် ဘယ်အချိန် ဖွင့်မလဲ"

"မနက် ရှစ်နာရီ"

မနက် ၆–နာရီတွင် တယ်လီဖုံးသံ မြည်လာပြန်သည်။ တစ်ဖက်မှ စကားကို ကြိုးစားပြောရပုံဖြင့် မေးသည်။

"ဂေါ်ကီလမ်းက အရက်ဆိုင် ဘယ်အချိန် ဖွင့်မလဲ ဟင်"

"မနက်ရှစ်နာရီ၊ ဒီမှာ၊ ခင်ဗျား ဘာဖြစ်လို့ ဒီမေးခွန်းကို ခဏခဏ မေးနေရတာလဲ၊ ဘာလဲ၊ သောက်စရာ မရှိလို့လား"

"ရှိ ရှိပါတယ်"

"ဒါဖြင့်ရင် မြည်းစရာ မရှိလို့လား"

"ရှိ ရှိပါတယ်"

"အဲဒါဆို ဘာဖြစ်လို့ ခဏခဏ ဆက်နေရတာလဲ"

"ကျွန်တော် ဆိုင်ထဲက ထွက်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

## ၁၆၉။ နည်းနည်းလေး ပြင်လိုက်ပါ

လူငယ်ဇာတ်ညွှန်းရေးဆရာက ဝါရင့်ဇာတ်ညွှန်းရေးဆရာအား မိမိ၏ ဇာတ်ညွှန်းကို ဖတ်ပြီး ထင်မြင်ချက် ပေးပါရန် မေတ္တာရပ်သည်။ ဝါရင့်ဆရာက လူငယ်၏ စာမူကို ဖတ်ပြီး ပြောသည်။

“အင်း။ မဆိုးပါဘူး။ ဒါပေမယ့် နည်းနည်းလေး ပြင်လိုက်ရင် ကောင်းမလားပဲ”

“ဘယ်နေရာမှာလဲဆရာ၊ ပြောပါ၊ အားမနာပါနဲ့ ဆရာ”

“ဇာတ်သိမ်းခန်းမှာပါ၊ ခင်ဗျားက အဓိကဇာတ်ကောင်ကို အဆိပ်ကျွေးပြီး သတ်ထားတယ်၊ ကျွန်တော်သာဆိုရင် သေနတ်နဲ့ ပစ်သတ်မယ်”

“ဘာကြောင့်ပါလဲဆရာ”

“ပွဲကြည့်ပရိသတ်တွေ နိုးသွားအောင်လို့ပေါ့”

## ၁၇၀။ ပန်းချီပြပွဲ

ပန်းချီဆရာနှင့် ၎င်း၏မိတ်ဆွေတို့ စကားပြောနေကြသည်။ ပန်းချီဆရာက မေးသည်။

“ဘယ့်နှယ်လဲ၊ ပန်းချီပြပွဲကို ကြိုက်ရဲ့လား”

“တကယ်တမ်း ပြောရရင် ပန်းချီကား တစ်ကားကိုပဲ







ကြည့်လို့ ရခဲ့တယ်၊ အဲဒါက ခင်ဗျား ဆွဲတဲ့ကားပဲ”

“ဟုတ်လား၊ ဘာလဲ၊ တခြားပန်းချီ ဆရာတွေ ရေးတဲ့ ကားတွေကို မကြိုက်ဘူးလား” ကျေနပ်သံဖြင့် ပန်းချီဆရာက ပြန်မေးသည်။

“မကြိုက်လို့ မဟုတ်ပါဘူး၊ အဲဒီပန်းချီကားတွေ ရှေ့မှာ လူတွေ အများကြီး ရပ်နေတော့ ကျွန်တော် အနား ကပ်လို့တောင် မရဘူးလေ”

## ၁၇၁။ အဖေ့ခြေရာ

ညစာခံပွဲတစ်ခုတွင် ဖြစ်သည်။

မိမိကိုယ်ကိုယ် အထင်ကြီးစိတ် ဝင်နေသော အရာရှိကြီးတစ်ယောက်က တစ်ရှိန်ထိုး နာမည်ရလာသည့် လူငယ်စာရေးဆရာကို ပြောသည်။

“ကျွန်တော် သိရသလောက် ခင်ဗျားရဲ့ အဖေဟာ ဖိနပ်ချုပ်တဲ့လူဆို”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"အဲဒါဆို ခင်ဗျား ဘာဖြစ်လို့ အဖေ့ခြေရာကို လိုက်မနင်းသလဲ"

"သားသမီးတွေဟာ မိဘတွေ ခင်းထားတဲ့ လမ်းအတိုင်း အမြဲတမ်း လိုက်လျှောက်လေ့ မရှိပါဘူး။ ဥပမာ လူကြီးမင်းကိုပဲ ကြည့်၊ လူကြီးမင်းရဲ့ ဖခင်ဟာ လူကြီးလူကောင်း ဖြစ်ခဲ့တယ် မဟုတ်လား"

## ၁၅၂။ သွားတော့သွားမယ်

အမျိုးသမီးနှစ်ယောက် စကား ပြောနေကြသည်။

"အိုင်တို့နှစ်ယောက် ဒီနေ့ ရုပ်ရှင် သွားကြည့်ကြရအောင်နော်"

"သွားတာပေါ့၊ ဒါပေမယ့် ဟာသကားတော့ မကြည့်ချင်ဘူး။ ယူ သိတဲ့အတိုင်း လွန်ခဲ့တဲ့ အပတ်ကပဲ အိုင့်ယောက်ျား ဆုံးသွားတာ မဟုတ်လား"

## ၁၅၃။ နလပိန်းတုံး

ဒါရိုက်တာက ဇာတ်ညွှန်းရေး ဆရာကို ပြောသည်။







"ခင်ဗျားရဲ့ဇာတ်ညွှန်းကို ကျွန်တော် ကြိုက်ပါတယ်၊ ဒါပေမယ့် ဘယ်နလပိန်းတုံးမဆို နားလည်နိုင်အောင် တချို့ဒိုင်ယာလော့ခ်တွေကို ပြင်စေချင်တယ်"

"အိုကေလေ၊ ကိုင်း။ ဘယ်နေရာတွေမှာ ခင်ဗျား နားမလည်ဘူးလဲ ပြော"

## ၁၅၄။ သွားပုပ်လေလွင့်

မော်စကိုမြို့တော်ဝန်ကို နိုင်ငံခြား သတင်းထောက်က မေးသည်။

"လူကြီးမင်း အုပ်ချုပ်တဲ့မြို့မှာ အိုးအိမ်ပြဿနာ အင်မတန် ကြီးမားတယ်ဆိုတာ ဟုတ်ပါသလား"

"လုံးဝ မဟုတ်ဘူး။ အိုးအိမ် ပြဿနာ ကြီးမားတယ်ဆိုတဲ့ စကားတွေဟာ ဘယ်မှာမှ နေစရာ မရှိတဲ့လူတွေက ထုတ်လွှင့်တဲ့ သွားပုပ်လေလွင့် စကားတွေပါ"



www.burmeseclassic.com

www.burmeseclassic.com





## ၁၇၅။ အာဂအာဖိုး

ကျောင်းသားတစ်ယောက် ကျောင်းအုပ်ကြီးထံ ရောက်လာသည်။

"ဆရာကြီး၊ ကျွန်တော့အဖွားရဲ့ အသုဘကို လိုက်ပို့ဖို့ မနက်ဖန် ကျွန်တော့်ကို ခွင့်ပေးပါ"

"မင်းအဖွား သေတာ ခဏခဏပါလား၊ အခု ဘယ်နှစ်ယောက်မြောက်လဲ"

"မတွက်နိုင်ဘူး ဆရာကြီး၊ ကျွန်တော့အဖိုးမှာ မိန်းမ ၈–ယောက်ရှိတယ်"

## ၁၇၆။ စာတမ်းဖတ်သည့် ကိုချူချာ

သုတေသန ဆွေးနွေးပွဲသို့ တက်ရောက်လာသော ကိုချူချာက မိမိ ဖတ်ကြားမည့် စာတမ်း၏ အဓိက ဦးတည်ချက်ကို ဤသို့ ကြေညာသည်။

"အဖြူရောင် ကျီးကန်းတစ်ကောင်ကို တွေ့ပြီး အမည်းရောင် ကျီးကန်း လုံးဝ မရှိဘူးဆိုတာကို သက်သေထူဖို့ပဲ ဖြစ်ပါတယ်"



## ၁၇၇။ အဖြေပေါ်ပြီ



အဖြူရောင် ကြွက်များနှင့် မီးခိုးရောင်ကြွက်များကို သိပ္ပံပညာရှင်တို့ လက်တွေ့စမ်းသပ်ကြသည်။ ကြွက်ဖြူများအတွက် အကောင်းဆုံး အခြေအနေများကို ဖန်တီးပေးထားသည်။ မီးခိုးရောင်ကြွက်များမှာ အဆိုးဆုံး အခြေအနေများတွင် နေကြရသည်။ ကြွက်နှစ်မျိုး၏ တုန့်ပြန်မှုကိုပညာရှင်များ ဂရုတစိုက် စောင့်ကြည့်ကြသည်။ ရက်များ မကြာမီ ကြွက်ဖြူတွေ တစ်ကောင်ပြီး တစ်ကောင် နှလုံးရောဂါနှင့် သေကုန်ကြသည်။ မီးခိုးရောင် ကြွက်တွေ သေတော့ သေသည်။ သို့သော် ကြွက်ဖြူတွေလောက် မများ။ သည်ကြားထဲ ဖိုးသက်ရှည်, ဖွားသက်ရှည် ကြွက်များပင် ပေါ်လာသည်။ ပညာရှင်များ မည်သို့မှ နားမလည်နိုင်ကြ၊ တွေးဆချက် အမျိုးမျိုး ထုတ်ကြသည်။ ပြဿနာ၏ အဖြေကို ကြိုးစားရှာဖွေသည့် မဟာသိပ္ပံဘွဲ့ယူစာတမ်း၊ ပါရဂူဘွဲ့ယူ စာတမ်းများပင် ပေါ်လာသည်။ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၌ ယင်းကိစ္စနှင့် ပတ်သက်၍ အပြန်အလှန် ငြင်းခုံကြသည်။

မမျှော်လင့်သော နေ့တစ်နေ့တွင် ပင်စင်သွားမည့် ညစောင့်



www.burmeseclassic.com

www.burmeseclassic.com

အဘိုးကြီးက ပြဿနာ၏ အဖြေကို ရုတ်တရက် ဖွင့်ချလိုက်သည်။

"ခင်ဗျားတို့တစ်တွေ ခေါင်းရှုပ် မခံကြပါနဲ့တော့၊ ကြွက်မြီးတွေကို ကျုပ် နေ့တိုင်း ကြမ်းအောက်ကနေ ကြောင်ကို ပြတယ်၊ ဒါကြောင့် သေကုန်ကြတာပေါ့၊ ဒါပဲ"

သို့ဖြင့် သိပ္ပံပဟေဠိတစ်ခုကို ဖြေရှင်းပြီးသား ဖြစ်သွားတော့သည်။

## ၁၇၈။ သတိမထားမိဘူး

မြို့တစ်ရွာသို့ ရောက်ရှိလာသော မြို့ပေါ်မှ လူကြီးက နွားကျောင်းသားကို မေးသည်။

"ဟိုအနားမှာ မြက်စားနေတဲ့ နွားသားလေး အသက်ဘယ်လောက်ရှိပြီလဲ"

"၂-နှစ်သားပါ"

"တိရစ္ဆာန်ရဲ့အသက်ကို ဘယ်လိုလုပ်ပြီး အကဲဖြတ်သလဲ"

"ချိုအရပါ"

"အင်း၊ ဟုတ်သားပဲ၊ ဒီကောင့်မှာ ချိုနှစ်ချောင်းရှိတယ်ဆိုတာ ရုတ်တရက် သတိမထားလိုက်မိဘူး"





## ၁၇၉။ အခွင့်ကောင်း



မိတ်ဆွေနှစ်ယောက် ဆုံကြသည်။

"မနေ့က ဆရာဝန်ဆီ ရောက်ခဲ့တယ်၊ သူ့အဆိုအရ ကျွန်တော်ဟာ မကြာခင်မှာ မှတ်ဉာဏ် အား နည်း လာ တာ ကြောင့် သတိလုံးလုံး မေ့ဖို့ရှိတယ်တဲ့ဗျာ"

"ဟုတ်လား၊ ကျွတ် ကျွတ် ကျွတ်၊ ဒါနဲ့ ခင်ဗျား ကျွန်တော့်ကို ငွေတစ်သောင်း ချေးပါလားဗျာဟင်"

## ၁၈၀။ စိတ်ဝင်စားလို့ပါ

"သီချင်းကြီး၊ သီချင်းခန့်ဆိုတီး ပြိုင်ပွဲတွေကို ခင်ဗျား ဘာဖြစ်လို့ ခဏခဏ သွားနေတာလဲ၊ ခင်ဗျား နားလည်မလည်ဘူး၊ ခံလည်း မခံစားတတ်ဘူး မဟုတ်လား"

"ဒါပေမယ့် ကျွန်တော့်လိုပဲ ဘာမှ နားမလည်တဲ့ ကျန်ပရိသတ်တွေကို အကဲခတ်ရတာ သိပ်စိတ်ဝင်စားစရာကောင်းတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၈၁။ လုပ်နေကျ

ညွှန်ကြားရေးမှူး ဦးဘမောင် မနက် ရှစ်နာရီတိတိတွင် အိပ်ရာမှ ထသည်။ မိန်းမပြင်ပေးထားသော မုန့်ဟင်းခါးကို စားသည်။ ကော်ဖီတစ်ခွက် သောက်သည်။ ထို့နောက် ကနေ့ထုတ်သတင်းစာကို ကောက်ယူပြီး စိမ်ပြေနပြေ ဖတ်သည်။ နောက်တစ်နာရီ ကြာသောအခါ မိန်းမက မေးသည်။

"မောင်၊ ဒီနေ့ ရုံးမသွားဘူးလား"

ဦးဘမောင် ကမန်းကတန်း ထပြီး ပြောသည်။

"သေလိုက်ပါတော့၊ ငါက ရုံးရောက်နေပြီ မှတ်လို့"

## ၁၈၂။ မနက်ဖြန်

"ကျွန်တော့အလုပ်မျိုး လုပ်တဲ့လူဟာ မနက်ဖန် ဘာဖြစ်မလဲဆိုတာ ဘယ်တော့မှ မသိဘူး"

"ဘာလဲ၊ ခင်ဗျား မိုင်းခွင်းသမားလား"

"ဟင့်အင်း။ မိုးလေဝသသမား"

## ၁၈၃။ အနုပညာချင်း မတူပါ

တစ်နေ့တွင် အိုင်စတိုင်းက ချာလီချာပလင်ကို ပြောသည်။







"လူ့စရိုက်ကို ပေါ်လွင်အောင် ဖော်ဆောင်နိုင်တဲ့ ခင်ဗျားရဲ့ အနုပညာကို ကျွန်တော် အံ့ဩလို့ မဆုံးနိုင်ဘူး။ လူတိုင်းက ခင်ဗျားကို ချီးကျူးတယ်၊ ဘာကြောင့်လဲဆိုတော့ အားလုံးက နားလည်ကြလို့ပဲ"

ချာလီချာပလင် ပြန်ပြောသည်။

"ဆရာကြီးရဲ့ အနုပညာက ပိုလို့တောင် အံ့ဩဖို့ကောင်းပါတယ်၊ ဘယ်သူမှ ဆရာကြီးကို နားမလည်ဘူး။ ဒါပေမယ့် အားလုံးကပဲ ဆရာကြီးကို ချီးကျူးကြတယ်"

## ၁၈၄။ မမှန်ဘူး

"ပါမောက္ခကြီးခင်ဗျား။ ဇနီးသည်ကို ပါမောက္ခကြီး ရိုက်နှက်တယ်ဆိုတာ အမှန်ပဲလား"

"မှားတယ်၊ ကျုပ် ပါမောက္ခ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

## ၁၈၅။ ခြားနားချက်

မော်စကို ဆေးတက္ကသိုလ်ကျောင်းသူတစ်ဦးကို မေးသည်။

"ပါမောက္ခချုပ်၊ ကျောင်းသားနဲ့ ရထား ဘာခြားနားသလဲ"

"ကျောင်းသားနဲ့ ပါမောက္ခချုပ်အကြားမှာ ဘာခြားနားချက်မှ မရှိဘူး၊ အဲ ရထားအောက်တော့ မရောက်ဖူးဘူး"

## ၁၈၆။ ပထမဦးဆုံးသော ယောကျ်ား

ဘောဂဗေဒဘာသာရပ်ဆိုင်ရာ လူတွေ့ စစ်မေးပွဲ ပြုလုပ်နေသည်။ ရုပ်ချောချော ကျောင်းသူက စီးပွားရေးပညာရှင် အဒမ်စမစ်အကြောင်းကို ပြောပြနေသည်။ ဤသို့ ပြောပြရာတွင် စမစ်၏ ရှေ့က အမည်ကို တစ်ခါမှ မဖော်ပြချေ။ သို့နှင့် ဆရာက ကျောင်းသူကို မေးသည်။

"စမစ်ရဲ့ရှေ့မှာ သူ့ရဲ့ကိုယ်ပိုင်နာမည် ရှိသေးတယ်၊ ပြောပြစမ်းပါ"

ကျောင်းသူထံမှ မည်သည့်အဖြေမှ မကြားရချေ။ သို့နှင့် ဆရာက ထောက်ပေးသည်။

"စိတ်ကို အေးအေးဆေးဆေးလေးထား၊ ပထမဆုံး





ယောကျ်ားရဲ့နာမည် ဘယ်လို ခေါ်သလဲ ဆိုတာ ပြန်စဉ်းစားလိုက်စမ်းပါ"



ကျောင်းသူ၏ မျက်နှာတွင် ရက်သွေးဖြာသွားသည်။ ထို့နောက် တိုးတိုးလေး ဖြေသည်။

"ချာလီပါ"

## ၁၈၇။ စကားပြောမကြခြင်း

"ဒီမှာခင်ဗျာ၊ ကျွန်တော်နဲ့ ရုပ်ရှင်လိုက်ကြည့်ပါလားဟင်"

"မကြည့်ချင်ပါဘူးရှင်"

"တွေ့တဲ့ မိန်းကလေးတိုင်းကို ရုပ်ရှင်ကြည့်ဖို့ ခေါ်တတ်တဲ့ ယောကျ်ားလို့ မထင်ပါနဲ့ဗျာ"

"ကိစ္စမရှိပါဘူး၊ ကျွန်မလည်း ယောကျ်ားတိုင်းကို ငြင်းတာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



## ၁၈၈။ အရှုံးကား

ရုပ်ရှင်ရုံထဲမှ ယောက်ျားကြီးတစ်ယောက် ထွက်လာပြီး ပြောသည်။

"ဒီဇာတ်ကားဟာ အရှုံးကား၊ အရှုံးတွေပဲ ကြည့်မယ့် ကားလို့ ပက်ပက်စက်စက် ပြောလိုက်ကြတာ၊ ဟင်း၊ ကျုပ်ကတော့ ကြိုက်တယ်ဗျ"

## ၁၈၉။ ကွန်ပျူတာခေတ်

အမေရိကန် ဧည့်သည်များ ရွာသို့ ရောက်လာပြီး အိမ်ရှင်တို့ကို မေးသည်။

"ရွာမှာ ကလေးတွေကို ဘယ်အရွယ်က စပြီး ကွန်ပျူတာ သုံးတတ်အောင် သင်သလဲ"

"ပထမတန်းက စပြီးတော့ပါ"

"ဟုတ်လား၊ အားကျစရာပဲ၊ ကလေးတွေ ကွန်ပျူတာ အသုံးပြုပုံကို လိုက်ကြည့်လို့ ရမလား"

"ရပါတယ်၊ ရပါတယ်"

အမေရိကန်တို့ကို ပထမတန်းတစ်ခုသို့ ခေါ်လာသည်။ စာသင်ခန်းရှေ့ ခုံတန်းရှည်တွင် ကွန်ပျူတာ လေးလုံးကို ချထားသည်။ ဆရာမက ပြောသည်။







"အီဗန်နော့၊ ကွန်ပျူတာ တစ်လုံးကို ယူပြီး ပြတင်းပေါက်ဘောင်ပေါ် သွားတင်လိုက်စမ်း"

ချာတိတ်လေး ကွန်ပျူတာကို အနိုင်နိုင် မပြီး ပြတင်းပေါက် ဘောင်ပေါ် တင်လိုက်သည်။ ဆရာမက မေးသည်။

"ကလေးတို့ရေ ခုံတန်းမှာ အခု ကွန်ပျူတာ ဘယ်နှစ်လုံး ကျန်သလဲကွယ်"

## ၁၉၀။ မိုက်မဲသူ

"ဟိုအနားက အရုပ်ဆိုးဆိုး မိန်းမဟာ ဘယ်သူလဲဗျ"

"ကျွန်တော့်မိန်းမ"

"ဟာ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် အင်မတန် မိုက်မဲမိပါတယ်"

"ကိစ္စမရှိပါဘူး၊ မိုက်မဲမိတာက ကျွန်တော်ပါ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၁။ အပြောမတော်တစ်ခွန်း

ဟောလီးဝုမှ နာမည်ကြီး ရုပ်ရှင်မင်းသမီးကို ၎င်း၏ မိတ်ဆွေက မေးသည်။

"ယူ့အိမ်က ထမင်းချက် အမျိုးသမီးကို ယူ အလုပ်က ထုတ်လိုက်တယ်လို့ ကြားတယ်၊ ဘာဖြစ်လို့လဲ၊ အချက်အပြုတ် မကောင်းလို့လား"

"အချက်အပြုတ် ကောင်းပါတယ်၊ ဒါပေမယ့် သူ့ အိုင့်ဆီမှာ အလုပ်လုပ်နေတာ နှစ်ပေါင်း လေးဆယ်ရှိပြီလို့ လူတကာကို လျှောက်ပြောတယ်လေ"

## ၁၉၂။ ဖွင့်ဆိုချက်

"စီးပွားရေးပညာရှင်ဆိုတာ မနေ့က သူ ဟောကိန်းထုတ်ခဲ့တဲ့ကိစ္စ၊ ဒီနေ့ ဘာကြောင့် ဖြစ်မလာသလဲဆိုတာကို မနက်ဖန်ကျမှ သိတဲ့လူကို ခေါ်တယ်"

## ၁၉၃။ အကြံပေးပါရစေ

"ဘေးမှာ ထိုင်နေတဲ့ ချစ်သူကို လက်တစ်ဖက်နဲ့ ဖက်ပြီး အခြားလက်တစ်ဖက်နဲ့ မော်တော်ကားကို ဘယ်တော့မှ မမောင်းနဲ့၊ အမျိုးသမီးကို ပေးမောင်းပါ၊ ဒါမှ လက်နှစ်ဖက်စလုံးနဲ့ သူ့ကို ဖက်လို့ရမယ်"



## ၁၉၄။ ကြိုတင်စဉ်းစား

"ခေတ်ပုံကို ကျွန်မ မကြိုက်ဘူး။ ပုံထဲမှာ ကျွန်မဟာ မျောက်နဲ့ တူနေတယ်ရှင့်"

"အဲဒါတော့ ကျွန်တော်လည်း ဘယ်လိုမှ မတတ်နိုင်ဘူး။ ခေတ်ပုံမရိုက်ခင်က ဒီလို ဖြစ်နိုင်တယ်ဆိုတာ ခင်ဗျား စဉ်းစားဖို့ ကောင်းတယ်"

## ၁၉၅။ မှားမရဘူး

ဆံပင်ညှပ်ဆိုင်တွင် ဖြစ်သည်။

"ခေါင်းကို နည်းနည်း လျှပ်ခါပေးပါ၊ ကပ်ကျေး ကျသွားလို့"







www.burmeseclassic.com

www.burmeseclassic.com



## ၁၉၆။ လက်မဆေးရသေးဘူး

ဆံပင်ညှပ်ရန် ထိုင်ခုံပေါ် ဝင်ထိုင်သောလူက ဆံပင်ညှပ် ဆရာကို ပြောသည်။

"ဟော့လူ၊ ခင်ဗျားလက်တွေ ညစ်ပတ်လှချည်လား"

"ဒီနေ့ ဘယ်သူ့ကိုမှ ခေါင်းလျှော်မပေးရသေးလို့ပါ"

## ၁၉၇။ သူ့အမြင်နဲ့သူ

ကုလားအုပ်က မြင်းကိုကြည့်ပြီး ပြောသည်။

"တော်တော် ပုံပျက်ဖြိုးမူ နှေးကွေးတဲ့ ကုလားအုပ်"

မြင်းက ကုလားအုပ်ကို ကြည့်ပြီး ပြောသည်။

"တော်တော်အရုပ်ဆိုးတဲ့ မြင်း"

## ၁၉၈။ အတိတ်နှင့် ပစ္စုပ္ပန်

ယယ်သူငယ်ချင်းများ ဖြစ်ကြသော အမျိုးသမီးကြီးနှစ်ယောက် နှစ်အတန်ကြာ ကွဲကွာနေခဲ့ရာမှ ပြန်လည် တွေ့ဆုံကြသည်။

"အင်း၊ တစ်ချိန်တစ်ခါတုန်းက တို့တစ်တွေ အထူးသဖြင့် အိုင်ပေါ့လေ၊ အင်မတန် ချောခဲ့ လှခဲ့ကြတာပါကလား"





"ဟုတ်တယ်၊ အခု တော့လည်း တို့တစ်တွေ အထူးသဖြင့် ယူပေါ့လေ၊ အသက်တွေ ထောက် လာတော့ အလှပါ ပျောက်သွားပါပကော"



## ၁၉၉။ လူ့မလိုင်

အထက်တန်းစား 'လူ့မလိုင်'များ၏ စားသောက်ပွဲတွင် ကြားလိုက်ရသော စကား။

"ဖရဲသီးကို ဘာဖြစ်လို့ မသုံးဆောင်တာလဲရှင်"

"နားရှက်ပေလို့"

## ၂၀၀။ ဘယ်နေရာလဲ

"ခင်ဗျားမျက်နှာကို ကျွန်တော် တစ်နေရာရာမှာ မြင်ဖူးသလိုပဲ"

"အများကြီး ဖြစ်နိုင်ပါတယ်၊ ကျွန်တော် အဲဒီနေရာကို ခဏခဏ ရောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁။ သဲကန္တာရက ကြော်ငြာ

အာဖရိကက သဲကန္တာရက ခါတ်ဆီဆိုင်တစ်နေ ၂၂ ချိတ်ဆွဲထားသော ကြော်ငြာဆိုင်းဘုတ်။

"ဓာတ်ဆီတိုင်ကီနှင့် ရှိသမျှ ပုံးများထဲသို့ ဓာတ်ဆီအပြည့် ထည့်ပါ၊ ရှေ့တွင် သင်တွေ့ရမည့် ဓာတ်ဆီဆိုင် သုံးခုသည် တံလျှပ်များ ဖြစ်သည်"

## ၂၀၂။ ကံမဆုံလို့

A ဘူတာမှ B ဘူတာသို့ ဦးတည်၍ ရထားတစ်စီး ခုတ်မောင်းလာသည်။ Bဘူတာမှ ရထားတစ်စီးကလည်း A ဘူတာသို့ ဦးတည်ပြီး မောင်းလာသည်၊ ရထားသံလမ်းမှာ တစ်လမ်းတည်းဖြစ်သည်။ ရထားနှစ်စီး မတိုက်မိကြချေ။

"မေးခွန်း– ဘာကြောင့်လဲ"

"အဖြေ– ကံမဆုံလို့"

## ၂၀၃။ အာလူးယ်လေး

စိတ်ရောဂါကုဆရာဝန်၏ ဆေးခန်းတွင် ဖြစ်သည်။

"ဒေါက်တာ၊ ကျွန်မ တစ်ချိန်လုံး စိုးရိမ်စိတ် ဝင်နေတယ်ရှင့်"







"ဘာကို စိုးရိမ်နေတာလဲ"

"ကျွန်မ အိပ်ခန်းထဲက အထွက်မှာ ကုတင်ပေါ်က ကလေး လိမ့်ကျရင် လိမ့်ကျသံကို ကျွန်မ မကြားရမှာကို စိုးရိမ်တာပါ"

"ဘာခက်လဲ၊ ကြမ်းပေါ်က ကော်ဇောကို ဖယ်လိုက်ပေါ့"

## ၂၀၄။ စမ်ပြီးတဲ့နေ့

၁၉၄၅–ခုနှစ်၊ မေလ ၉–ရက်နေ့။

ဖက်ဆစ်ဂျာမန်တို့၏ သုံ့ပန်းစခန်းကြီးတစ်ခုတွင် ဖြစ်သည်။

စခန်း၏မြင်ကွင်းသည် ယခင်ရက်များကအတိုင်း ဖြစ်သည်။

သုံ့ပန်းအချို့ ကျောက်တုံးကြီးများကို မနိုင့်တနိုင် သယ်နေကြသည်။ အချို့က ဓာတ်ငွေ့ခန်းထဲဝင်ရန် တန်းစီစောင့်နေကြသည်။ ရုတ်တရက် စခန်းရှေ့ ကွင်းပြင်တွင် သုံ့ပန်းအားလုံး စုဝေးကြရန် အမိန့်ပေးသံ ပေါ်ထွက်လာသည်။ သုံ့ပန်းတို့ကို ဂျာမန်စစ်သားများ အတင်း တွန်းထိုးပြီး တန်းစီနိုင်းသည်။ စခန်းမှူး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။ ၎င်းစီးသွားသော ဖိနပ်သည် ပြောင်လက်နေသည်။ လက်တစ်ဖက်တွင် ကြာပွတ်ကို ကိုင်ထားသည်။ တန်းစီနေသော သုံးပန်းများရှေ့ ၎င်း ဖြတ်လျှောက်သည်။ ရပ်လိုက်သည်။ ထို့နောက် အားလုံးကြားအောင် အော်ပြောလိုက်သည်။

"စစ်ကြီး ပြီးသွားပြီ၊ အားလုံးကို ကျေးဇူးတင်ပါတယ်"

## ၂၀၄။ စောင့်ဆို စောင့်ပါ့မယ်

"ချာတိတ်၊ ဘာကိစ္စလာတာလဲ"

"အန်တို့ယောကျ်ားရဲ့ ကျန်းမာရေးအခြေအနေကို မေးခိုင်းလိုက်လို့ပါ"

"မင်းမိဘတွေကို ပြောလိုက်၊ ငါ့ ယောကျ်ားရဲ့ ကျန်းမာရေး အခြေအနေ လုံးဝ မကောင်းဘူး။ အချိန်မရွေး သေနိုင်တာမို့ ဆွေမျိုးတွေအားလုံး ဘယ်မှမသွားဘဲ စောင့်နေကြတယ်လို့"

"ကျွန်တော်ကော စောင့်ရမလား ခင်ဗျာ"

## ၂၀၅။ ကြွပါတော့

"ကိုင်း၊ သွားတော့မယ်၊ တစ်နေကုန် ခင်ဗျားတို့







အိမ်မှာ ထိုင်နေမိတယ်၊ ပြန်ချိန်တန်ပြီ၊ ကျွန်တော့်ကို လိုက်ပို့ပေးရာ မလိုဘူး။ ဒုက္ခမရှာပါနဲ့"

"ဒုက္ခမဟုတ်ပါဘူးဗျာ၊ သုခလို့ အောက်မေ့ပါတယ်"

## ၂၀၇။ ငယ်မူပြန်

"မင်း ငါ့ကို ချစ်ရဲ့လား"

"ချစ်တယ်"

"ငါလည်း မင်းကို ချစ်တယ်"

"တကယ်လား"

"တကယ်ပါ၊ တို့နှစ်ယောက် လက်ထပ်ကြရင် မကောင်းဘူးလား"

"ရှင်ကလည်း ပြောတော့မယ်၊ လွန်ခဲ့တဲ့အပတ်ကပဲ ကျွန်မတို့ရဲ့အိမ်ထောင်သက် နှစ် ၅၀-ပြည့် ရွှေရတုပွဲ ကျင်းပခဲ့တာ သတိရစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ တောက်၊ ဒီ ဦးနှောက်ကလည်း ကောင်းကို မကောင်းတော့ဘူး"

### ၂၀၈။ အိပ်မက်ဆိုး

"ဒေါက်တာ၊ ကျွန်တော် ညတိုင်း အိပ်မက်ဆိုးချည်း မက်နေတယ်၊ ရှိသမျှ အားနဲ့ တံခါးကို ကျွန်တော် တွန်းဖွင့်တယ်၊ ဒါပေမယ့် တံခါးက မပွင့်ဘူး"

"တံခါးမှာ တစ်ခုခုများ ရေးထားသလား"

"ရေးထားတယ်၊ 'ဆွဲပါ'တဲ့"

### ၂၀၉။ အဖြေမှားလို့

ထောင်ဒဏ် ၁၅-ရက်ကျခံရန် ရောက်လာသော လူသစ်ကို ထောင်သားက မေးသည်။

"ခင်ဗျား ဘာအတွက်နဲ့ ကျတာလဲ"

"အက္ခရာပဟေဠိ(Cross-word) ဖြေတာမှားလို့၊ 'အက္ခရာ ကိုးလုံးပါတဲ့ လူမှုရေးနှင့် နိုင်ငံရေးဂျာနယ်၏ အမည်' ဆိုတဲ့ နေရာမှာ (Continent)လို့ ဖြည့်လိုက်မိတယ်"

"ဒါများ အဆန်းလုပ်လို့"

"Communistအမည်နဲ့ ဂျာနယ်တစ်ခု ရှိသေးသတဲ့လေ"





### ၂၁၀။ စားသောက်ဆိုင်ဟာသ



"ဟော့ ဘိုင်၊ ဘေးစားပွဲက လူကြီးစားတဲ့ အစာမျိုး ငါ စားချင်တယ်"

"ရပါတယ်၊ တယ်လီဖုန်း လာလို့ဆိုပြီး အခုသူ့ကို ကျွန်တော် ခေါ်လိုက်မယ်၊ ဆရာ လှုပ်ရှားပေတော့"

"ဟော့ဘိုင်၊ မင်းပေးတဲ့ သံပုရာရည်က အရောင်နောက်တောက်တောက် ဖြစ်နေပါလား"

"ခြော် ဒါလား။ ဖန်ခွက်က နည်းနည်း ညစ်ပေနေလို့ပါ"

"ဘိုင်၊ ကျုပ်ရဲ့ ဟင်းချို ပန်းကန်ထဲမှာ ယင်တစ်ကောင် ကူးနေပါလား"

"သူ မကူးနိုင်ပါဘူး။ ယင်ကောင်က အသေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အကြိုက် သောက်စရာ တစ်ခုခု ယူခဲ့စမ်းပါ"

"ကျေးဇူးပဲဆရာ၊ ဆရာ့အတွက် ဘာယူခဲ့ရမလဲဟင်"

"ဘွိုင်၊ ခင်ဗျားတို့ အမဲကင်က မာလှချည်လား"

"ကျွန်တော် ကြက်သားကက်တလိပ်နဲ့ လဲပေးရမလား ခင်ဗျာ"

"ဒါပေမယ့် အမဲကင်ကို ကျုပ် စ,စားထားပြီပြီဗျ"

"ကိစ္စမရှိပါဘူး ဆရာ၊ ကြက်သား ကက်တလိပ်က လည်း ကိုက်ထားပြီးသားပါ"

အလွန် ဇီဇာကြောင်သော မိန်းမကြီးတစ်ဦး စားသောက်ဆိုင်တွင် ထိုင်ပြီး ယနေ့ ရနိုင်သော ဟင်းလျာစာရင်းကို လေ့လာနေသည်။ ဘာမှာရမလဲ ဆိုသည်ကို မည်သို့မှ မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေသည်၊ နောက်ဆုံးတွင် စားပွဲထိုးက ဆိုင်၏ စပါယ်ရှယ် ဟင်းလျာဖြစ်သော ဒိန်ချဉ်ဖြန်းထားသည့် အမဲလျှာကို ယူရန် အကြံပြုသည်။ မိန်းမကြီးက ပြောသည်။

"ဘာလဲ၊ သူများ ပါးစပ်ထဲရောက်ပြီးတဲ့ ဟာကို ကျွန်မ ပါးစပ်ထဲ ထည့်မယ်လို့ ရှင် ထင်သလား"







စားပွဲထိုး၊ အနည်းငယ် စဉ်းစားသည်။ ထို့နောက် နောက်အကြံတစ်ခုကို ပေးသည်။

"အဲဒါဆို ကြက်ဥကြော် စားမလားဟင်"

"ဟေ့ ဘွိုင်၊ ကျုပ် သောက်တာ များသွားပြီထင်တယ်၊ အမူးပြေအောင် တစ်ခုခု ယူခဲ့စမ်းပါ"

"ရပါတယ် ဆရာ၊ ရော့ ဘောက်ချာ"

"ခင်ဗျားတို့ ကြက်သားဟင်းက အရိုးနဲ့ အရေချည်းပါလားဗျ"

"ဘာလဲ၊ အမွေးနဲ့ လိုချင်လို့လား ခင်ဗျာ"

လာနေကျဖောက်သည်ကို စားပွဲထိုးက မေးသည်။

"ဆရာ ထုံးစံအတိုင်း ဘီယာပဲလား"

"ဘီယာ မသောက်ဘူး။ ဒီနေ့ ကျွန်တော် စက်ဘီး

www.burmeseclassic.com

www.burmeseclassic.com

နဲ့ လာတာ၊ သံပုရာရည်ပဲ ပေးဗျာ"

ခဏကြာသော် စားပွဲထိုးသည် ဘီယာပုလင်းကို ကိုင်လျက် ရောက်လာသည်။

"ဆရာ၊ ဘီယာ သောက်လို့ရပြီ၊ ဆရာ့ စက်ဘီး လူခိုးသွားပြီ"

*(ဂျူးလူမျိုးတို့၏ စရိုက်လက္ခဏာနှင့် စိတ်နေစိတ်ထား တို့ကို ဖော်ညွှန်းသည့် ဟာသတို့ကို ယခင်အုပ်များ၌ အလျှင်းသင့်သလို ဖော်ပြခဲ့ပါသည်။ ယခု ဆိုဗီယက်ခေတ် ဂျူးတို့၏ ခံစားချက်ကို ထင်ဟပ်သည့် ဟာသအချို့ကို ဆက်လက် ဖော်ပြလိုက်ပါသည်။)*

## ၂၁၁။ မျှော်မှန်းချက်

ပါတီဝင်ဖြစ်ရန် လျှောက်လွှာတင်လာသည့် ရာဘင်နိုဗစ်ချ်ကို ပါတီကော်မတီရုံးသို့ ဖိတ်ခေါ်ပြီး မေးသည်။

"ခင်ဗျား အမေ ဘယ်သူလဲ"

"ကျွန်တော်တို့ရဲ့ ဆိုဗီယက် အမိနိုင်ငံတော်ပါ"

"ခင်ဗျား အဖေကကော"

"ကြီးမြတ်တဲ့ စတာလင်ပါ"

"ခင်ဗျားရဲ့ အကြီးဆုံး မျှော်မှန်းချက်က ဘာလဲ"





"မိဘမဲ့ မြန်မြန် ဖြစ်ချင်တယ်"



## ၂၁၂။ ကျေးဇူးရှင်

ပြည်သူပြည်သားများ မည်သို့ နေထိုင်သည်ကို သိလိုသဖြင့် ဆိုဗီယက် ခေါင်းဆောင် ဘရက်ဇနက်သည် အဝတ်အစားကို ခပ်ညံ့ညံ့ ဝတ်ကာ ပြည်သူအကြားသို့ သွားသည်။ တစ်နေရာတွင် တန်ဖိုးကြီးငါးဥ (cavier)ကို ပေါင်မုန့်နှင့် စားနေသော ချာတိတ်ကို တွေ့သည်နှင့် မေးသည်။

"ချာတိတ်၊ မင်းအဖေ ဘယ်သွားလဲ"

"ကားသစ်စီးပြီး ရုံးကို ထွက်သွားတယ်"

"မင်းအမေကော"

"ကားဟောင်းနဲ့ ဈေးဝယ်ထွက်သွားတယ်"

"အိမ်မှာ ဘယ်သူရှိလဲ"

"အဖွားရှိတယ်၊ ရောင်စုံရုပ်မြင်သံကြားစက်ကို ဖွင့်ပြီး ကာတွန်း ကြည့်နေတယ်"

"အေး မှတ်ထား။ ငါ့ကြောင့် မင်းတို့ အခုလို နေနိုင်

www.burmeseclassic.com

www.burmeseclassic.com


ကြဲတာကွ"

"ဖွားဖွား၊ မြန်မြန်လာ၊ အမေရိကားက ဦးလေးမိုရှေ ရောက်လာတယ်ခင်ဗျ"

## ၂၁၃။ နိုင်ငံရေးသက်ပြင်း

ရာဘင်နိုဗစ်ချ်နှင့် ၎င်း၏ဇနီးတို့ ရထားတွဲပေါ် တက်လာသည်။ ရာဘင်နိုဗစ်ချ် ကျယ်လောင်စွာ သက်ပြင်းချသည်။ မိန်းမက အပြစ်တင်သည်။

"ရှင့်ကို ကျွန်မ ဘယ်နှစ်ခါ ပြောရမလဲ၊ လူတွေ ရှေ့မှာ နိုင်ငံရေးအကြောင်း မပြောပါနဲ့လို့"

## ၂၁၄။ စဉ်းစားရမယ့်ကိစ္စ

"မစ္စတာရာဘင်နိုဗစ်ချ်၊ အနာဂတ် ကွန်မြူနစ် လူ့အဖွဲ့အစည်းမှာ လူသားဟာ ဘယ်လိုပုံသဏ္ဌာန် ရှိမယ် ထင်သလဲဗျ"

"အနာဂတ် ကွန်မြူနစ် လူ့အဖွဲ့အစည်းက လူရဲ့ လက်ဟာ သေးသေးလေး ဖြစ်လိမ့်မယ်၊ ဘာကြောင့်လဲဆို တော့ လက်နဲ့သူ ဘာမှ မလုပ်တော့ဘူး။ သူ့အတွက် စက် တွေက အလုပ်လုပ်ပေးမှာ ဖြစ်လို့ပဲ၊ သူ့ရဲ့ ခြေထောက်တွေ ကလည်း သေးသေးလေး ဖြစ်မယ်၊ ဘာကြောင့်လဲဆိုတော့ သူ လမ်းမလျှောက်တော့ဘူး။ ကား၊ ရထား၊ သင်္ဘော ဒါမှမဟုတ် လေယာဉ်ပျံနဲ့ပဲ သူ သွားမှာ ဖြစ်လို့ပဲ၊ သူ့ဆီမှာ ဝမ်းဗိုက်ကလည်း သေးသေးလေး ဖြစ်မယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ဗီတာမင် အပြည့် ပါတဲ့ ဆေးလုံးလေးတွေကိုပဲ စားမှာ ဖြစ်လို့ပဲ။ အဲ သူ့ရဲ့ ခေါင်းကတော့ အကြီးကြီး ဖြစ်မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီဆေးလုံးတွေ ရအောင် ဘယ်လို လုပ်ရမလဲဆိုတာ အများကြီး အများကြီး စဉ်းစားရမှာ ဖြစ်လို့ပဲဗျို့"



## ၂၁၅။ အကြောင်းနှစ်ခု

မော်စကို နိုင်ငံကူးလက်မှတ်ဌာနစိတ်တွင် ရာဘင်နိုဗစ်ချ်က အစ္စရေးသို့ အပြီးအပိုင် ပြောင်းရွှေ့နေထိုင်လိုသည့် အကြောင်း ရင်းနှစ်ခုကို တာဝန်ခံ အရာရှိအား ရှင်းပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com


"ပထမအကြောင်းက ကျွန်တော်ရဲ့ အိမ်နီးချင်းပဲ၊ သူ ကျွန်တော့ကို ပြောတယ်၊ နေနှင့်ဦးပေါ့ကွာ၊ ဆိုဗီယက်အာဏာ ပျက်သုဉ်းတယ်ဆိုတာနဲ့ ပထမနေ့မှာကိုပဲ မင်းရဲ့ မျက်ခွက်ကို ဓားနဲ့ လှီးပစ်မယ်တဲ့"

"ဒါနဲ့များ ခင်ဗျား စိတ်ပူရသလား။ ဆိုဗီယက်အာဏာ ဘယ်တော့မှ ပျက်သုဉ်းမှာမှ မဟုတ်တာ"

"အဲဒါက ဒုတိယအကြောင်း"

## ၂၁၆။ ဘာကြောင့်လဲ

ဆိုဗီယက်သင်္ဘောတစ်စီး ပင်လယ်ထဲနစ်မြုပ်ရာ သင်္ဘောကပ္ပတိန်နှင့် သင်္ဘောသားတစ်စုလုံး လူသားစား အရိုင်းအစိုင်းများ နေထိုင်သည့်ကျွန်းပေါ် ရောက်သွားကြသည်။ ၎င်းတို့က ရောက်လာသူများကို စားမည် လုပ်သည်။ ကပ္ပတိန်နှင့် သင်္ဘောသားများက ရာဘင်နိုဗစ်ချ်ကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်ပြီး ဆွေးနွေးခိုင်းသည်။

"လူသားစားရဲဘော်တို့၊ တစ်ခု မေးပါရစေ၊ ခင်ဗျားတို့ဆီမှာ စုပေါင်းစနစ်(Collectivization)ကို အတင်းအကျပ် သွတ်သွင်းတာ ရှိခဲ့သလား"

"မရှိခဲ့ဘူး"





"ပုဂ္ဂိုလ်ရေး ကိုးကွယ် ဆည်းကပ်မှု (Personality Cult)ရော"

"မရှိခဲ့ဘူး"

"လီနင်ရဲ့ မွေးနေ့ပွဲကော ကျင်းပခဲ့ဖူးသလား"

"ဟင့်အင်း"

"ဂျူးတွေကို အစုလိုက် အပြုံလိုက် သတ်ဖြတ်တာကော ရှိခဲ့သလား"

"မရှိခဲ့ဘူး"

"အဲဒါဆို ဘာဖြစ်လို့ ခင်ဗျားတို့တစ်တွေ လူစိတ် ပျောက်ကုန်ရတာလဲဗျာဟင်"

## ၂၁၇။ လျှို့ဝှက်မဲပေးပွဲ

ဆိုဗီယက်ပါလီမန် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် ရာဘင်နိုဗစ်ချ် မဲရုံသို့ ရောက်လာသည်။ မဲထည့်ရန် မဲပြားကို လက်ခံရယူသည်။ ထို့နောက် ဘာမှ မကြည့်ဘဲ မဲပုံးထဲသို့

www.burmeseclassic.com



မဲပြားကို ထည့်ရမည့်အစား တစ်ဦးတည်းသော ကိုယ်စားလှယ်လောင်း၏ အမည်ကို ဂရုတစိုက် ဖတ်သည်။

"ခင်ဗျား ဘာလုပ်တာလဲ" မဲရုံတာဝန်ခံက ၎င်းကို အသံမာမာဖြင့် မေးသည်။

"ဘယ်သူ့ကို ကျွန်တော် မဲထည့်သလဲဆိုတာ သိချင်လို့ပါ"

"ဘာလဲ၊ လျှို့ဝှက် ရွေးကောက်ပွဲဆိုတာ ခင်ဗျား မသိဘူးလား"

## ၂၁၈။ လမ်းချင်း မတူပါ

"ဒီမှာ ရာဘင်နိုဗစ်ချ်၊ ဆိုဗီယက်စနစ်ကို ခင်ဗျား မကြိုက်ဘူးလည်း ပြောတယ်၊ အဲဒါဆို ခင်ဗျားတို့ အစ္စရေးကို ခင်ဗျား အခုထိ ဘာလို့ မသွားသေးတာလဲ"

"ကျုပ်ကတော့ သွားမှာပါ၊ အေး၊ ခင်ဗျားတို့သာ သွားချင်ရင် လေယာဉ်ကို အနုကြမ်းစီးရမယ်မှတ်"

## ၂၁၉။ အကြောင်းရင်း

"ရာဘင်နိုဗစ်ချ်၊ ခင်ဗျား ဘာဖြစ်လို့ ပါတီထဲ မဝင်တာလဲ"





"ပါတီဝင်မိရင် ခင်ဗျားတို့ ကျွန်တော့်ကို ကွန်မြူနစ်တစ်ယောက်အနေနဲ့ အမျိုးမျိုး နှိုင်းဝော့မယ်၊ အဲ ဒါပေမယ့် ဆက်ဆံတဲ့အခါမှာ ကျုပ်ကို ဂျူးတစ်ယောက်လိုပဲ ဆက်ဆံမှာ မဟုတ်လားဗျ၊ အဲဒါကြောင့် မဝင်တာ"



## ၂၂၀။ မဖြစ်နိုင်တာဘဲ

အစ္စရေးသို့ ထွက်ခွါရန်အတွက် ရာဘင်နိုဗစ်ချ် ထောက်ခံစာ လာတောင်းသည်။

"ဘာဖြစ်လို့ အစ္စရေးကို သွားချင်ရတာလဲ"

"ဘိုးဘေးဘီဘင်တို့ရဲ့ မွေးရပ်မြေက ခေါ်နေလို့ပါ"

"ခင်ဗျားရဲ့ ညီအစ်ကို မောင်နှမတွေ ဘယ်မှာ နေကြလဲ"

"ညီတစ်ယောက်က ဟန်ဂေရီမှာ ဆိုရှယ်လစ်စနစ်

www.burmeseclassic.com

www.burmeseclassic.com



ကို တည်ဆောက်နေတယ်။ နောက်တစ်ယောက်က ဘူဂေးရီးယားမှာ"

"ဘာလဲ၊ အစ္စရေး ရောက်ရင် သူတို့လိုပဲ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်မှာလား"

"ကိုယ့်တိုင်းပြည်မှာ ဆောက်ရမယ်တဲ့လားဗျာ၊ မဖြစ်နိုင်တာဘဲ"

## ၂၂၁။ ဘာပြောင်းရမလဲ

ရာဘင်နိုဗစ်ချ်ကို မေးသည်။

"ဆိုဗီယက်လုပ် ကားတွေ ကမ္ဘာ့နှုန်းစံတွေနဲ့အညီ ဖြစ်အောင် ဘာပြောင်းသင့်တယ် ထင်သလဲ"

ရာဘင်နိုဗစ်ချ် ပြန်ဖြေသည်။

"ကမ္ဘာ့နှုန်းစံတွေ"

## ၂၂၂။ ဖြစ်မှဖြစ်ရလေ

ပထမဦးဆုံးသော အာကာသလူသား ဂါဂါရင် မြေပြင်ပေါ် ပြန်လည် ဆင်းသက်လာကြောင်း သတင်းကို ကြားရသောအခါ ရာဘင်နိုဗစ်ချ် စုတ်တသပ်သပ်နှင့် ပြောသည်။







"ဖြစ်မှ ဖြစ်ရလေ၊ ဆိုဗီယက်ပြည်ထောင်စုကနေ ပျံတက်၊ ပြီးတော့ ကမ္ဘာကို ပတ်၊ အဲဒီနောက် ဆိုဗီယက် ပြည်ထောင်စုကို ပြန်လာတယ်တဲ့ဗျာ၊ ဒီအတွက်များ ဂြိုဟ်တုစီးပြီး ကမ္ဘာကို ပတ်နေသေးတယ်၊ ဟင်း"

## ၂၂၃။ နိုင်ငံတော် လျှို့ဝှက်ချက်

ရာဘင်နိုဗစ်ချ်ကို နိုင်ငံကူး လက်မှတ်ဌာနသို့ ဆင့်ခေါ်ပြီး ဆိုဗီယက် ပြည်ထောင်စုမှ ထွက်ခွါခွင့်ပြုရန် ၎င်း၏ လျှောက်ထားချက်ကို ငြင်းပယ်လိုက်ကြောင်း အသိပေးသည်။

"ဘာဖြစ်လို့လဲခင်ဗျ"

"ခင်ဗျား လုပ်ခဲ့တဲ့အလုပ်ဟာ နိုင်ငံတော် လျှို့ဝှက်ချက်နဲ့ ပတ်သက် ဆက်စပ်နေလို့"

"ရယ်စရာ မပြောပါနဲ့ဗျာ၊ ကျွန်တော် လုပ်တဲ့နယ်ပယ်မှာ အမေရိကန် ပြည်ထောင်စုဟာ ကျွန်တော်တို့ထက်



www.burmeseclassic.com

www.burmeseclassic.com



နှစ် ၂၀-လောက် ကျော်နေပါပြီဗျ"

"နိုင်ငံတော် လှို့ဝှက်ချက်ဟာ အဲဒါပဲ သ"

## ၂၂၄။ မကြုံစဖူး

ရာဘင်နိုဗစ်ချ်ကို အာကာသသို့ လွှတ်တင်လိုက်သည်။ အာကာသထဲမှ နေ၍ မြေပြင်သို့ ၎င်း သတင်းပို့သည်။

"အမိ ဆိုဗီယက်နိုင်ငံတော်မှ ကိုလိုမီတာ တစ်သောင်း အကွာ၌ ရောက်ရှိနေချိန်တွင် မကြုံစဖူး အထူး နေလို့ထိုင်လို့ ကောင်းပါတယ်"

## ၂၂၅။ ကြေးနန်းစာ

ရာဘင်နိုဗစ်ချ်ကို နိုင်ငံရပ်ခြားသို့ အလည်ခရီး ထွက်ခွင့်ပြုလိုက်သည်။ ရောက်လေရာအရပ်မှ ၎င်း ကြေးနန်းစာ ပို့သည်။

"လွတ်လပ်တဲ့ ဘူဂေးရီးယားမှ နှုတ်ခွန်းဆက်လိုက်ပါတယ်၊ ရာဘင်နိုဗစ်ချ်"

"လွတ်လပ်တဲ့ ရူမေးနီးယားနိုင်ငံမှ နှုတ်ခွန်းဆက်လိုက်ပါတယ်၊ ရာဘင်နိုဗစ်ချ်"

"လွတ်လပ်တဲ့ ဟန်ဂေရီမှ နှုတ်ခွန်းဆက်လိုက်ပါတယ်၊ ရာဘင်နိုဗစ်ချ်"





"ဩစတြေးလျ (Austria)နိုင်ငံမှ နှုတ်ခွန်းဆက် လိုက်ပါတယ်၊ လွတ်လပ်တဲ့ ရာဘင်နိုဗစ်ချ်"



## ၂၂၆။ ငြင်းပါရစေ

ရဲပြည်တွင် ပါတီကလာပ်စည်း ခေါင်းဆောင် ရွေးကောက်ပွဲ ပြုလုပ်သည်။ နှာခေါင်းချွန်ချွန်၊ ပါးသိုင်းမွေး ထူလပျစ်နှင့် ပုဂ္ဂိုလ်ကို ဝိုင်းဝန်း အဆိုပြုကြသည်။ အကြောင်းပြချက်မှာ ၎င်းသူသည် သဘောတရားရေး နယ်ပယ်တွင် အလွန် အားကောင်းသည်ဟူ၍ ဖြစ်သည်။ သို့သော် ၎င်းက ၎င်းရာထူးကို မယူပါရစေနှင့်ဟု ငြင်းသည်။

"ကျွန်တော် ကလာပ်စည်းခေါင်းဆောင် မလုပ်ပါရစေနဲ့၊ တစ်အချက်– ကျွန်တော်ဟာ တစ်သက်လုံး နိုင်ငံခြားမှာ နေခဲ့ပါတယ်၊ နှစ်အချက်– ကျွန်တော့်မိန်းမဟာ မှူးမတ်မျိုးနွယ်ထဲက ဖြစ်ပါတယ်၊ သုံးအချက်– ကျွန်တော်ဟာ ဂျူးလူမျိုး ဖြစ်နေပါတယ်"

နောက်တန်းမှ အော်သံများ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကို ပြောပါ၊ ခင်ဗျားရဲ့နာမည်"

ပါးသိုင်းမွေးနှင့် ပုဂ္ဂိုလ်က ပြောသည်။

"မာက်စ်၊ ကားလ်မာက်စ်"

## ၂၂၇။ တပ်နီရဲဘော် ရာဘင်နိုဗစ်ချ်

ဒုတိယကမ္ဘာစစ်အတွင်းက ဖြစ်သည်။ ရှေ့တက်မတိုက်မီတွင် တပ်သား ရာဘင်နိုဗစ်ချ် လျှောက်လွှာတစ်စောင်ရေးသည်။

"ကျွန်တော် တိုက်ပွဲတွင် ကျခဲ့သော် ကျွန်တော့်အား ကွန်မြူနစ်အဖြစ် သတ်မှတ်စေလိုပါသည်"

ခဏမျှ စဉ်းစားပြီးနောက် ထပ်ဖြည့်ရေးသည်။

"တိုက်ပွဲတွင် မကျလျှင်မူ မသတ်မှတ်ပါနဲ့"

## ၂၂၈။ မောင်နှမ မဟုတ်ပါ

သားက အဖေ့ကို ပြောသည်။

"အဖေ၊ ကျွန်တော် အိမ်ထောင်ပြုချင်ပြီ"

"အဖေ ထောက်ခံတယ်၊ မင်း အရွယ်ရောက်နေပြီပဲ၊ ဒါနဲ့ ကောင်မလေးက ဘယ်သူလဲကွ"

"ကျွန်တော်တို့ တိုက်ကပါပဲ၊ အခန်းနံပါတ် ၃၇-က ကေသီပါ"





"အင်း၊ သားကို ဖေဖေ ယောကျ်ား တစ်ယောက်က တခြား ယောကျ်ားတစ်ယောက်ကို ပြောတဲ့အနေနဲ့ ပွင့်ပွင့် လင်းလင်းပဲ ပြောချင် တယ်၊ ကေသီကို မင်း ယူလို့ မဖြစ်ဘူး။ သူဟာ မင်းရဲ့ ညီမ ဖြစ်နေတယ်"



သားဖြစ်သူ တော်တော်လေး စိတ်ဓာတ်ကျသွားသည်။ အမေက သတိထားမိပြီး မေးသည်။

"ဟဲ့သား၊ ဘာဖြစ်လို့ မျက်နှာ မကြည်မသာ ဖြစ်နေရတာလဲ"

"ဒီလိုပါ၊ အခန်းနံပါတ် ၃၇-က ကေသီကို ကျွန်တော် လက်ထပ်ချင်လို့"

ခဏွှမျှ တိတ်ဆိတ်သွားသည်။

"သား၊ ကေသီကို သားလက်ထပ်လို့ မဖြစ်ဘူးကွယ်၊ ကောင်မလေးဟာ သားရဲ့ ညီမလေး ဖြစ်နေတယ်ကွယ့်"

"အဖေလည်း အဲဒီအတိုင်းပဲ ပြောပါတယ်"

"ဟုတ်လား၊ အင်း၊ အဲဒီလိုဆိုရင် ယူလို့ရတယ် သား"



www.burmeseclassic.com

www.burmeseclassic.com



(ပေးထားသော ခေါင်းစဉ်ကို အခြေခံ၍ ဆက်တွေး ကြည့်ပါ။ အဖြေပေါ်ပါလိမ့်မည်။)

## ၂၂၉။ အလုပ်သမား

ပန်းကန်ဆေးနေသော အဖေဖြစ်သူကို သားငယ်က မေးသည်။

"ဖေဖေ၊ ဖေဖေ မေမေ့ဆီမှာ အလုပ်လုပ်နေတာ ကြာပြီလားဟင်"

## ၂၃၀။ တစ်ချောင်းတည်းရယ်

"ဟော့ ဘိုကြိုင်၊ သွားကြားထိုးတံ ယူခဲ့စမ်းပါ"

"မအားပါဘူး။ တခြား လူတစ်ယောက် အသုံးပြုနေပါတယ်"

## ၂၃၁။ မျှော်လင့်ချက် မရှိဘူး

ရုပ်ရှင်မင်းသမီးနှင့် ဒါရိုက်တာ ဟော်တယ်တွင် ညစာ စားနေကြသည်။ မင်းသမီးက မေးသည်။







"ဆရာ၊ ရုပ်ရှင်ကား တစ်ကားကား ရိုက်ဖို့ အစီအစဉ် ရှိသလား ဟင်"

"လောလောဆယ် မရှိဘူး။ အခု ကိုယ်တွေ့ မှတ်တမ်း စာအုပ် ရေး နေတယ်"

"အဲဒါဆို ကျွန်မ ပေါင်ပေါ်က ရှင့်လက်ကို ရုတ်လိုက်ပါ"

## ၂၃၂။ မရှိလို့ပေါ့

ကတ်တလောက်ဖြင့် ပစ္စည်းရောင်းသော ကုမ္ပဏီကြီးတစ်ခုသို့ လူတစ်ယောက် ဖုန်းဆက်ပြီး မေးသည်။

"အိမ်သာသုံး စက္ကူတစ်လိပ်ကို ဘယ်လောက် ကျသလဲ ခင်ဗျ"

"ကတ်တလောက်ရဲ့ စာမျက်နှာ ၂၇၃–ကို ကြည့်ပါ"

"ကျုပ်ဆီမှာ ခင်ဗျားတို့ရဲ့ ကတ်တလောက် ရှိနေရင် အိမ်သာသုံးစက္ကူကို ကျုပ် မလိုပါဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com

## ၂၃၃။ ဘာဝရ

"ဘာလုပ်ရမလဲဆိုတာ မစဉ်းစားတတ်တော့ဘူး။ ကျွန်မ ယောက်ျားဟာ အချိန်ရှိသရွေ့ သူ့အရင်မိန်းမ အကြောင်းကိုပဲ ပြောနေတယ်"

"ရှင် ကံကောင်းတယ်လို့မှတ်၊ ကျွန်မ ယောက်ျားကတော့ သူ နောက်ယူမယ့် မိန်းမအကြောင်းပဲ အမြဲတမ်း ပြောပြောနေတယ်"

## ၂၃၄။ ဘာကို မကျေနပ်တာလဲ

တရားသူကြီးက ပြောသည်။

"ခင်ဗျားရဲ့ လျှောက်ထားချက်အရ တရားခံဟာ ခင်ဗျားကို လူယုတ်မာကြီးလို့ ပြောတယ်၊ ဒါ အမှန်ပဲလား"

"အမှန်ပါပဲ"

"အဲဒါဆို ခင်ဗျား ဘာဖြစ်လို့ သူ့ကို မကျေနပ်ရတာလဲ"

## ၂၃၅။ ပြုံးမြင်ပါမယ်

အူအတက်ပေါက်သော ရောဂါဖြင့် ရောက်လာသော







အင်မတန် ချောမောလှပသည့် အမျိုးသမီးကို ဆရာဝန်က အောင်မြင်စွာ ခွဲစိတ်ကုသ ပေးလိုက်သည်။ အမျိုးသမီးက စိုးရိမ်သံဖြင့် မေးသည်။

"အမာရွတ်ကို မြင်နေရမှာလားဟင်"

"အဲဒါကတော့ ခင်ဗျားအပေါ်မှာ တည်ပါတယ်"

## ၂၃၆။ အမတ်လောင်း

ရုရှားပါလီမန် ရွေးကောက်ပွဲ မကျင်းပမီတွင် ဖြစ်သည်။ အမတ်လောင်း အီဗန်နော့သည် မဲဆွယ်စည်းရုံးရန်အတွက် တောင်သူဦးကြီးတစ်ယောက်ထံ ရောက်လာသည်။ ၎င်း ရောက်လာသည့် အချိန်တွင် လယ်သမားကြီးသည် နွားနို့ညှစ်နေသည်။ နွားမက အငြိမ်မနေသဖြင့် နွားနို့ကို ခက်ခက်ခဲခဲ ညှစ်ရသည်။ ဤသည်ကို မြင်သော် အမတ်လောင်းက မိမိ ဝင်ကူပါရစေဟု ပြောသည်။ လယ်သမားကြီးက ဝမ်းသာအားရ လက်ခံလိုက်သည်။ အမတ်လောင်း အီဗန်နော့သည် နွားမ၏ နို့နှစ်ချောင်းကို လက်နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အတင်း ချုပ်ကိုင်သည်။ နို့ညှစ် မပြီးမချင်း ဤအတိုင်း ကိုင်ထားသည်။ ကိုင်ထားရင်းက အမှတ်မထင် မေးလိုက်သည်။

"ပီထရော့ဆိုတဲ့ ပုဂ္ဂိုလ် မလာဘူးလား"

"ခင်ဗျားနဲ့ ပြိုင်ရွေးမယ့်လူလား"

"ဟုတ်တယ်"

"လာတာပေါ့၊ ဟဲဟဲ၊ အခုတောင် ဟိုအနားက တဲမှာ ခြံထဲစိုက်ထားတဲ့ ဂေါ်ဖီထုပ်တွေကို မစားအောင်ဆိုပြီး ကျုပ်ရဲ့ဆိတ်ကို အတင်း ချုပ်ထားတုံး"

## ၂၃၇။ ဒါတွေ့ဒါကြုံ ရှိပါရဲ့

အမျိုးသမီးငယ်တစ်ယောက် မီးယပ်နှင့် သားဖွားအထူးကုလူငယ် ဆရာဝန်ထံ ရောက်လာသည်။ ဆရာဝန်က အဝတ်အစား ချွတ်ရန် ပြောရာ အမျိုးသမီး၏ မျက်နှာတွင် ရှက်သွေးဖြာသွားသည်။

"ဘာလဲ၊ ဘယ်သူ့ရှေ့မှာမှ အဝတ်အစား မချွတ်ဖူးဘူးလား"

"ချွတ်ဖူးပါတယ်၊ ဒါပေမယ့် ဆရာဝန် ရှေ့မှာ တစ်ခါမှ မချွတ်ဖူးဘူး"





## ၂၃၈။ မအိပ်ဘူး



ညားခါစ စုံတွဲတစ်တွဲသည် ပင်လယ်ကမ်းခြေ မြို့တစ်မြို့၏ ဟော်တယ်သို့ ရောက်လာပြီး အပျံစားနှစ်ယောက်ခန်းတစ်ခန်းကို ငှားသည်။ မန်နေဂျာက အခန်းသော့ကို ကမ်းပေးရင်း ပြောသည်။

"ပျော်ရွှင်ရတဲ့ ပျားရည်ဆမ်းလ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်၊ မိတ်ဆွေတို့ကို သူခိုးတွေ ဒုက္ခမပေးဘူးလို့ မျှော်လင့်ပါတယ်"

အမျိုးသမီးက စိတ်အား တက်ကြွစွာ ပြန်ပြောသည်။

"မစိုးရိမ်ပါနဲ့ရှင်၊ ကျွန်မတို့ အိပ်ချိန်ရမယ် မထင်ပါဘူး"

## ၂၃၉။ မဆိုးပါဘူး

အသုအခန်းအနားတစ်ခုတွင် ကြားလိုက်ရသောစကား။

"သူဘာကြောင့် သေသွားတာလဲဗျ၊ ကင်ဆာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"လေဖြတ်လို့လား"

"မဟုတ်ဘူး"

"အေ-အိုင်-ဒီ-အက်စ်ကြောင့်လား"

"မဟုတ်ဘူး။ တုတ်ကွေး ဖျားပြီး သေတာ"

"တုတ်ကွေးကြောင့် ဟုတ်လား။ အင်း။ ဒါဆို သိပ် မဆိုးပါဘူး"

## ၂၄၀။ ဆိုးလို့မဖြစ်ပါ

ကိုယ်ဝန်ဆောင် အမျိုးသမီးက ဆရာဝန်ကို မေးသည်။

"ဒေါက်တာ၊ ကျွန်မ မီးဖွားတဲ့အခါမှာ ယောကျ်ားက သူ့ အနားမှာ ရှိနေချင်တယ်တဲ့၊ ဖြစ်နိုင်ပါ့မလား ဟင်"

"ကျွန်တော် ခွင့်ပြုပါတယ်၊ ကလေး မွေးတဲ့အခါမှာ အဖေလုပ်တဲ့လူ အနားမှာရှိနေတာဟာ အင်မတန် ကောင်းတယ်လို့ ဆရာဝန်တွေ အားလုံး သဘောညီကြပါတယ်"

"အင်း၊ အဲဒါတော့ မဖြစ်ဘူး၊ ထင်တယ်၊ ကလေး အဖေနဲ့ ကျွန်မယောကျ်ား ဆုံတိုင်း ရန်ဖြစ်ကြတယ်ရှင့်"





## ၂၄၁။ ယုန်ကလေး



မင်္ဂလာဦးည လွန်မြောက်ပြီး နောက်တစ်နေ့ မနက် နံနက်စာ စားသည့်အခါ မိန်းမက ယောကျ်ားကို ကြည့်ပြီး ပြောသည်။

"အင်း၊ ရှင် အစား အသောက် စားတာလည်း ယုန်ကလေးလိုပဲနော်"

## ၂၄၂။ အကောင်းဆုံး အကြံ

မင်္ဂလာမဆောင်မီတစ်ရက်အလိုတွင် စနစ်တကျ ထုပ်ထားသော စက္ကူပုံးတစ်ခုကို စာတိုလေးတစ်ခုနှင့်အတူ သတို့သမီး ရသည်။ စာတိုမှာ ဤသို့ ဖြစ်သည်။

"မင်္ဂလာဦးညမှာ စက္ကူပုံးထဲပါတဲ့ အရာကို ဝတ်ပါ၊ အဲဒါဆို မင်းကို မင်းယောကျ်ား တစ်သက်လုံး အချစ်ပြယ်မည် မဟုတ်"

စက္ကူပုံးကို သတို့သမီး ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ အထဲတွင် ဘာမှ မပါချေ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၄၃။ လေထီးတပ်သား

မွေးရပ်မြေသို့ လေထီးတပ်သား ခွင့်ဖြင့် ပြန်လာသည်။ မိတ်ဆွေများက ဝိုင်းမေးကြသည်။

"လေထီးနဲ့ ဘယ်နှစ်ခါ ခုန်ဆင်းပြီးပြီလဲကွ"

"အမှန်အတိုင်း ပြောရရင် စာရင်းအရ အကြိမ် ၂၀-ရှိပြီ ဆိုပေမယ့် တစ်ခါပဲ ခုန်ဖူးသေးတယ်၊ ၁၉-ကြိမ်က ငါ့ကို အတင်း တွန်းချလိုက်ကြတာကွ"

## ၂၄၄။ တစ်ခါဆို တစ်ယောက်

မင်္ဂလာဆောင်ပြီး ကိုးလတိတိအကြာတွင် ဇနီးဖြစ်သူ မခံသာအောင် ဗိုက်နာလာသဖြင့် မိန်းမကို ယောကျ်ားက သားဖွားဆေးရုံသို့ ချက်ချင်း ခေါ်လာသည်။ နာရီဝက်အကြာတွင် သားဖွားခန်းမှ ဆရာဝန် ထွက်လာပြီး အပြင်တွင် စောင့်နေသည့် ယောကျ်ားကို ပြောသည်။

"ချီးကျူးပါတယ်၊ ခင်ဗျား သားယောကျ်ားလေးရဲ့ အဖေ ဖြစ်ပြီဗျ"

ပူပူနွေးနွေးကလေးအဖေ ဖြစ်လာသူ လက်ကနာရီကို ကြည့်ပြီး ပြောသည်။

"ကြည့်စမ်း၊ သဘာဝတရားဟာ အင်မတန် တိကျ







တာပဲနော်၊ အခု ၇-နာရီတိတိပဲ"

နောက် မိနစ် ၂၀-အကြာတွင် ဆရာဝန် ထွက်လာပြန် သည်။

"ထပ်ပြီး ကွန်ဂရက်ကျူလိတ် လုပ်ပါတယ်၊ ချစ်စရာ သမီးလေးရဲ့ အဖေ ခင်ဗျား ဖြစ်ပြန်ပြီဗျ"

"ထူးဆန်းပြီးရင်း ထူးဆန်းရင်းပါလား၊ တစ်မိနစ်မှ မလွဲဘူး"

ဤသို့ ပြောပြီး ကလေးနှစ်ယောက် အဖေ နာရီကို ကြည့်သည်။

"ဒေါက်တာ၊ ကျွန်တော် အပြင်ထွက်ပြီး ကော့ညက် တစ်ခွက်လောက် သွားမော့လိုက်ပါဦးမယ်၊ နောက်တစ်ယောက်ဟာ ၁၁-နာရီခွဲ မတိုင်မီ မွေးလာစရာ အကြောင်းမရှိပါဘူး"

## ၂၄၅။ လိုက်ပါရစေ

လင်မယား နှစ်ယောက် စကားများ ရန်ဖြစ်ကြသည်။ မိန်းမက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ ကျွန်မကို ထမင်းနပ်မှန်အောင်တောင် မကျွေးနိုင်တဲ့ ယောကျ်ား၊ တော်ပြီ၊ ရှင်နဲ့ မပေါင်းဘူး၊ အမေ့ဆီသွားမယ်"

"သိပ်ကောင်းတဲ့အကြံ၊ ဒါနဲ့ ငါပါလိုက်လို့ မရဘူးလားဟင်"

## ၂၄၆။ အိပ်ခွင့်ပြုပါတော့

မြေးဖြစ်သူကို အဖွားက သားချော့သီချင်းဆိုပြီး သိပ်သည်။ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ၊ လေးနာရီအထိ ကြာသွားသည်။ နောက်ဆုံး အဖွား ပင်ပန်းလာပြီး ခဏ နားရန် ဆုံးဖြတ်လိုက်သည်။ ဤတွင် ချာတိတ်ကလေး မျက်လုံးနှစ်ဖက်ကို ဖွင့်လိုက်ပြီး အဖွားကို မေးသည်။

"ဖွားဖွား၊ အခု သား အိပ်လို့ ရပြီလားဟင်"

## ၂၄၇။ အသေချောင့်ပြီ

သေတော့မည့် လူနာကို နှစ်သိပ်ချင်သည့် ဆန္ဒဖြင့် ဆရာဝန်က လူနာကို ပြောသည်။

"ခင်ဗျားရဲ့ သွေးခုန်နှုန်း ပုံမှန်ပဲ၊ အဆုတ်နဲ့ နှလုံး





လည်း အခြေအနေကောင်းတယ်၊ အပူရှိန်လည်း ကျသွားပါပြီ"



လူနာက အသံတိုးတိုးနှင့် ပြန်ပြောသည်။

"ဝမ်းသာပါတယ် ဆရာ၊ ကျွန်တော် ကျန်းကျန်းမာမာနဲ့ သေမှာပေါ့နော်"

## ၂၄၈။ ကလေးကြီး

အမျိုးသမီးကြီးတစ်ယောက် စိတ်ရောဂါကု ဆရာဝန်၏ အခန်းထဲ ဝင်လာပြီး ပြောသည်။

"ဒေါက်တာ၊ ကျွန်မ ဘာလုပ်ရမလဲ၊ ကျွန်မသားဟာ ဆပ်ပြာပူဖောင်းချည်း မှုတ်ကစားနေတာ ၂-ရက်ရှိပြီ၊ အကြံပေးပါဦး"

"ဒါများ စိတ်ပူရတယ်လို့ ဒေါ်ဒေါ်ရယ်၊ ကလေးဆိုတာ ဆော့ကစားတတ်တာ သဘာဝပဲဥစ္စာ၊ စိုးရိမ်စရာအကြောင်း လုံးဝ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်လည်း ဒီအတိုင်းပဲ ပြောပါတယ်၊ ဒါပေမယ့် သူ့မိန်းမက ဘာကြောင့်မှန်း မသိဘူး။ အင်္ကျီကို စိတ်ပူနေတယ်ရှင်"

## ၂၄၉။ ပျော်၊ ပျော်၊ တို့ပျော်တယ်

စိတ်ရောဂါကုဆေးရုံတွင် ဖြစ်သည်။ တာဝန်ကျဆရာဝန်သည် နံနက်ပိုင်း၌ လူနာဆောင်များသို့ လှည့်ကာ လူနာတို့၏ အခြေအနေကို စစ်ဆေးသည်။ လူနာ အများအပြား ဖူးယောင်သောဒဏ်ရာ၊ ညိုမည်းသောဒဏ်ရာ ကိုယ်စီနှင့် ဖြစ်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရသည်။ တစ်ယောက်မှ လက်ပင်ကျိုးနေလေသည်။ ဘာကြောင့်ပါလိမ့်ဟု ဆရာဝန် တွေးသည်။ အဖြေမပေါ်ချေ။ သို့နှင့် လူနာတို့ကို မေးရန် ဆုံးဖြတ်လိုက်သည်။ လူနာများက သံပြိုင်ဖြေကြသည်။

"ကျွန်တော်တို့ သရက်သီးမှည့်မှည့် လုပ်တမ်း ကစားကြတာခင်ဗျ။ ညနေကျရင် ဆရာ ခြံထဲကို ဆင်းလာခဲ့ပါ။ ဆရာ မြင်ပါလိမ့်မယ်"

ညနေရောက်သော် ဆေးရုံဝင်းခြံထဲသို့ ဆရာဝန် ဆင်းလာသည်။ သို့သော် လူနာတစ်ယောက်ကိုမှ မတွေ့ရချေ။ ဘယ်လိုပါလိမ့်ဟု စဉ်းစားနေခိုက် ရုတ်တရက် ခြံထဲရှိ သရက်ပင်





ပေါ်မှ အသံတစ်ခုကို ကြားလိုက်ရသည်။

"မောင်နီ၊ မင်း မှည့်ပြီလားဟေ့"

"မှည့်ပြီကွ"

"အေး၊ အဲဒါဆို ကြွေကျတော့"



## ၂၅၀။ ကိုယ်ချင်းစာကြည့်ပါ

စကား အလွန်နည်းပြီး မိန်းမကို အင်မတန် ကြောက်ရသော ယောကျ်ားတစ်ယောက် စိတ်ရောဂါကု ဆရာဝန်ထံ ရောက်လာပြီး မိမိသည် အိပ်မက်တစ်ခုတည်းကိုချည်း မက်နေသည်မှာ ရက်အတန်ကြာသွားပြီဖြစ်ကြောင်း ပြောသည်။

"ကျွန်တော့အိပ်မက်က ဒီလိုပါဆရာ၊ သင်္ဘောပျက်ပြီး ကျွန်တော်ဟာ မိန်းမချောလေး ၁၂-ယောက်နဲ့အတူ လူသူမရောက်တဲ့ ကျွန်းတစ်ခုပေါ် ရောက်သွားပါတယ်"

"ဟာ၊ ဒီလို အိပ်မက်မျိုးကို ဆိုးတယ်လို့ ဘယ်လိုမှ ပြောလို့ မရဘူးလေဗျာ"

ဤစကားကို ကြားသောအခါ ယောကျ်ားက မကျေမချမ်း



www.burmeseclassic.com

www.burmeseclassic.com



သံဖြင့် ပြန်ပြောသည်။

"မိန်းမ ၁၂-ယောက်ကို ဆရာ ထမင်းချက်ကျွေး ဖူးသလားဗျဟင်"

## ၂၅၁။ မျက်နှာကြက်ကို တံတွေးထွေးခြင်း

"မျက်နှာကြက်ကို ဘယ်အချိန်မှာ လွယ်လွယ်ကူကူ တံတွေး ထွေးနိုင်သလဲ"

"ရာထူးမြင့်လာလေလေ၊ လွယ်လေလေပေါ့"

## ၂၅၂။ မယူနဲ့

"လူငယ်တွေဟာ မိန်းမယူပြီးတဲ့နောက်မှာ ဆင်ခြင် ဉာဏ် ပိုလာသလား"

"ဆင်ခြင်ဉာဏ်ရှိရင် သူတို့ မိန်းမ မယူဘူး"

## ၂၅၃။ ကြိုမပြောနဲ့

"ကိုယ်အလည်လာမယ်ဆိုတာကို အိမ်ရှင်တွေကို ကြိုပြောထားသင့်သလား"

"သူတို့ကို အိမ်မှာ တွေ့ချင်ရင် မပြောနဲ့"







## ၂၅၄။ မိန်းမ

"မိန်းမဆိုတာဘာလဲ"

"မိန်းမဆိုတာ နှင်းဆီပန်းပဲ၊ ပွင့်ချပ်တွေကို ချစ်သူရည်းစားတွေက ခူးသွားကြတယ်၊ သူ ယူတဲ့ယောက်ျား အတွက် ဆူးပဲ ကျန်တယ်"

## ၂၅၅။ ခြားနားချက်

"လူပျိုနဲ့ လူအို ဘာကွာသလဲ"

"လူပျိုက အိမ်အလုပ်ကို သူ့ဟာသူ လုပ်တယ်၊ လူအိုကတော့ မိန်းမခိုင်းလို့ လုပ်ရတယ်"

## ၂၅၆။ သာမန်ယောက်ျား

"သာမန်ယောက်ျားဆိုတာ ဘာလဲ"

"ချစ်သူရည်းစားဘဝမှာတုန်းက အမျိုးသမီး အထင် ကြီးခဲ့သလို ဘက်စုံတော်တဲ့သူ မဟုတ်ဘူး။ တစ်ချိန်တည်းမှာ သူ့မိန်းမ ဖြစ်လာတဲ့ခါမှာ သူမ ထင်သလို လုံးဝ အသုံးမကျ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူလည်း မဟုတ်ဘူး"

## ၂၅၇။ အားနည်းချိန်

"ယောကျ်ားတစ်ယောက်ဟာ ဘယ်အချိန်မှာ အင်အားချိနဲ့တဲ့ သဘောကို ခံစားရသလဲ"

"မိန်းမချောတစ်ယောက်က ရှင် အင်မတန် အားကောင်းတဲ့ လူပါလားလို့ ချီးကျူးတဲ့အခါမှာ"

## ၂၅၈။ မိုက်မဲမှု

"မိုက်တွင်းနက်ပြီး မိန်းမနဲ့ ကွာရှင်းနိုင်သလား"

"မသိဘူး။ ဒါပေမယ့် မိုက်တွင်းနက်ပြီး မိန်းမတွေကို တစ်ယောက်ပြီး တစ်ယောက် ကောက်ယူနိုင်တာတော့ အမှန်ပဲ"

## ၂၅၉။ အိမ်ထောင်

"အိမ်ထောင်ဆိုတာ ဘာလဲ"

"အိမ်ထောင်ဆိုတာ အဝိုင်းခံထားရတဲ့ ရဲတိုက်နဲ့ တူတယ်၊ အထဲရောက်နေတဲ့ လူတွေက အပြင်ကို ထွက်







ချင်တယ်၊ အဲ အပြင်ကလူတွေက အထဲဝင်ဖို့ အားခဲနေကြတယ်"

## ၂၆၀။ ဘဝပြောင်းခြင်း

"ယောကျ်ား ယူတဲ့ မိန်းမတစ်ယောက်ရဲ့ လုပ်ရပ်ကို ဘယ်လို အကဲဖြတ်နိုင်သလဲ"

"ယောကျ်ားအများကြီးရဲ့ အာရုံစိုက်မှုကို ခံရတဲ့ဘဝကို ယောကျ်ားတစ်ယောက်ထဲရဲ့ အာရုံစိုက်မှုကို ခံရတဲ့ဘဝနဲ့ လဲလိုက်ခြင်းပဲပေါ့"

## ၂၆၁။ ရည်းစားစာ

"ရည်းစားစာဆိုတာ ဘာလဲ"

"အသည်းနှလုံးရဲ့ ရွေးကောက်ပွဲ အကြို ကတိစကား"



www.burmeseclassic.com

www.burmeseclassic.com

## ၂၆၂။ ကွာခြားချက်

"ခြောက်လုံးပြူးနဲ့ စက်သေနတ် ဘာကွာသလဲ"

"စကား ပြောနေကြတဲ့အခါမှာ ယောက်ျားနဲ့ မိန်းမ ကွာသလိုပဲပေါ့"

## ၂၆၃။ အလှတိုးစေဖို့

"ဘယ်အရာက မိန်းမတစ်ယောက်ကို အလှတိုးစေသလဲ"

"ယောက်ျားတစ်ယောက်ရဲ့ အစာအိမ်ထဲက ငွေစက္ကူနှစ်ခွက်"

## ၂၆၄။ ရိုးသားမှု

"ရိုးသားမှုဆိုတာ ဘာလဲ"

"ပြောချင်တာက မှသား၊ ဒါပေမယ့် ပါးစပ်ထဲက တကယ် ထွက်တော့ အမှန်တရား"

## ၂၆၅။ မေ့ထားပါ

"ငယ်မူပြန်တာကို ပျောက်အောင် ကုလို့ရသလား"

"ရတယ်၊ ဒါပေမယ့် ဒီအကြောင်းကို မေ့ထားတာ





ပိုကောင်းပါတယ်"



## ၂၆၆။ လူနဲ့ခွေး

"လူနဲ့ခွေး ဘာကွာသလဲ"

"လူဟာ အမျိုးမျိုး ဖြစ်နိုင်တယ်၊ ခွေးက တော့ မိတ်ဆွေပဲ ဖြစ်နိုင်တယ်"

## ၂၆၇။ မခြားနားပါ

"မိန်းမတစ်ယောက်ထဲ ယူတဲ့စနစ်နဲ့ မိန်းမနှစ်ယောက် ယူတဲ့စနစ် ဘာကွာသလဲ"

"ဘာမှ မကွာဘူး။ နှစ်ခုစလုံးမှာ မိန်းမတစ်ယောက် ပိုနေတယ်"

## ၂၆၈။ အထင်ကြီးအောင်

"မိန်းမတစ်ယောက် အထင်ကြီးအောင် ဘာလုပ်ရမလဲ"


www.burmeseclassic.com

www.burmeseclassic.com


"လူ့ရှေ့မှာ ဒူးထောက်လိုက်ရင် လုံလောက်ပါတယ်"

## ၂၆၉။ အကြောင်းရှင်း

"ယောက်ျားနဲ့မိန်းမ သူတို့ရဲ့ပါတနာတွေကို ဘာကြောင့် လဲသလဲ"

"အမျိုးမျိုး ခံစားချင်တဲ့အခါ ယောက်ျားဟာ မိန်းမကို လဲတယ်၊ အဲ မိန်းမကတော့ ဘာမှ မခံစားရတဲ့အခါမှာ ယောက်ျားကို လဲတယ်"

## ၂၇၀။ လူပျိုကြီး

"လူပျိုကြီးဆိုတာ ဘာလဲ"

"အိပ်နေတုန်း လွတ်လွတ်လပ်လပ် စကား ပြောနိုင်တဲ့သူ"

## ၂၇၁။ ပုံပြင်နဲ့ ဖြစ်ရပ်မှန်

"ပုံပြင်နဲ့ဖြစ်ရပ်မှန် ဘာကွာသလဲ"

"မြွေဟောက်မကို ကြင်ယာအဖြစ် ကောက်လိုက်ပြီးတဲ့နောက်မှာ မိန်းမချောလေးတစ်ယောက် အသွင်ကို



ပြောင်းသွားတယ်ဆိုရင် ဒါပုံပြင်၊ တကယ့်ဖြစ်ရပ်မှန်ကတော့ ပြောင်းပြန်"



## ၂၇၂။ မလွယ်ဘူး

"ကြောင်နက်တစ်ကောင် ဖြတ်သွားတဲ့လမ်းကို ဆက်လျှောက်ဖို့ အမျိုးသမီးတစ်ယောက်ကို ဖျောင်းဖျလို့ရမလား"

"ကြောင်ကို ပြန်လာဖို့ ဖျောင်းဖျတာကမှ လွယ်ဦးမယ် ထင်တယ်"

## ၂၇၃။ လေးကြိမ်

"ရုပ်ချော၊ ဉာဏ်ကောင်း၊ ဂရုစိုက်တတ်ပြီး ပိုက်ဆံလည်း ချမ်းသာတဲ့ယောက်ျားကို ယူချင်ရင် ဖြစ်မလား"

"ဖြစ်ပါတယ်၊ ဒါပေမယ့် လင် လေးခါ ယူရမယ်"


www.burmeseclassic.com

www.burmeseclassic.com



## ၂၇၄။ ကွာခြားချက်

"ဘီယာနဲ့မိန်းမ ဘာကွာသလဲ"

"ဘီယာက ခင်ဗျား ဘယ်အချိန် အိမ်ပြန်မလဲဆိုတာ စိတ်မပူဘူး"

## ၂၇၅။ ဒုတိယဗိုလ်မှူးကြီး

"မိန်းမဟာ ဗိုလ်မှူးကြီး ဖြစ်နိုင်သလား"

"ဟင့်အင်း၊ ဒုတိယဗိုလ်မှူးကြီးပဲ ဖြစ်နိုင်တယ်"

## ၂၇၆။ လူမထပ်စေနဲ့

ဆိုဗီယက်ခေတ်က ဖြစ်သည်။ ရုံးတစ်ရုံးသို့ အလုပ်သမားနှင့် လယ်သမား စစ်ဆေးရေး ကော်မတီ (၁၉၂၀–၁၉၃၄)ခုနှစ်များတွင် ရှိခဲ့သော နိုင်ငံတော် လုပ်ငန်းစစ်ဆေးရေး ကော်မတီ ရောက်လာသည်။ ဝန်ထမ်းတစ်ဦးကို မေးသည်။

"ခင်ဗျား၊ ဒီမှာ ဘာလုပ်သလဲ"

"ဘာမှ မလုပ်ဘူး"

နောက်ဝန်ထမ်းတစ်ယောက်ကို မေးသည်။

"ခင်ဗျား၊ ဒီမှာ ဘာလုပ်သလဲ"





"ဘာမှမလုပ်ဘူး"

စစ်ဆေးရေး ကော်မတီ ကောက်ချက်ချသည်။

"တစ်နေရာထဲမှာ လူ နှစ်ယောက် ဖြစ်နေသည်။ ဒုတိယလူကို အင်အား လျှော့ရမည်"။



## ၂၇၇။ ယောကျ်ား

"အိမ်မှာ ယောကျ်ားဆိုတာ ဘာအတွက် ထားကြသလဲ"

"ပရိဘောဂ ရွှေ့ဖို့"

## ၂၇၈။ သတိမေ့ခြင်း

"အလွန်အကျွံ သတိမေ့ခြင်းဆိုတာ ဘာလဲ"

"နယ်က ပြန်လာတဲ့ ယောကျ်ားက ရွှေဆွဲကြိုးကို မယားကြီးကို ပေးပြီး ညစ်ပေနေတဲ့ အဝတ်အစားကို လျှော်ဖွတ်ဖို့ မယားငယ်ကို ပေးခြင်း"



www.burmeseclassic.com

www.burmeseclassic.com



## ၂၇၉။ အကောင်းမြင်သမား

"အကောင်းမြင်သမားဆိုတာ ဘယ်လိုလူမျိုးလဲ"

"အိမ်မှာ ဆေးပေါ့လိပ်တိုကို မြင်တဲ့အခါ မိန်းမ လုပ်တဲ့သူ စီးကရက် ဖြတ်လိုက်ပြီလို့ ကောက်ချက်ချတဲ့ ယောက်ျား"

## ၂၈၀။ မေတ္တာစစ်

"မေတ္တာစစ် မေတ္တာမှန်ဆိုတာ ဘာနဲ့တူလဲ"

"တစ္ဆေခြောက်တာနဲ့ တူတယ်၊ အားလုံးက ဒီအကြောင်းကို ပြောကြတယ်၊ ဒါပေမယ့် ဘယ်သူမှ မမြင်ဖူးဘူး"

## ၂၈၁။ အချစ်

"အချစ်ဆိုတာ ဘာလဲ"

"အသည်းထဲမှာ သွားကိုက်တာ"

## ၂၈၂။ ပိုကောင်းတယ်

"ဆင်းရဲတဲ့ မိန်းကလေးကို ပျော်ရွှင်အောင် လုပ်နိုင်







သလား"

"လုပ်နိုင်တယ်၊ ဒါပေမယ့် ချမ်းသာတဲ့မိန်းကလေးကို စိတ်ဆင်းရဲအောင် လုပ်တာက ပိုကောင်းတယ်"

## ၂၈၃။ အမွေ

"ဟာသဉာဏ်ကို အမွေပေးလို့ ရသလား"

"တခြား ဘာမှ ပေးစရာမရှိရင် ရတယ်"

## ၂၈၄။ မိချောင်းမယား

"မိန်းမတစ်ယောက်ဟာ မိချောင်းနဲ့ အတူ နေနိုင်လား"

"မိချောင်းမှာ ပိုက်ဆံရှိရင် နေမှာပေါ့"

## ၂၈၅။ အရူး

"အရူးဆိုတာ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မပျော်ဘူး။ ဘယ်သူလဲလို့ မေးရတယ်၊ ကျုပ်တို့ ခင်ဗျားတို့နဲ့ ဘာမှ မခြားဘူး။ သူလည်း လူပဲ"

## ၂၈၆။ နောင်တ

"သစ္စာရှိတဲ့ ယောကျ်ားနဲ့ သစ္စာမရှိတဲ့ ယောကျ်ား ဘာကွာသလဲ"

"သစ္စာရှိတဲ့ ယောကျ်ားဟာ တစ်ခါတလေ နောင်တ ကြီးစွာ ရတတ်တယ်"

## ၂၈၇။ အကောင်းပဲပြော

"ဂျူးလီးယက်ဆီဇာအကြောင်း ခင်ဗျား ဘာပြောနိုင် သလဲ"

"သေသွားပြီးတဲ့ လူတစ်ယောက်အကြောင်းကို အကောင်းပဲ ပြောရတယ်လေဗျာ"

## ၂၈၈။ ကာမီကာဇေ

"အခုခေတ်မှာ 'ကာမီကာဇေ'တွေ ရှိသေးသလား"

"ရှိတာပေါ့၊ မော်တော်ဆိုင်ကယ် စီးတဲ့ လူငယ်တွေ လေ"





## ၂၈၉။ ကံကောင်းသူ



"ချစ်ရေးမှာ ကံကောင်းတဲ့ လူ ဘယ်သူလဲ"

"လူပျိုကြီး"

## ၂၉၀။ ရောဂါကြီးသူ

ဆရာဝန်၏ အခန်းရှေ့တွင် လူနာများ တန်းစီစောင့်နေကြသည်။ နောက်ဆုံး ရောက်လာသော လူနာက တန်းကိုကြည့်ပြီး သူနာပြု ဆရာမကို မေးသည်။

"ဒီလူတွေအားလုံး ဆရာဝန်နဲ့ တွေ့ဖို့ စောင့်နေကြတာလားဟင်"

"ဟုတ်တယ်၊ ဒါပေမယ့် ရှင့်ကို ခြွင်းချက်အနေနဲ့ တန်းမစီဘဲ ဝင်ခွင့်ပြုနိုင်ပါတယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် အရင်မလိုပါဘူး"

"ဝင်မှာသာ ဝင်စမ်းပါ၊ ကျွန်မ ရှင့်ဓာတ်မှန်ကို တွေ့ပြီးလို့ ပြောတာရှင့်"



www.burmeseclassic.com

www.burmeseclassic.com



## ၂၉၁။ လုပ်ရမယ့်အာ‌ေုပ်

"ကိုယ့်မိန်းမနဲ့ စကားများကြရာမှာ ကို့ ပဲက အနိုင်ရတယ်ဆိုရင် ဘာလုပ်ရမလဲ"

"ရှင်းရှင်းလေးပဲ၊ သူ့ကို တောင်းပန်လိုက်"

## ၂၉၂။ ပဓာန

"ငွေသာ ပဓာနဆိုတာ အမှန်ပဲလား"

"မဟုတ်ဘူး။ အဲဒီငွေရဲ့ အရေအတွက်သာ ပဓာန"

## ၂၉၃။ အံ့ဩအောင်

"မိန်းမဖြစ်တဲ့သူကို အံ့ဩအောင် ဘာလုပ်ရမလဲ"

"သူ တစ်ချိန်လုံး ပူဆာနေတဲ့ စိန်နားကပ်အစား လက်ကိုင်ပဝါတစ်ထည် ဝယ်ပေးလိုက်"

## ၂၉၄။ မွမ်းကြည့်ပါ

"မိန်းမတစ်ယောက်ရဲ့ ချို့ယွင်းချက် မှန်သမျှကို သိအောင် ဘယ်လိုလုပ်ရမလဲ"

"သူ့ရဲ့အချစ်ဆုံး သူငယ်ချင်းရှေ့မှာ သူ့ကို ချီးမွမ်းကြည့်"





## ၂၉၅။ အန္တရာယ် ပိုရှိသူ



"မိန်းမဟာ ဓားပြထက် ပိုကြောက်စရာကောင်းတယ်လို့ ပြောကြတယ်၊ ဘာကြောင့်လဲ"

"ဓားပြက ပိုက်ဆံအိတ်ကို ပေးမလား။ ဒါမှမဟုတ် ဘဝကို အဆုံးခံမလားလို့ မေးတယ်၊ မိန်းမကတော့ နှစ်ခုစလုံးကို တောင်းဆိုတယ်လေ"

## ၂၉၆။ မိန်းမနဲ့ခေါင်း

"မိန်းမကို ဘာနဲ့ နှိုင်းလို့ ရမလဲ"

"ခေါင်းနဲ့၊ မြုလိုက်ရင် အိုက်တယ်၊ ဖယ်လိုက်ရင် ချမ်းတယ်"

## ၂၉၇။ မရှိတာယူ

"ပညာနဲ့ အသပြာ ဘယ်ဟာကို ယူသင့်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဆီမှာ မလုံလောက်တာကို ယူ"

## ၂၉၈။ သစ္စာ

"ဘယ်လိုအခါမျိုးမှာ မိန်းမတစ်ယောက်ကို ခွေးလို ဆက်ဆံကြသလဲ"

"သူမဆီက သစ္စာစောင့်သိမှုကို လိုချင်တဲ့အခါမှာပေါ့"

## ၂၉၉။ မယားငယ်

"မယားငယ်ဆိုတာ ဘာလဲ"

"အိမ်ခန်းထဲမှာ ထားစရာ နေရာမရှိတဲ့ အဖိုးတန် ပရိဘောဂ"

## ၃၀၀။ အခွင့်အလမ်း အမြတ်မီးရှိတယ်

လူတစ်ယောက်သည် စိတ်ရောဂါကုဆေးရုံတွင် နှစ်အတန်ကြာ ကုသမှုခံယူခဲ့သည်။ တစ်နေ့တွင် ၎င်းအား ဆေးရုံမှ ဆင်းခွင့်ပေးနိုင်ပြီဟု ဆရာဝန်များ ဆုံးဖြတ်လိုက်ကြသည်။ ဆေးရုံအုပ်ကြီးက ၎င်းအား မိမိ၏ ရုံးခန်းသို့ ခေါ်ပြီး ပြောသည်။







"ကိုင်း၊ ခင်ဗျားကို ကျွန်တော်တို့ ဆေးရုံက ဆင်းခွင့် ပေးတော့မယ်။ အပြင်ရောက်ရင် ခင်ဗျား ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ၊ ကျွန်တော့်ကို ပြောပြစမ်းပါ"

"ဟုတ်ကဲ့၊ တကယ့်ဘဝထဲကို ပြန်ရောက်တော့မှာမို့ ကျွန်တော် အင်မတန် ဝမ်းသာပါတယ်။ အရင်က အမှားမျိုးကို ကျွန်တော် ထပ်လုပ်မိလိမ့်မယ်လို့ မထင်ပါဘူး။ အရင်တုန်းက ကျွန်တော်ဟာ ညျူကလီးယား ရူပဗေဒ ပညာရှင်ခင်ဗျ။ လက်နက်ထုတ်တဲ့ ကမ္ဘာမှာ အလုပ်လုပ်ရတော့ အင်မတန် တာဝန်ကြီးတယ်ဆိုတဲ့ အသိက လူကို တစ်ချိန်လုံး ဖိစီးနေခဲ့တယ်။ ကျွန်တော် ဒီကို ရောက်လာခဲ့ရတာကလည်း အဲဒါဟာ အကြောင်းတစ်ခုပဲ။ ကျွန်တော် ဒီက ထွက်ရင်တော့ တာဝန် သိပ်မကြီးတဲ့ သီအိုရီပိုင်းမှာပဲ အလုပ် လုပ်မယ်လို့ စိတ်ကူးပါတယ်"

"ကောင်းပါလေ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ မဟုတ်ရင်လဲ ကျွန်တော် ကျောင်းဆရာ လုပ်မယ်ဗျာ။ ပညာရှင်မျိုးနွယ်ဆက် အသစ်တွေ မွေးထုတ်ပေးရေးမှာ ကိုယ့်ဘဝကို မြှုပ်နှံရတာဟာလည်း စိတ်ဝင်စားစရာ ကောင်းတယ် မဟုတ်လားခင်ဗျ"

"ဟုတ်တာပေါ့ဗျာ"

"အဲ၊ ဒါမှ မဟုတ်ရင်လည်း ကျွန်တော် စာရေးမယ်ဗျာ၊ အခုတလော သိပ္ပံစာပေကို ပရိသတ်က တောင်းဆိုနေတယ် မဟုတ်လား။ ပြီးတော့ ဒီဆေးရုံမှာ ရတဲ့ အတွေ့အကြုံကို အခြေပြုပြီး ဝတ္ထုရေးမယ်ဗျာ။ မကောင်းဘူးလား"

"ကောင်းပါတယ်"

"နောက်ဆုံး စိတ်ကူးထားတာတွေ တစ်ခုမှ အကောင်အထည် မပေါ်မလာဘူးဆိုရင် အရူးတစ်ယောက်လို ဒီဆေးရုံကို ပြန်လာနိုင်တဲ့ အခွင့်အလမ်း ကျွန်တော့်ဆီမှာ အမြဲတမ်း ရှိနေတာပဲ၊ မပူပါဘူး"

## ၃၀၁။ ဒါကြောင့်ပါ

ဆောင်းရာသီဖြစ်သည်။ အနုတ်ဒီဂရီ ၃၀–နီးပါးရှိနေသောကြောင့် မော်စကိုမြို့၏ လမ်းများပေါ်တွင် လူသူမရှိသလောက်ဖြစ်သည်။







ဂေါ်ကီလမ်းမကြီးအတိုင်း ဘတ်စ်ကားတစ်စီး မောင်းလာသည်။ ကားပေါ်တွင် လူငယ်တစ်ယောက်တည်း ခရီးသည်အဖြစ် လိုက်ပါလာသည်။ မှတ်တိုင်တစ်ခုတွင် အဖွားအိုတစ်ဦး တက်လာသည်။ ထိုင်ခုံအလွတ်များကို လှမ်းကြည့်လိုက်ပြီး အဖွားကြီးက လူငယ်ကို ပြောသည်။

"သား။ အဖွားကို နေရာဖယ်ပေးလာကွယ်"

"ဟာ အဖွားကလဲ၊ နေရာလွတ်တွေ အများကြီးပဲဥစ္စာ၊ ကြိုက်တဲ့နေရာမှာ ဝင်ထိုင်လိုက်စမ်းပါ"

"သား ထိုင်ထားတဲ့နေရာက နွေးနေပြီမဟုတ်လားကွယ်၊ ဒါကြောင့်ပါ"

## ၃၀၂။ ရူလိုက်တာ

"ဒီတစ်ရာတန် ဘယ်သူ့ရာတန်လဲ"

"ကျွန်တော့်ရာတန်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား။ ကျွန်တော့ ရာတန်နဲ့ တူလိုက်တာ"

## ၃၀၃။ ငထုံကြီး

"မင့်ခွေးကို ဘာ ဖြစ်လို့ 'ထုံကြီး' လို့ နာမည် ပေးရတာလဲ"

"လမ်းမှာ ဒီကောင့်ကို ခေါ်လိုက်တဲ့အခါ ယောကျ်ား တွေ အတော်များများ လှည့်ကြည့်ကြတာ အရသာ ရှိလွန်းလို့"

## ၃၀၄။ မပေါ်ခဲ့သောအတွေး

ရဟူဒီတရားဟောဆရာထံ ရာဘင်နီဗစ်ချ် ရောက်လာပြီး အကြံဉာဏ် တောင်းသည်။

"ဆရာကြီး၊ ကျွန်တော့သားလေးရဲ့ မွေးနေ့ကို ဘယ်လို ရေးရမလဲဆိုတာ မတွေးတတ်လို့ ကူညီပါဦး။ တစ်နှစ် စောပြီး မွေးတယ်လို့ ရေးလိုက်ရင် တစ်နှစ်စော ပြီး သူ စစ်မှုထမ်းရလိမ့်မယ်။ အဲ တစ်နှစ်နောက်ကျပြီး မွေးတယ်လို့ မွေးစာရင်း ပေးလိုက်မိရင် သူ တစ်နှစ်နောက် ကျပြီးမှ ကျောင်းနေရလိမ့်မယ်။ ဘယ်လို လုပ်ရမလဲဟင်"

"အရှိကို အရှိအတိုင်း တကယ်မွေးတဲ့နေ့ကိုပဲ ရေး လိုက်ပေါ့"





"ဟုတ်ပဲ့၊ ဒီ အတွေး ကျွန်တော့ ခေါင်းထဲ ဘာဖြစ်လို့ မပေါ်ခဲ့ပါလိမ့်"



## ၃၀၅။ ချူချာတို့အကြောင်း

"လျှပ်စီး လက်တာကို မြင် တိုင်း ဘာဖြစ်လို့ ချူချာတွေ ပြုံးကြတာလဲ"

"သူတို့ကို ဓာတ်ပုံရိုက်တယ် ထင်လို့"

## ၃၀၆။ အိပ်ချင်တယ်

အဝေးပြေး ကားလမ်းမကြီးပေါ်တွင် ဖွင့်လှစ်ထားသော တည်းခိုခန်းရှေ့တွင် ကားတစ်စီး ထိုးရပ်လိုက်သည်။ ကားထဲမှ လူတစ်ဦး ထွက်လာပြီး တည်းခိုခန်းရှေ့တွင် ရပ်နေသည့် လူကို လှမ်းမေးလိုက်သည်။

"ဒီတည်းခိုခန်းမှာ တစ်ညတာ ဇိမ်ကျကျ အိပ်လို့ ရမယ်ထင်သလားဗျ"

"ရမယ် ထင်တာပဲ၊ ကြည့်လေ၊ ကျွန်တော် တံခါး

www.burmeseclassic.com

www.burmeseclassic.com

ခေါက်နေတာ နာရီဝက် ရှိပြီ၊ ဘယ်သူမှ နိုးမလာသေးဘူး"

## ၃၀၇။ မကြောက်ပါနဲ့

အီရတ်ကို အမေရိကန်တို့ မကြေညာဘဲ စတင် ပုံးကြဲနေချိန်က ဖြစ်သည်။ ဘဂ္ဂဒတ်သို့ ရုရှားဝန်ကြီးချုပ် ချပ်ပရီမာကော့ အလည် ရောက်လာသည်။ သမ္မတ ဟူစိန်က ၎င်း၏ ပုံးခိုကျင်းကို လိုက်ပြသည်။ ပရီမာကော့က မေးသည်။

"ဒီပုံးခိုကျင်းကို ဘယ်သူ ဆောက်တာလဲ"

ဟူစိန်က ပရီမာကော့ကို နှစ်သိမ့်သည်။

"မစိုးရိမ်ပါနဲ့၊ ရုရှားတွေ မဟုတ်ပါဘူး"

## ၃၀၈။ စာခြောက်ရုပ်

မိတ်ဆွေနှစ်ယောက်ဆုံကြသည်။

"ရာဘင်နိုဗစ်ချ်ဟာ သူ့ရဲ့ ဂျုံခင်းမှာ ဘယ်လို စာခြောက်ရုပ်မျိုးကို စိုက်လိုက်သလဲဆိုတာ ကြားပြီးပြီလား"

"ဟင့်အင်း၊ ဘယ်လို စာခြောက်ရုပ်လဲ"

"အင်မတန် ကြောက်စရာ ကောင်းတဲ့ စာခြောက်ရုပ်၊ ကြောက်စရာ ကောင်းလွန်းလို့ မနှစ်က ဂျုံစေ့တွေကို





ကျီးကန်းတွေ လာပြန်ပို့သတဲ့"



## ၃၀၉။ လိမ္မာတဲ့ကလေးတွေ

အမေဖြစ်သူအလုပ်မှ ပြန်လာသည်။ ၁၀–နှစ်သား၊ ၈–နှစ်သားနှင့် ၆–နှစ်သား သားသုံးယောက်က အမေ့ကို ကြိုကြသည်။ အမေက မေးသည်။

"သားတို့ ဒီနေ့အဖို့ အကျိုးရှိတဲ့အလုပ် ဘာတွေ လုပ်ခဲ့ကြသလဲကွယ်၊ မေမေ့ကို ပြောပြကြပါဦး"

အကြီးကောင်က ပြောသည်။ "ကျွန်တော် ပန်းကန်တွေ ဆေးတယ်"

"အေး၊ လိမ္မာတဲ့ ငါ့သားပါလား၊ ရော့ ချောကလက်"

အလတ်ကောင်က ပြောသည်။ "ဆေးပြီးသား ပန်းကန်တွေကို ကျွန်တော် အဝတ်နဲ့ သုတ်ပါတယ်"

"အေး၊ တော်တယ်၊ ရော့ ဘီစကွတ်"

အငယ်ဆုံးကောင်ကလည်း အားကျမခံ ပြောသည်။

"ကြမ်းပေါ်က ပန်းကန်ကွဲတဲ့ အစအနတွေကို

www.burmeseclassic.com

www.burmeseclassic.com



သားလိုက်ကောက်ပြီး အမှိုက်ပုံးထဲ သွားပစ်လိုက်တယ် မေမေ"

## ၁၁၀။ မေးမှ သိမှာပေါ့

ငါးမျှားထွက်ရာတွင် အဖေဖြစ်သူက ငါးနှစ်အရွယ် သားငယ်ကို ခေါ်သွားသည်။ လှေပေါ်တွင် နှစ်ယောက်သား ထိုင်နေကြသည်။ ရက်တရက် ပတ်ဝန်းကျင်တစ်ခုလုံးကို ချာတိတ်လေး- စိတ်ဝင်စားလာသည်။ သို့နှင့် အဖေကို မေးသည်။

"ဒီလှေဟာ ဘယ်လိုလုပ်ပြီး ရေထဲ ကူးနေတာလဲဟင်"

ငါးထွက်မည့်အချိန်ကို အာရုံစိုက်နေသော အဖေက ပြန်ပြောသည်။

"စောင့်ဦးသားရယ်၊ အဖေ မဖြေအားသေးဘူးကွယ်"

ခဏအကြာတွင် ချာတိတ်က မေးပြန်သည်။

"ငါးတွေ ရေထဲမှာ အသက် ဘယ်လို ရှူသလဲဟင်"

"အဖေ မဖြေအားသေးဘူး သားရယ်"

နောက်မိနစ် အနည်းငယ် ကြာသွားသည်။

"ဖေဖေ၊ ဘာဖြစ်လို့ ကောင်းကင်ကြီးဟာ ပြာနေရတာလဲဟင်"

"နေဦးသားရယ်၊ ဖေဖေ မဖြေအားသေးဘူးကွယ်"



မိနစ်အနည်းငယ် ကြာသွားပြန်သည်။



"ကျွန်တော် မေးခွန်းတွေ မေးမိတဲ့အတွက် ဖေဖေ ကျွန်တော့်ကို စိတ်မဆိုးဘူး မဟုတ်လား ဟင်"

"စိတ်မဆိုးပါဘူး သားရယ်၊ မေးမှ သိမှာပေါ့ကွယ့်"

## ၁၁၁။ အိပ်မက်ထဲက လူမျိုးခြား

မိန်းမက ယောက်ျားကို နှိုးပြီး ပြောသည်။

"ရှင် ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့ အသံဆိုးနဲ့ အော်ရတာလဲ"

"ခင်မာလာ ရေနစ်တယ်လို့ အိပ်မက်လို့"

"ဘယ်က ခင်မာလာလဲ"

"မင်း မသိပါဘူး။ သူနဲ့ငါ အိပ်မက်ထဲမှာ အသိ ဖြစ်သွားကြတာကွ"

www.burmeseclassic.com

www.burmeseclassic.com


## ၃၁၂။ ကားဆရာ

ခွေးက မောင်းပြီး လူက ခရီးသည်အဖြစ် လိုက်ပါလာသော မော်တော်ကားကို ယာဉ်ထိန်းရဲက တားလိုက်သည်။ ရဲက ပြောသည်။

"ဟေ့လူ၊ ခင်ဗျား ရူးနေသလား။ ခွေးကို ကား မောင်းခိုင်းရတယ်လို့ဗျာ"

ခရီးသည်က ဆင်ခြေပေးသည်။

"ကျွန်တော်နဲ့ ဘာမှ မဆိုင်ဘူးခင်ဗျ။ လွန်ခဲ့တဲ့ မိနစ်ပိုင်းလေးကမှ ကားကို တားပြီး ကျွန်တော် လမ်းကြုံ လိုက်လာတာပါ"

## ၃၁၃။ မီးတစ်တို့ဈေး

လူသတ်မှုတွင်ပါဝင်ခဲ့ကြသူ အမေရိကန်၊ အိုင်ယာလန်သားနှင့် ရုရှားတို့ သုံးဦးကို တစ်ဦးစီသီးခြား တိုက်ပိတ်ကာ ထောင်ဒဏ်နှစ် ၂၀–ကျခံစေဟု တရားရုံးက စီရင်ချက်ချသည်။ သို့သော် အသတ်ခံရသူကိုယ်တိုင် လူကောင်း မဟုတ်ခဲ့သဖြင့် လူသတ်တရားခံသုံးဦးကို သင့်တင့်လျောက်ပတ်သော အတိုင်းအတာဖြင့် မိမိလိုရာကို ယူသွားခွင့်ပြုသည်။





အမေရိကန်သားက မိမိ၏မယားကို ခေါ်သွားသည်။ အိုင် ယာလန်သားက နှစ် ၂၀–စာ ဝီစကီပုလင်းများ ယူသွားသည်။ ရုရှားမှ ဒဓတွေ အထူး စဉ်းစားမနေဘဲ နှစ် ၂၀–စာ သောက်စရာ စီးကရက်များကို တောင်းသွားသည်။

နှစ် ၂၀–ပြည့် သည်။ အားလုံးကို ပြန်လွှတ်ပေးသည်။

အမေရိကန်သားသည် ကလေးသုံးယောက်ကို လက်ဆွဲကာ ဇနီးနှင့်အတူ ပြုံးရွှင်စွာ ထွက်လာသည်။ အိုင်ယာလန်သား ထွက်ဖို့ ငြင်းသည်။ မိမိနှင့်အတူ အရက်သောက်ရန် ဖိတ်ခေါ်သည်။

ရုရှား၏ တိုက်ခန်းကို ဖွင့်လိုက်သည်။ ၎င်းကို ထိုင်လျက်သား တွေ့ကြရသည်။ သိသိသာသာ ပိန်ချုံးနေသည်။ တော်တော်လည်း အိုစာသွားသည်။ စီးကရက်ဘူးများကို လက်ရာခြေရာ မပျက် မြင်ရသည်။ ၎င်းက အသံတိုးတိုးလေးဖြင့် ပြောသည်။

"မီးခြစ်ပါရင် မီးညှိပါရစေဗျာ"


www.burmeseclassic.com

www.burmeseclassic.com



## ၁၁၄။ အလွန်အကျွံသည်းခံခြင်း

"အလွန်အကျွံ သည်းခံခြင်းဆိုတာ ဘာလဲ

"ဗော်ဒကာတစ်ပုလင်းကို ဝယ်လိုက်တယ် ဖန်ခွက် အပြည့် ထည့်လိုက်တယ်။ အဲဒီနောက် မိန်းမအလုပ်က ပြန်လာပြီး အမြည်းပြင်ပေးမယ့်အထိ စားပွဲမှာ ပုလင်းနဲ့ ခွက်ကို ရှေ့ထားပြီး ထိုင်စောင့်တာကို ပြောတာ"

## ၁၁၅။ ဉာဏ်ကြီးရှင်

အမေရိကန်နိုင်ငံ၊ နယူးဂျာစီပြည်နယ်ကိုဖြတ်၍ လေယာဉ်ငယ်တစ်စင်း ပျံသန်းလာသည်။ လေယာဉ်ပေါ်တွင် ပိုင်းလော့၊ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ရိုနယ်လ်ဒို၊ 'ကွန်ပြူတာဘုရင်' ဘီလ်ဂိတ်စ်(BILL GATES) ဒလိုင်လားမားနှင့် ဟစ်ပီလူငယ်တို့ လိုက်ပါလာကြသည်။

ရုတ်တရက် လေယာဉ်အမြီးပိုင်းမှ ပေါက်ကွဲသံတစ်ခုကို ကြားလိုက်ရပြီး လေယာဉ်အတွင်းသို့ မီးခိုးများ လှိမ့်ဝင်လာသည်။ လေယာဉ်မောင်းသည့် အခန်းမှ ပိုင်းလော့ ပြေးထွက်လာပြီး ပြောသည်။

"ကိုင်း၊ လူကြီးမင်းတို့ ကျွန်တော့်ဆီမှာ မကောင်းတဲ့ သတင်းနဲ့ ကောင်းတဲ့သတင်းနှစ်ခု ရှိတယ်။ မကောင်းတဲ့







သတင်းကတော့ ကျုပ်တို့ လေယာဉ် မိနစ်ပိုင်းအတွင်း ပျက်ကျလိမ့်မယ်။ ကောင်းတဲ့သတင်းကတော့ လေယာဉ်ပေါ်မှာ လေထီးလေးခု ရှိတယ်။ တစ်ခုဟာ ကျွန်တော့်အတွက်"

ဤသို့ ပြောပြီး လေထီးနှင့် ၎င်း ခုန်ဆင်းသွားသည်။

ရိုနယ်လ်ဒို နေရာမှ ထသည်။

"သိကြတဲ့အတိုင်း ကျွန်တော်ဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား။ ကျွန်တော်လို လူမျိုးကို ကမ္ဘာကြီးက မဆုံးရှုံးသင့်ဘူး။ ဒါကြောင့် ကျွန်တော် လေထီးတစ်ခု ရသင့်တယ်"

ဤသို့ ပြောပြီး ရိုနယ်လ်ဒို လေထီးဖြင့်ခုန် ဆင်းသွားသည်။

ဘီလ်ဂိတ်စ် နေရာမှ ထသည်။

"မိတ်ဆွေတို့ ကျွန်တော်ဟာ ကမ္ဘာပေါ်မှာ ဉာဏ်အထက်ဆုံး၊ ကမ္ဘာကြီးဟာ ကျွန်တော့်လို ဉာဏ်ထက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေကို လိုအပ်တယ်။ ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်ဟာ လေထီးတစ်စုံ ရသင့်ပါတယ်"

ပြောပြီးပြီးချင်း လေထီးအိတ်ကို ဆွဲကာ အောက်သို့ ခုန်ဆင်းသွားသည်။

ဒလိုင်လားမားနှင့် ဟစ်ပီလူငယ်တို့ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကြည့်လိုက်ကြသည်။ နောက်ဆုံးတွင် တိဘက်ဘုန်းတော်ကြီးက ပြောသည်။

"ငါကိုယ်တော်မြတ်ဟာ အကျိုးရှိတဲ့ ဘဝကို ဖြတ်သန်းခဲ့ရတယ်။ သစ္စာလေးပါး မြတ်တရားကိုလည်း သိခွင့်ရခဲ့တယ်။ ဒါကြောင့် ဘုန်းကြီးအနေနဲ့ သေပျော်ပါပြီ။ ငါ့သားကတော့ အသက်ငယ်သေးတယ်။ ရှေ့မှာ လူလုပ်စရာတွေ အများကြီး။ ကိုင်း ... ကျန်တဲ့လေထီးကို ယူပြီး ခုန်ဆင်းပေတော့"

ဟစ်ပီလူငယ် ဖြည်းဖြည်းချင်း ပြုံးလိုက်ပြီး ပြောသည်။

"ဟဲဟဲ၊ မစိုးရိမ်ပါနဲ့၊ အားလုံး အိုကေပါတယ်။ သူ့ကိုယ်သူ ဦးနှောက်အကောင်းဆုံးလို့ ကြွားတဲ့ 'ဉာဏ်ကြီးရှင်' ဟာ ကျွန်တော့်ရဲ့ ကျောပိုးအိတ်ကို မှားကောက်ပြီး အောက်ကို ခုန်ဆင်းသွားတာပါ"





## ၃၁၆။ တတိယယောကျ်ား



"ရှင်ဟာ ကျွန်မရဲ့ တတိယယောကျ်ားနဲ့ သိပ်တူတာပဲ"

"ဟုတ်လား၊ ဒါနဲ့ ခင်ဗျား ယောကျ်ား ဘယ်နှစ်ယောက် ရခဲ့ဖူးသလဲ"

"အခုအထိ နှစ်ယောက်"

## ၃၁၇။ ကြောင်ကျန်သည်

လူကြီးတစ်ယောက် ရှေးဟောင်းပစ္စည်းများ အရောင်းဆိုင်ထဲ ဝင်လာပြီး ပြထားသည့် ပစ္စည်းများကို စိတ်မပါ့တပါ လိုက်ကြည့်သည်။ ထို့နောက် ဆိုင်ထဲမှ ထွက်မည်ပြုသည်။ ရုတ်တရက် ဆိုင်၏ထွက်ပေါက်တွင် ကြောင်တစ်ကောင် နွားနို့သောက်နေသည်ကို တွေ့ရသည်။ နွားနို့ ထည့်ထားသော မြေပန်းကန်ကိုကြည့်ပြီး လူကြီး၏ မျက်လုံးများ ပြူးကျယ်လာသည်။ ၇–ရာစုက မြေပန်းကန် ဖြစ်နေသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲသို့ လူကြီး ပြန်ဝင်ပြီး ဈေးရောင်းသူကို ပြောသည်။

"ကျွန်တော်ဟာ တစ်ကိုယ်တည်းသမားပါ။ မိတ်ဆွေ အပေါင်းအသင်းလည်း မရှိပါဘူး။ အခု ခင်ဗျားရဲ့ကြောင်ကို မြင်တော့ ဘယ်လို ဖြစ်သွားနဲ့ မသိဘူး။ ဒင်းကို အဖော်လုပ်ချင်စိတ် ပေါ်လာတယ်။ ကျွန်တော့်ကို ပေးပါလားဗျာ"

"ပေးလို့ မဖြစ်ဘူး။ ကျွန်တော့် ကလေးတွေ သူ့ကို သိပ်ချစ်ကြတာဗျ"

"ကျွန်တော်က အဖော်မဲ့သူမို့ပါဗျာ၊ ကျွန်တော့်ကို ပေးပါ၊ ကျွန်တော် ဆယ်ဒေါ်လာပေးပါ့မယ်"

"ဟင့်အင်း၊ ဟင့်အင်း။ ဒီကြောင်ကို ကျွန်တော် မရောင်းဘူးဗျာ"

နောက်ဆုံးတွင် ဒေါ်လာ ၂၀၀-နှင့် ဈေးတည့်သွားသည်။ ကြောင်ကို ပိုက်ကာ ဆိုင်မှထွက်မည်အလုပ်တွင် နောက်ပြန်လှည့်ပြီး ဈေးရောင်းသူကို လူကြီးက ပြောသည်။

"ဒါနဲ့ ဒီပန်းကန်ကနေ နို့သောက်တာ ကြောင် အကျင့်ပါနေပြီ ထင်တယ်။ ပန်းကန်ကို တစ်ပါတည်း ပေးလိုက်ပါလားဗျာ"

"ဆောရီးပဲ၊ မပေးနိုင်ပါဘူး"

"ကျွန်တော် ဆယ်ဒေါ်လာပေးပါ့မယ်"

"ပြောပဲ ပြောရက်တယ်၊ ဒီမြေပန်းကန်က ၇-ရာစု





က ပန်းကန်ဗျ။ အဟောင်း ဟောင်း၊ ဒီလို နည်းနဲ့ ကျွန်တော် ကြောင်တွေ ရောင်းတာ အခု မိတ်ဆွေနဲ့ ပါဆိုရင် ၈၅-ကောင် ရှိပြီ"



## ၃၁၈။ သီသွားမှာစိုးတယ်

ဂျူးဘာသာရေး တရားဟောဆရာနှင့် ခရစ်ယာန်ဘုန်းကြီး တို့နှစ်ဦးသား ရေကန်အနားတွင် အပန်းဖြေ လမ်းလျှောက်နေကြသည်။ ကြည်လင်သော ရေကိုကြည့်ပြီး ဂျူးဘာသာရေး တရားဟောဆရာက ပြောသည်။

"ရေဆင်းကူးကြရအောင်လား"

"ကူးချင်ပါရဲ့၊ ဒါပေမယ့် ကျုပ်ဆီမှာ ရေကူးဘောင်းဘီ ပါမလာဘူးဗျ"

"ဘာဖြစ်သေးလဲ၊ အနားမှာ ဘယ်သူရှိတာ မှတ်လို့၊ မိမွေးတိုင်း ဖမွေးတိုင်း ဆင်းကူးကြတာပေါ့"

နှစ်ယောက်သား ဆင်းကူးကြသည်။ ဤအချိန်တွင် လူ



www.burmeseclassic.com

www.burmeseclassic.com



လက်ပိုင်းအရွယ် အမျိုးသမီးကြီးများကို အပြည့်တင်ထားသော ကားတစ်စီး ကန်အနားတွင် ထိုးရပ်လိုက်သည်။ တရားဆရာနှင့် ခရစ်ယာန်ဘုန်းကြီးတို့ ကသောကမြော ကမ်းပေါ်ပြေးတက်သည်။ အဝတ်အစားကို ကောက်ပြီး ချုံရှိရာ ဘက်ပြေးသည်။ ခရစ်ယာန်ဘုန်းကြီးက ခါးကို မိုးကာအင်္ကျီနှင့် ပတ်ပြီး ပြေးသည်။ တရားဟောဆရာကမူ မိမိ၏ ဝတ်ရုံကို ခေါင်းစွပ်လိုက်ပြီး ပြေးသည်။

ချုံပုတ်၏နောက်ကွယ်တွင် အသက်ကို အနိုင်နိုင်ရှူရင်း ဘုန်းကြီးက ပြောသည်။

"ဘယ်သူမှ ကျုပ်တို့ကို သတိမထားလိုက်မိဘူး ထင်ပါရဲ့၊ ဒါနဲ့ မသိလို့ မေးရဦးမယ်၊ ခင်ဗျားရဲ့ အဝတ်အစား နဲ့ ခေါင်းကို ဘာဖြစ်လို့ ဖုံးရတာလဲဗျ"

"ကျုပ်ရဲ့မျက်နှာကို သူတို့မြင်သွားရင် ကျုပ် ဘယ်သူလဲဆိုတာ သူတို့အားလုံး သိကြတယ်ဗျ။ အဲဒါကြောင့်"

## ၃၁၉။ အကြံပေးပါရစေ

"မိတ်ဆွေ၏စကားကို မိန်းမဖြစ်သူ တစ်လုံးမကျန် နားထောင်စေလိုလျှင် အိပ်မက်ထဲမှာ စကားပြောတတ်အောင် ကျင့်ပါ"





## ၃၂၀။ လိုင်စင်ပြန်ပေး



တစ်နာရီလျှင် ကီလိုမီတာ ၄၀-ထက် ပို မမောင်းရဟု သတိပေး ထားသည့် ဆိုင်းဘုတ် အနားတွင် ယာဉ်ထိန်းရဲ ရပ်နေသည်။

"မော်စကိုဗစ်ချ်"

ကားဟောင်းတစ်စီး ဖြတ်မောင်းလာသည်။ တစ်နာရီလျှင် ၄၁-ကီလိုမီတာနှုန်းလောက် ရှိမည်။ ယာဉ်ထိန်းရဲက ဝီစီမှုတ်ပြီး ကားရပ်ခိုင်းလိုက်သည်။ ကားထဲမှ ဒရိုင်ဘာ အဖိုးကြီး ထွက်လာသည်။

"သတ်မှတ်နှုန်းထက် ပိုပြီး ကားကို မောင်းတဲ့အတွက် အရေးယူရပါလိမ့်မယ်၊ ဒဏ်ငွေဆောင်မလား၊ လိုင်စင် အသိမ်းခံမလား"

"အန်ကယ့်ဆီမှာ ပိုက်ဆံမပါဘူး"

"အဲဒါဆိုရင် ကားမောင်းလိုင်စင်ကို သိမ်းရပါလိမ့်မယ်"

ဤအချိန်တွင် နောက်ဆုံးပေါ် မာစီးဒီးကားကြီး ဖြတ်မောင်းလာသည်။ ယာဉ်ထိန်းရဲ ဝီစီမှုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com


မာစီးဒီးကား ရပ်လိုက်သည်။ ကားထဲမှ ဗလကြီး ထွက်လာသည်။ ယာဉ်ထိန်းရဲဘက် လျှောက်လာ ရင်း အသံမာမာဖြင့် လှမ်းမေးသည်။

“ဝီစီမှုတ်တာ ဘယ်သူလဲဟေ့”

ယာဉ်ထိန်းရဲ ဘာမှ မပြောဘဲ ငြိမ်နေသည်။

အဖိုးကြီး ရဲကို ပြောသည်။

“ဟေ့၊ ငါ့လိုင်စင်ကို ပြန်ပေး။ မပေးရင် ဘယ်သူ ဝီစီမှုတ်သလဲဆိုတာ ငါ ပြောလိုက်မယ်”

## ၃၂၁။ လန်းဆန်းတဲ့မျက်နှာ

ရိုးသမားနှစ်ယောက် မိတ်ဆွေ၏ အသုဘကို လိုက်ပို့ကြသည်။ အလောင်းကို ကြည့်ရင်း တစ်ယောက်က ပြောသည်။

“သေတယ်သာ ဆိုရတယ်၊ သူ့မျက်နှာက တော်တော်လေး လန်းနေသေးတာပဲ”

“သူ အရက်မသောက်တာ ၂-ရက်ရှိပြီကိုးကွ”

## ၃၂၂။ မစိုးရိမ်ပါနဲ့

သေနတ်ကိုင်လူဆိုးတစ်ဦး ဘဏ်ကို ဝင်ပြီး အနုကြမ်း စီးသည်။ ငွေကိုင်စာရေးမသည် တုန်တုန်ရင်ရင်ဖြင့် ငွေများကို ထုတ်ပေးသည်။



“ရော့၊ ဒါ ရှိသမျှ ပိုက်ဆံအားလုံးပဲ၊ ရှင့် သေနတ်ပြောင်းကို ကျွန်မဘက် လှည့်မထားပါနဲ့ရှင်၊ ရင်တုန်လွန်းလို့ပါ၊ မတော်တဆ ကျည်ဆံ ထွက်သွားမှဖြင့်”

“စိတ်မပူစမ်းပါနဲ့၊ ကျည်ဆံ မပါပါဘူး”

## ၃၂၃။ ရော်ဘင်ဟု

“ရော်ဘင်ဟုဟာ ဘာဖြစ်လို့ လူချမ်းသာတွေကိုပဲ လုယက်ရတာလဲ”

“ဆင်းရဲသားဆီက တစ်ပြားမှ မရနိုင်ဘူးဆိုတာ သူ သိလို့ပေါ့”

## ၃၂၄။ အဓိကအကျဆုံး

လူသားကို ဘုရားသခင် ဖန်ဆင်းလိုက်သောအခါ မည်သူ



www.burmeseclassic.com

www.burmeseclassic.com



အမိက အကျဆုံးဖြစ်သနည်း၊ ဆိုသည်နှင့် ပတ်သက်၍ ကိုယ်ခန္ဓာအစိတ်အပိုင်းများ အချင်းချင်း အငြင်းပွားကြသည်။

ဦးနှောက်က စ ပြောသည်။

"လူ့ခန္ဓာကိုယ် အင်္ဂါအပိုင်း အားလုံး ကို ကျုပ်ကပဲ ထိန်း ကျောင်းပေးရတယ်၊ ဒါကြောင့် ကျုပ်သာ အမိက အကျဆုံး"

ခြေထောက်များက ဤသို့ ဆိုသည်။

"လူသွားချင်တဲ့နေရာကို ကျုပ်တို့ကပဲ သယ်ဆောင်ပေးရတယ်၊ ဒါကြောင့် ကျုပ်တို့သာ အမိက အကျဆုံး"

အစာအိမ်က ကန့်ကွက်သည်။

"လူစားတဲ့ အစာတွေကို ကျုပ်က မကျေချက်ပေးရင် လူ အသက် မရှင်နိုင်ဘူး၊ ဒါကြောင့် ကျုပ်သာ အခရာဗျ"

မျက်လုံးများ စောဒကတက်သည်။

"မျက်လုံးမရှိရင် လူဟာ အကာအကွယ်မဲ့တဲ့ သတ္တဝါပဲ၊ ဒါကြောင့် ငါတို့သာ အမိက"

တစ်ချိန်လုံး ဘာမှ မပြောဘဲ နားထောင်နေသော စအိုကလည်း မိမိ၏အယူအဆကို တင်ပြသည်။ ၎င်းပြောသည်ကို နားထောင်ပြီး အားလုံး ဝိုင်းဟားကြသည်။ ၎င်းအကြီးအကျယ် စိတ်ဆိုးသွားသည်။ သို့နှင့် တစ်ခွန်းမှ ဆက်မပြောတော့ဘဲ အလုံပိတ်ပြီး နေလိုက်သည်။







ရက်အနည်းငယ်ကြာသွားသည်။

ဦးနှောက်သည် လန်းဆန်းမှု မရှိတော့၊ ထုံထုံထိုင်းထိုင်း ဖြစ်နေသည်။

ခြေထောက်များလည်း မနိုင်တော့ဘဲ ယိုင်ချင်သလို ဖြစ်လာသည်။

အစာအိမ်လည်း မအီမလည် ဖြစ်လာသည်။

မျက်လုံးများ ကြည်လင်ခြင်း မရှိတော့၊ မြင်သမျှ ဝိုးတိုးဝါးတား ဖြစ်လာသည်။

ကိုင်း။ ဘယ်သူ အမိကအကျဆုံးလဲ။

## ၃၂၅။ ဖြစ်ချင်တဲ့အရာ

"ကြီးလာရင် ဘာဖြစ်ချင်သလဲ" ဆိုသည့် မေးခွန်းကို အတန်းပိုင် ဆရာမက ကလေးများကို မေးသည်။

"မောင်ပီတာ၊ မင်း ကြီးလာရင် ဘာဖြစ်ချင်သလဲကွယ့်"

"အမေရိကန်သမ္မတ"

"နာတာရှာလေးကကောကွယ်"



www.burmeseclassic.com

www.burmeseclassic.com



နာတာရှာ မဖြေနိုင်မီ ပီတာလေး ဝင်ဖြေသည်။

"မိုနီကာလီဝင်းစကီး"

## ၃၂၆။ ဗိတ်စာ

ဘာကင်ဟမ် နန်းတော်တွင်ပြုလုပ်မည့် ဘုရင်မကြီး၏ ညစ်ခံပွဲအတွက် ဖိတ်ကြားစာ ရုရှားသံအမတ်ကြီးထံ ရောက်လာသည်။ ဖိတ်စာ၏ အောက်နားတွင် ယက်ရေးသေးသေးဖြင့် အောက်ပါအတိုင်း ရေးထားသည်။

"ဇီစကီခွက်ထဲက ရေခဲတုံးကို လက်နဲ့ နှိုက်မထုတ်ပါနှင့်၊ ဗော့ဒ်ကာ ထပ်ဖြည့်လိုက်ပါ"

## ၃၂၇။ ဆရာဝန်ဆီမှာ

"ခင်ဗျာ။ အတော်လေး ချောင်းဆိုးနေတာပဲ၊ ဆေးလိပ်နဲ့ အရက်ကို ဖြတ်ရမယ်ဗျ"

"ဘာလဲ ဒေါက်တာ၊ ကျွန်တော် ချောင်းပဲဆိုးရမှာလားဗျ ဟင်"

(ကွန်မြူနစ်စနစ်နှင့် ၎င်းကို ကိုယ်စားပြုသူများအပေါ် သာမန်ဆိုဗီယက် ပြည်သူတို့၏ သဘောထားနှင့် ၎င်းတို့၏ ခံစားချက်များအား ဟာသအသွင်ဖြင့် ထုတ်ဖော် ဆင်ဟပ်ထားသည်များကို ယခင်အုပ်များ၌ တွေ့ခဲ့ကြပြီး ဖြစ်ပါသည်၊ ကျန်ရှိနေသေးသည်တို့ကို ထပ်မံ တင်ဆက်လိုက်ပါသည်၊)



## ၃၂၈။ သနားမိတယ်

ဘိုလ်ရှီဗစ် (ကွန်မြူနစ်)အဖိုးကြီးတစ်ယောက်က ၎င်း၏ မိတ်ဆွေကို ပြောသည်။

"ခင်ဗျားတို့ ကျွန်တော်တို့တော့ ကွန်မြူနစ်စနစ်ရောက်တဲ့အထိ အသက်ရှင်မယ် မထင်ဘူး။ အင်း ခလေးတွေကိုတော့ သနားမိတယ်ဗျာ"

## ၃၂၉။ ဆိုရှယ်လစ်စနစ်

"ဆာဟာရသဲကန္တာရမှာ ဆိုရှယ်လစ်စနစ်ကို တည်

www.burmeseclassic.com



ဆောက်ရင် ဘာဖြစ်မလဲ"

"သဲတွေ တဖြည်းဖြည်း ရှားကုန်မှာပေါ့"

## ၃၃၀။ ကတိမတည်ပါလား

"ခေါင်းဆောင် တွေ ကတိပေးထားတဲ့ အတိုင်း ၁၉၈၀–ခုနှစ်ရောက်ရင် ဆိုဗီယက် ပြည်ထောင်စုမှာ ကွန်မြူနစ်လူ့အဖွဲ့အစည်းကို အခြေခံအားဖြင့် တည်ဆောက်ပြီး ဖြစ်မယ်ဆိုတာ အမှန်ပဲလားဟင်"

"ဟင့်အင်း။ အဲဒါ အစား အိုလံပစ်ကစားပွဲ ကျင်းပဖို့ ဆုံးဖြတ်လိုက်တယ်"

(၁၉၈၀–ခုနှစ်တွင် မော်စကို၌ အိုလံပစ်အားကစားပွဲ ကျင်းပခဲ့သည်။)

## ၃၃၁။ ဆိုင်းဘုတ်

အမြောက်တပ်ရှေ့တွင် စိုက်ထူထားသော ဆိုင်းဘုတ်။

"ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် ကွန်မြူနစ်စနစ်ဖြစ်သည်"





## ၃၃၂။ နိုးရိမ်မိတယ်



"ကျေးဇူးပြုပြီး ပြောစမ်းပါ၊ အခု ကျွန်တော်တို့ ကွန်မြူနစ် စနစ်ထဲ ရောက်နေပြီလား၊ ဒါမှမဟုတ် ဒီထက် ဆိုးဦးမလားဗျာဟင်"

## ၃၃၃။ သိပ္ပံပညာ

"ကွန်မြူနစ်ဝါဒကို သိပ္ပံပညာလို့ သတ်မှတ်လို့ ရမလားဟင်"

"မရဘူး။ တကယ်လို့သာ သိပ္ပံပညာဆိုရင် သူ့ကို ခွေးတွေအပေါ်မှာ အရင် စမ်းသပ်ကြည့်မှာပေါ့"

## ၃၃၄။ ခြားနားချက်

"သင်္ချာနဲ့ သိပ္ပံနည်းကျ ကွန်မြူနစ်ဝါဒအကြားမှာ ဘာ ခြားနားချက် ရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သချ်ာမှာ ပေးထားချက် တစ်စုံတစ်ခုကနေ သက်သေ ထုချက် တစ်စုံတစ်ခုကို တောင်းဆိုထားတယ်၊ ဒီပုံနည်းကျ ကွန်မြူနစ်ဝါဒမှာတော့ အကုန်လုံး သက်သေထူပြီးသား၊ ဘာမှလဲ ပေးမထားဘူး"

## ၃၃၅။ သေမှသိမယ်

"ဖွားဖွား၊ လီနင်ဟာ လူကောင်းလားဟင်"

"ဟုတ်တယ် ငါ့မြေး၊ လူကောင်းမှ တကယ့် လူကောင်း"

"ဖွားဖွား၊ စတာလင်က လူဆိုးဆို"

"ဟုတ်တယ် ငါ့မြေး၊ အင်မတန် ဆိုးတဲ့လူဆိုး"

"ကရုးရှက်ကကောဟင်"

"သူ သေတဲ့အခါ ငါတို့ သိကြရမယ် ငါ့မြေး"

## ၃၃၆။ ရှင်းနေတာပဲ

ကရင်မလင်နန်းတော်ရှေ့ ရင်ပြင်နီတွင် လူတစ်ယောက်သည် ဖြတ်သွားသူများအား စာရွက်တွေ ဖြန့်ဝေသည်။ ခဏအကြာတွင် လူအချို့ ၎င်းထံ ပြန်ရောက်လာကြပြီး စာရွက်ဝေနေသူကို ပြောသည်။

"ခင်ဗျား ဝေတဲ့စာရွက်ပေါ်မှာ ဘာမှ မရေးထားပါလားဗျ"

"ဘာ ရေးစရာလိုလဲ၊ ဒီအတိုင်းလဲ ရှင်းနေတာပဲ ဥစ္စာ"





## ၃၃၇။ မြင်သာမြင်ရ



"ကွန်မြူနစ်ခေတ်ရောက်ရင် စားကုန်သောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေကို တယ်လီဖုန်းက တစ်ဆင့်မှာလို့ ရမယ်ဆိုတာ အမှန်ပဲလားဟင်"

"ဟုတ်တယ်၊ ဒါပေမယ့် အဲဒီပစ္စည်းတွေကို ရုပ်မြင်သံကြားက တစ်ဆင့် ထုတ်ပေးမယ်"

## ၃၃၈။ ခွင့်မပြုဘူး

ဇိမ်ခန်း ဖွင့်ပွဲအခန်းအနားသို့ ဆိုဗီယက်ခေါင်းဆောင် ကရုးရှက် တက်ရောက်လာသည်။ ဖဲကြိုးကို ဖြတ်ပေးပြီးသည့်အခါတွင် မစ္စတာ ကရုးရှက်သည် မိန်းကလေးတို့နှင့် ရယ်ရယ်မောမော စကားပြောသည်။ ကောင်မလေးတစ်ယောက်ကို မနှာတနာ ပါး လိမ်ဆွဲပြီး ပြောသည်။

"မင်းဟာ အင်မတန်ချောတဲ့ ကောင်မလေးပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်ပါတီထဲ ဝင်မလား ပြော၊ ငါ ထောက်ခံစာ ရေးပေးမယ်"

"မဖြစ်ပါဘူးရှင်၊ ဒီမှာ အလုပ်လုပ်ဖို့တောင် မေမေက မလွှတ်ချင်ဘူးရှင့်"

## ၃၃၉။ သွားသင့်တဲ့နေရာ

မော်စကိုနိုင်ငံတော် တက္ကသိုလ်သို့ တက်ခွင့်ရရန် လျှောက်ထားသူများကို သမိုင်းဘာသာရပ်နှင့် ပတ်သက်၍ လူတွေ့ စစ်မေးပွဲ ပြုလုပ်သည်။ ပါမောက္ခက ကျောင်းသားကို မေးသည်။

"ဒီနှစ် ၁၉၆၇-ခုနှစ်မှာ တို့တစ်တွေဟာ ရွှေရတုပွဲတစ်ခုကို ဆင်နွှဲ ကျင်းပကြဖို့ ရှိတယ်၊ ဘာရွှေရတုပွဲလဲ"

"ကျွန်တော် မသိပါဘူးခင်ဗျာ"

"ဟာ၊ မင်း ရေဒီယို နားမထောင်ဘူးလား။ သတင်းစာ မဖတ်ဘူးလား"

"ကျွန်တော်နေတဲ့ ရွာမှာ သတင်းစာရော၊ ရေဒီယိုပါ မရှိပါဘူး ခင်ဗျာ"

စစ်မေးရေးအဖွဲ့ခေါင်းဆောင် ပါမောက္ခက အဖွဲ့ဝင်ဖြစ်သူကထိကကို တိုးတိုးလေး ကပ်ပြောသည်။

"မှတ်မိလား။ ကျွန်တော်နဲ့ ခင်ဗျား တလောကပဲ ဆွေးနွေးကြသေးတယ်လေ၊ ဒီနှစ် နွေရာသီ ကျောင်းပိတ်ရက်မှာ ဘယ်သွားရရင် ကောင်းမလဲလို့"





## ၃၄၀။ စည်းကမ်းချက်

"ဂျူးတစ်ယောက် ပါတီထဲ ဝင်ဖို့အတွက် ဘာလိုသလဲ"

"အာရပ်နှစ်ယောက်ရဲ့ ထောက်ခံစာ"



## ၃၄၁။ ဖွင့်ဆိုချက်

၂၁-ရာစုနှစ်တွင် ထုတ်ဝေသည့် စွယ်စုံကျမ်းမှ ဖွင့်ဆိုချက်။

"ဟစ်တလာ- စတာလင်ခေတ်တွင် ပေါ်ခဲ့သော အာဏာရှင်ကလေး"

## ၃၄၂။ ငါနဲ့တူတာ ဇမ္ဗူမှာ မရှိ

ခေါင်းဆောင်ကြီးနှင့် လုံးဝ ခွဲမရအောင် တူသော လူတစ်ယောက် ပေါ်နေကြောင်း ထောက်လှမ်းရေး တာဝန်ခံက စတာလင်အား အစီရင်ခံရာ 'ပစ်သတ်လိုက်'ဟု စတာလင်က အမိန့်ပေးသည်။ အရာရှိက မဝံ့မရဲ ပြန်ပြောသည်။

"သူ့ကို နှုတ်ခမ်းမွေး ရိတ်ခိုင်းလိုက်ရင် မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား ခင်ဗျာ"

"အဲဒီအကြံ ကောင်းတယ်၊ ရိတ်ပြီးရင် ပစ်သတ်လိုက်"

## ၃၄၃။ စောင့်ကြိုနေမယ်

လုပ်ကြံခြင်းခံရသော အမေရိကန်သမ္မတ ကနေဒီ တခြားကမ္ဘာသို့ ရောက်လာ သည်။ တံခါးကို ဖွင့်လိုက်ရာ စတာလင်ကို ပုဆိန်ကိုင်လျက် မြင်သဖြင့် ကြောက်ကြောက်လန့်လန့်ဖြင့် နောက်ပြန်ဆုတ်သည်။ စတာလင်က ပြောသည်။

"မကြောက်ပါနဲ့ကွ၊ မင်းကို ငါ စောင့်နေတာ မဟုတ်ဘူး"

## ၃၄၄။ နောက်ကျနေပါလား

ရာဘင်နိုဗစ်ချ်ကို အိမ်ရှင် အမေရိကန်က အဖိုးတန် ငါးဥအမည်း (Black Cavier) ဖြင့် ကျွေးမွေး ဧည့်ခံရာ ရာဘင်နိုဗစ်ချ်က ပြောသည်။

"ဘုရား ဘုရား၊ ခင်ဗျားတို့ အမေရိကန်တွေ ကျုပ်တို့နောက် အများကြီး ကျန်ရစ်ခဲ့ပါလား၊ ဒီငါးဥမျိုးကို လွန်ခဲ့တဲ့ နှစ် ၅၀-က ကျုပ်တို့ စားခဲ့ရတာဗျ"





## ၃၄၅။ အလယ်အလတ်



"ဒီနှစ်သီးနှံ ထွက်နှုန်း ဘယ်လို ရှိမလဲ"

"အလယ်အလတ်ပဲ ရှိမယ်၊ မနှစ်ကနဲ့စာရင် နိမ့်မယ်၊ ဒါပေမယ့် လာမယ့်နှစ်နဲ့စာရင် ပိုကောင်းမယ်"

## ၃၄၆။ ပဒေသာပင်နေ့

"ဆိုဗီယက်အာဏာ ထူထောင်တဲ့နှစ် ၅၀-ပြည့် အထိမ်းအမှတ်အဖြစ် 'ပဒေသာပင်နေ့' ကျင်းပဖို့ အာဏာပိုင်တွေ ဆုံးဖြတ်လိုက်တယ်ဆိုပဲ၊ နှစ် ၁၀၀-ပြည့်နေ့ကျရင် ဘယ်လို ကျင်းပမလဲ မသိဘူးနော်"

"ပဒေသာပင်နေ့ကို နှစ်ရက်တိတိ ကျင်းပမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



## ၃၄၇။ ဖွံ့ဖြိုးတိုးတက်သော ဆိုရှယ်လစ်စနစ်

(Developed Socialism)

"ဖွံ့ဖြိုး တိုးတက်တဲ့ ဆိုရှယ်လစ်စနစ်ဆိုတာ ဘာလဲ"

"ဖွံ့ဖြိုး တိုးတက်မှု အခက်အခဲကို အခက်အခဲတွေ ဖွံ့ဖြိုး တိုးတက်လာမှုက အစားထိုးလိုက်ခြင်းပဲပေါ့"

## ၃၄၈။ ကမ္ဘာပေါ်မှာပထမဆုံး

အသံချဲ့စက်မှ ကြေညာချက် ထွက်လာသည်။

"လေးစားအပ်တဲ့ ခရီးသည်များ ခင်ဗျာ၊ မိတ်ဆွေတို့ဟာ ကမ္ဘာပေါ်မှာ ပထမဆုံး အကြိမ်အဖြစ် မောင်းသူမဲ့ လေယာဉ်ပေါ်မှာ လိုက်ပါလာကြတာ ဖြစ်ပါတယ်။ လေယာဉ်တစ်ခုလုံးမှာ အလိုအလျောက် စက်ပစ္စည်း ကိရိယာတွေ တပ်ဆင်ထားပါတယ်။ "အဲရိုဖလုတ်" လေယာဉ်ဟာ မော်စကို လီနင်ဂရက် ခရီးစဉ် အတိုင်း ပျံသန်းနေပါတယ်။ အမြင့်ပေ သုံးသောင်းက ပျံသန်းနေပြီး အပြင်မှာ အနုတ်ဒီဂရီ ၅၀-စင်တီဂရိတ် ရှိပါတယ်။ လေယာဉ်ပေါ် တပ်ဆင်ထားတဲ့ အလိုအလျောက် စက်ပစ္စည်း ကရိယာများအားလုံး ပုံမှန် အလုပ်လုပ်နေကြပါတယ်။







"ပုံမှန် အလုပ် လုပ်နေကြ ပါတယ်"

"ပုံမှန် အလုပ် လုပ်နေကြ ပါတယ်"

"ပုံမှန် အလုပ် လုပ်နေကြ ပါတယ်"

"…. အလုပ် လုပ်. . . ."

"…. အလုပ် လုပ်နေကြပါတယ်"

## ၃၄၉။ ခြိမ်းခြောက်မှု

၁၉၈၀-ခုနှစ်၊ မော်စကို အိုလံပစ်ပွဲကို အနောက်နိုင်ငံ အချို့ သပိတ်မှောက်မည်ဟူသော ခြိမ်းခြောက်ချက်နှင့် စပ်လျဉ်း၍ တာ့စ်သတင်းဌာန၏ ကြေညာချက်။

"ကျုပ်တို့ဆီ ခင်ဗျားတို့ မလာရင် ခင်ဗျားတို့ဆီ ကျုပ်တို့ လာမယ်"



www.burmeseclassic.com

www.burmeseclassic.com



## ၃၅၀။ ဆိုရှယ်လစ်သရုပ်မှန်ဝါဒ

"ဆိုရှယ်လစ်သရုပ်မှန်ဝါဒကို ဘာဖြစ်လို့ တီထွင်လိုက်တာလဲ"

"ဆိုရှယ်လစ်စနစ်ရဲ့ သရုပ်သကန်ကို အမှန်အတိုင်း ဖော်ထုတ်မှာ စိုးလို့ပေါ့"

## ၃၅၁။ ဆိုဗီယက်စာရေးဆရာ

ဆိုဗီယက် စာရေးဆရာအသင်း၏ အလုပ်အမှုဆောင်ကော်မတီဝင်၊ ပြည်တွင်း စာပေဆု အမျိုးမျိုးကို ဆွတ်ခူးခဲ့သူ၊ အပျံစားတိုက်ခန်း၊ အနားယူအိမ်နှင့် မော်တော်ကားတို့ကို ပိုင်ဆိုင်သူ ဆိုဗီယက် စာရေးဆရာသည် ရွှေငါးတစ်ကောင်ကို ဖမ်းမိသည်။ ရွှေငါးလေးက မိမိအား လွှတ်ပါရန်နှင့် လွှတ်ပေးပါက စာရေးဆရာကြီး၏ ဆန္ဒတစ်ခုကို ဖြည့်ဆည်းပေးပါမည်ဟု ကတိပေးတောင်းပန်သည်။ 'ဆိုလ်ဇင်နစ်ဇင်'ကို ပြည်နှင်ဒဏ်ပေးရန် ၎င်းဆန္ဒပြုပြီး ငါးကို လွှတ်ပေးလိုက်သည်။

အိမ်ပြန်ရောက်သော် မိန်းမအား ဤအကြောင်းကို ပြောပြသည်။ မိန်းမက စာရေးဆရာကြီးကို ငေါက်သည်။

"ရှင် အင်မတန် အသုံးမကျတဲ့လူ၊ စာရေးတဲ့ အတတ်ပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သူ







ဖြစ်ရပါလို့ဖော်လို့ ဆန္ဒပြုလိုက်တာ မဟုတ်ဘူး"

(ဆိုဗီယက်စနစ်ကို ဆန့်ကျင်မှုကြောင့် ပြည်နှင်ဒဏ်ပေးခံရသော စာပေနိုဘယ်ဆုရှင်)

## ၃၅၂။ အရည်အချင်းသုံးရပ်

"ဘုရားသခင်ဟာ အရည်အချင်း သုံးခုကို ဖန်ဆင်းပေးခဲ့တယ်၊ အဲဒါက ဘာလဲဆိုတော့ ရိုးသားခြင်း၊ အမြော်အမြင်ရှိခြင်းနဲ့ ပါတီဝင်ဖြစ်ခြင်းပဲ။ ဒါပေမယ့် လူတစ်ယောက်ကို အရည်အချင်း နှစ်ခုထက် ပိုပြီး မပေးဘူး။ ဒါကြောင့် လူတစ်ယောက်ဟာ ရိုးလည်း ရိုးသားတယ်၊ အမြော်အမြင်လည်း ရှိတယ်ဆိုရင် သူဟာ ပါတီဝင် မဖြစ်နိုင်တော့ဘူး။ သူဟာ ရိုးသားတယ်၊ ပါတီဝင်လည်း ဖြစ်တယ်ဆိုရင် အမြော်အမြင် ရှိသူ မဟုတ်တော့ဘူး။ အဲ အမြော်အမြင် ရှိတယ်၊ ပါတီဝင်ဖြစ်တယ်ဆိုရင်တော့ သူဟာ ရိုးသားသူ မဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com


## ၃၅၃။ လက်ဦးသူ

(၁၉၆၈–ခုနှစ်က ချက်ကိုစလိုဗေးကီးယား နိုင်ငံတွင်းသို့ ဆိုဗီယက်တပ်များ ဝင်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ထိုစဉ်က ပေါ်ခဲ့သော ဟာသ)

ချက်ကိုစလိုဗေးကီးယား တပ်မတော်အတွင်း ပြုလုပ်သည့် နိုင်ငံရေးသင်တန်းတစ်ခု၌ အရာရှိကြီးက တပ်သားကို မေးသည်။

"နယ်ချဲ့အင်အားစုတွေအကြောင်း မင်း ဘာသိသလဲ၊ သိသမျှ ပြောပြစမ်း"

"နယ်ချဲ့အင်အားစုတွေဟာ ကျွန်တော်တို့ နိုင်ငံကို ဝင်ရောက် သိမ်းပိုက်ဖို့ အမြဲတမ်း ကြံစည် နေကြပါတယ်"

"မှန်တယ်၊ နောက်ထပ် ဘာပြောနိုင်သေးသလဲကွ"

"ဒါပေမယ့် ဆိုဗီယက် ပြည်ထောင်စုက လက်ဦး သွားပါတယ်"

## ၃၅၄။ သိတာကိုး

ချက်ကိုစလိုဗေးကီးယား ကွန်မြူနစ်ပါတီသို့ ဝင်ရန် လျှောက်ထားလိုသူများကို မြို့နယ်ပါတီယူနစ် ကော်မတီရုံး၌ ခေါ်ယူ တွေ့ဆုံသည်။ လျှောက်ထားသူတိုင်းကို မေးခွန်းတစ်ခုတည်း မေးသည်။ ယင်းမှာ ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်အကြား ခြားနားချက် ဘာရှိသနည်းဟူ၍ ဖြစ်သည်။



ပထမလူ = ခြားနားချက်ကို လုံးဝ မသိချေ။ ၎င်းကို ပါတီဝင်အဖြစ် လက်ခံလိုက်သည်။

ဒုတိယလူ = ခြားနားချက်ကို ကောင်းကောင်း မသိချေ။ ၎င်းကို နောက်တစ်နှစ်တွင် ပြန်လာရန် မှာလိုက်သည်။

တတိယလူ = ခြားနားချက်ကို ကောင်းကောင်း သိသည်။ ၎င်းကို ထောင် သုံးနှစ်ချလိုက်သည်။

## ၃၅၅။ မနှမြောပါနဲ့

ပိုလန်အဖိုးကြီးတစ်ယောက်သည် မိမိတွင် ရှိသည့် ဇလိုတီ (ပိုလန်ငွေ)သုံးရာကို နိုင်ငံတော်ဘဏ်တွင် အပ်ထားသင့်, မသင့်နှင့် ပတ်သက်၍ ချီတုံချတုံ ဖြစ်နေသည်။ နောက်ဆုံးတွင် မဝံ့မရဲနှင့် ဘဏ်အုပ်ချုပ်ရေးမှူးကို မေးသည်။

"တကယ်လို့ လူကြီးမင်းတို့ရဲ့ဘဏ် ပျက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ့်လုပ်မလဲ ဟင်"

"မစိုးရိမ်ပါနဲ့၊ အန်ကယ်ရဲ့ ငွေကို ပိုလန်နိုင်ငံတော် တစ်ခုလုံးပိုင် ဓနဥစ္စာနဲ့ အကာအကွယ် ပေးထားပါတယ်"

"ပိုလန်နိုင်ငံ မွဲသွားမယ်ဆိုရင်ကော"

"ဆိုဗီယက်ပြည်ထောင်စု အမျိုးပြုတဲ့ဆိုရှယ်လစ် အုပ်စု တစ်ခုလုံးက ကျွန်တော်တို့ကို အာမခံထားပါတယ် ခင်ဗျ"

"ဆိုဗီယက်ယူနီယံကြီး မွဲပြာကျသွားမယ်ဆိုရင်ကော"

"ဒီအတွက် ငွေသုံးကို နှမြောသလားဗျာ"

## ၃၅၈။ လမ်းမှားခြင်း

(ဗိုရိစထရိုင်ကာ ခေတ်က ဖြစ်သည်။) ဆိုဗီယက် ခေါင်းဆောင် ဂေါ်ဘာချော့ဗ်၏ မိန့်ခွန်းအပြီးတွင် ပါတီညီလာခံ ကိုယ်စားလှယ်တစ်ဦးက အခြားတစ်ဦးကို ပြောသည်။

"ဘယ်လို ဖြစ်တာလဲ၊ အားလုံးရဲ့ ရှေ့က သွားတယ် လည်း ဆိုသေးတယ်၊ တကယ်ကျတော့ သူများနောက် ကျုပ်တို့ ရောက်နေပါလား"

"ရှင်းရှင်းလေးပဲ၊ လမ်းမှားသွားမိလို့ပေါ့ဗျ"





## ၃၅၉။ ယာယီနဲ့ အမြဲတမ်း



မော်စကိုရှိ အော်စတန်ကင်းနို မျှော်စင်မှနေ၍ ကွန်မြူနစ်စနစ် ပေါ်ပေါက်လာမည့်နေ့ကို စောင့်ကြည့်ရန်အတွက် လူတစ်ယောက်ကို အလုပ်ခန့်လိုက်သည်။ လစာမှာ ရူဘယ် ၂၀၀– ဖြစ်သည်။ သို့နှင့် အလုပ်သမားသည် မျှော်စင်မှနေ၍ နေ့စဉ် စောင့် ကြည့်သည်။ ရုတ်တရက် ပဲရစ်ရှိ အီဖယ်မျှော်စင်ပေါ်မှနေ၍ လူတစ်ယောက်သည် တစ်စုံတစ်ခုကို ဂရုတစိုက် ကြည့်နေကြောင်း တွေ့လိုက်ရသည်။ ရုရှားလုပ်သားက ပြင်သစ်က လူကို မေး သည်။

"ခင်ဗျား ဘာကို ကြည့်နေတာလဲဗျ"

"အရင်းရှင်စနစ် ကျဆုံးမယ့်နေ့ကို စောင့်ကြည့်နေ တာပါ"

"ခင်ဗျား လခ ဘယ်လောက်ရလဲ"

"တစ်လကို ဒေါ်လာတစ်သောင်း"

ဤစကားကို ကြားသောအခါ ရုရှားကြီး ဒေါသပုန်ထ တော့သည်။ အလုပ်ချင်း တူပါလျက် အီဖယ်မျှော်စင်မှ ပုဂ္ဂိုလ်ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ထက် လခ အဆပေါင်းများစွာ ပိုရနေကြောင်း၊ လုံး၀ တရားမျှတမှု မရှိကြောင်း၊ အထက်လူကြီးများကို အရေးဆိုသည်။ တာ၀န်ရှိ ပုဂ္ဂိုလ်က ၎င်းကို ဤသို့ ပြန်ဖြေသည်။

"လာပြီး ဂျီကျမနေနဲ့၊ သူက ယာယီအလုပ်သမား။ မင်းက အမြဲတမ်း ခန့်ကွ၊ နားလည်လား"

## ၃၅၈။ မြင်တာနဲ့ သိတယ်

ကေ–ဂျီ–ဘီရုံးသို့ လူတစ်ယောက်ကို ဖမ်းခေါ်လာသည်။

"ပါတီနဲ့အစိုးရကို ဆန့်ကျင်တဲ့ လူဆိုတာ သေချာတယ်"

"သူ ဘာပြောလို့လဲ"

"ဘာမှ မပြောဘူး။ သူက ဆွံ့အ နားမကြား၊ ဒါပေမယ့် သူ တံတွေး ထွေးတဲ့ပုံက ဆန့်ကျင်ရေးသမားဆိုတာ ပေါ်လွင်လွန်းတယ်၊ ဒါကြောင့် ဖမ်းလာတာ"

## ၃၅၉။ လာပါဦး

အန်တီမြက ဧည့်သည်များကို ပြောသည်။

"စားကြပါ၊ သောက်ကြပါ၊ စိတ်ကြိုက် သုံးဆောင်ကြပါ။ အဲ အားနာတတ်တဲ့စိတ် မရှိဘူးဆိုရင် မနက်ဖြန်လည်း လာကြပါဦးနော်"





## ၃၆၀။ ဟန်မဆောင်ပါ

"ဒေါက်တာ၊ ဖျားချင်ယောင် ဆောင်ပြီး ဆေးရုံ တက်နေတဲ့ ကုတင် ၆–က လူနာကို ဆရာ မှတ်မိတယ် မဟုတ်လား"

"မှတ်မိသားပဲ၊ ဘာဖြစ်လို့လဲ"

"သူသေပြီ"

## ၃၆၁။ စဉ်းစားမိသည်မှာ

ကိုချိုချော မိမိ ကလေးများကို ကြည့်သည်။ အားလုံး ညစ်ပတ် ပေရေနေကြသည်။ မိန်းမက မေးသည်။

"ရှင် ကလေးတွေကို ကြည့်ပြီး ဘာတွေ စဉ်းစားနေတာလဲ"





www.burmeseclassic.com

www.burmeseclassic.com



"ဪ၊ ဒီကောင်တွေကို ရေချိုးပေးရမလား၊ ဒါမှ မဟုတ် အာသစ်ရအောင်ပဲ လုပ်ရမလားလို့ စဉ်းစားနေတာပါ"

၀

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


မောင်ကောင်းထိုက် (ရှုပဒေါ်)

လက်ရွေးစင်

# ဟာသပဒေသာ

အမှတ်(၁၂)

BURMESE CLASSIC .com




www.burmeseclassic.com